The Mirror
Established in 1957
၁၉၅၇ ခုနှစ် ... တွင် စတင်တည်ထောင်သည်။
၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်၊ စနေနေ့ (15-2-2014) (၇၇၅၇)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဆားဘီးယားနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၁၅

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် ကျရောက်သော ဆားဘီးယားသမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဆားဘီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ တော်မီစလပ် နီကိုလစီထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

(သတင်းစဉ်)

ဘင်္ဂလားပင်လယ်အော် အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ပြည်သူ့လွှတ်တော်အစည်းအဝေး

အမျိုးသားစီမံကိန်းနှစ်ပတ်လည်အစီအရင်ခံစာကို ဆက်လက်ပြုစု၍ ပြည်သူသို့ နှစ်စဉ်ထုတ်ပြန်ပေးနိုင်ရန် ဆောင်ရွက်မည်ဖြစ်

နေပြည်တော် ဖေဖော်ဝါရီ ၁၄

ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောင်၏ စီမံကိန်းနှစ်ပတ်လည်အစီရင်ခံစာဖြစ်သော ဘဏ္ဍာရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများတင်ပြချက်ကို ပြည်သူများသို့ ထုတ်ပြန်ပေးနိုင်ခြင်းရှိ/ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်လွဲလွဲသိန်းက ၂၀၁၂-၂၀၁၃ ခုနှစ် ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း နှစ်ပတ်လည်အစီရင်ခံစာကိုပြုစု၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✳

အမျိုးသားလွှတ်တော်အစည်းအဝေး

ထိရောက်ဟန့်တားသော ပြစ်ဒဏ်များချမှတ်ခြင်းတို့ကို ဆောင်ရွက်ရန် အမျိုးသားပညာရေးဥပဒေအသစ်ပြဋ္ဌာန်းနိုင်ရန် ရေးဆွဲလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ညဏစိုး၏ **"ဆေးဝါးကျွမ်းကျင် သင်တန်းများ၊ သူနာပြုအကူသင်တန်းများနှင့် International School များကို ကျန်းမာရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ စံနှုန်းများ သတ်မှတ်စိစစ်ပြီး တိကျစွာအရေးယူဆောင်ရွက်ခြင်း၊ ထိရောက်ဟန့်တားသောပြစ်ဒဏ်များ ချမှတ်ခြင်းတို့ကို ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❖

ယနေ့ မာတိကာ

ကောက်တိုဝလေးများ နားခိုရာ — စာမျက်နှာ - ၂
ကမ္ဘာ့ရွာမှာ ပညာရှာရာဝယ် — စာမျက်နှာ - ၆
သီတဂူရွှေဥရာစုသစ် စက္ခုဒါန ဆေးရုံတော်ဖွင့်လှစ် — စာမျက်နှာ - ၉
လူမှုထူးချွန်စာကြည့်တိုက်နှင့် စေတနာမွန်ဆေးခန်း — စာမျက်နှာ - ၁၀
ပြင်သစ်၏ အထင်ကရ ရုပ်ရှင်ဆုဆွတ်ခူးနိုင်ခဲ့သည့် စကားလက်ဂျိုဟန်ဆန် — စာမျက်နှာ - ၁၂

လေးမြို့မြစ်၏ ရှုခင်းတစ်နေရာကို တွေ့ရစဉ်း

ဓညဝတီ၏ အလှအလာကောင်းများ

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ - စေတနာမောင်

ဓညဝတီဟုခေါ်တွင်သော ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံ၏အနောက်ဘက် အစွန်ပိုင်းတွင် တည်ရှိပြီး စတုရန်းမိုင်ပေါင်း ၁၄၂၀၀ ကျယ်ဝန်းသည်။ ရခိုင်၊ ဗမာ၊ ချင်း၊ မြို၊ သက်၊ ခမီ၊ ဒိုင်းနက်၊ မရမာကြီး၊ ကမန် စသော တိုင်းရင်းသားမျိုးနွယ်စုများ အတူတကွပူးပေါင်းနေထိုင်ကြသည့် ပြည်နယ်တစ်ခု ဖြစ်ပါသည်။ ပင်လယ်ကမ်းရိုးတန်းနှင့် ရိုးမတောင်တန်းကြားတွင်တည်ရှိပြီး ပျမ်းမျှအမြင့်ပေ ၃၀၀၀ ရှိသည့် ရခိုင်ရိုးမသည် မြောက်ပိုင်းမှတောင်ပိုင်းသို့ နံမှ့်ဆင်းသွယ်တန်းလျက်ရှိပါသည်။ နတ်မြစ်၊ မေယုမြစ်၊ ကစ္ဆပနဒီမြစ် စသည်တို့နှင့် မအီ၊ တန်းလွဲ၊ တောင်ကုတ်၊ သံတွဲ၊ ကျိန္တလီနှင့် ဂွချောင်းတို့သည် မြောက်ဘက်မှ တောင်ဘက်သို့စီးဆင်းပြီး ဖရုံတာ၊ ရမ်းဗြဲ၊ မာန်အောင်ကျွန်းများနှင့် ကျွန်းငယ်များရှိသည်။

ရခိုင်ဖြည်နယ်သည် တောတောင်ချောင်းမြောင်းပေါ်များသည်အတွက် ခေတ်အဆက်ဆက်တပင် ဆက်သွယ်သွားလာရခက်ခဲသည့် ဒေသတစ်ခုဖြစ်ပါသည်။ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကြောင့် စီးပွားရေးကဏ္ဍတွင် အဓိကအားဖြင့် အားနည်းခဲ့ရပါသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ○

စက်ရေတွင်းများ တူးဖော်ပေးမှုကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်လာ

မလှိုင် ဖေဖော်ဝါရီ ၁၄

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်တွင် စိုက်ပျိုးရေရရှိရေးအတွက် စက်ရေတွင်းများ တူးဖော်ပေးမှုကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ အဆင်ပြေလာပြီး နှမ်းသီးနှံများ ပိုမိုစိုက်ပျိုးလာကြောင်း သိရသည်။

"ကျွန်တော်တို့မြို့နယ်မှာ တိုင်းဒေသကြီးအစိုးရက စက်ရေတွင်းတူးဖို့ လေးလက်မ အဝီစိတွင်းတစ်တွင်းကို ငွေကျပ် သုံးသိန်းနှုန်းထုတ်ချေးပေးပါတယ်"ဟု တောင်သူတစ်ဦးကပြောသည်။

မလှိုင်နယ်မှ တောင်သူအများစုမှာ မိုးရေကိုသာ အဓိက အားထားစိုက်ပျိုးနေရသဖြင့် တစ်နှစ်ပတ်လုံး သီးနှံစိုက်ပျိုးရန်ခက်ခဲသော်လည်း ယခုအခါ ပြည်ထောင်စုနှင့် တိုင်းဒေသကြီးအစိုးရက ကျေးရွာပေါင်း ၈၀ မှ တောင်သူ ၄၅၅ ဦးကို စက်ရေတွင်းပေါင်း ၄၅၅ တွင်း တူးဖော်ပေးခဲ့သဖြင့် စက်ရေတွင်းများ၏ အကျိုးကျေးဇူးကြောင့် ရာသီမရွေးစိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း သိရသည်။

အောင်ဌေး(မလှိုင်)

ကြေးမုံ စာတည်းရှုထောင့် **၁၅-၂-၂၀၁၄၊ စနေနေ့**

ကောက်တိုလေးများ နားခိုရာ

"ကောက်တိုလေးများ"ဟူသည် အကြောင်းအမျိုးမျိုးကြောင့် လမ်းပေါ်တွင် ကြုံရာကျပန်းအလုပ်ကြမ်းလုပ်နေကြရရာသော အသက် (၁၀) နှစ်ဝန်းကျင် အမှီအခိုမဲ့၊ ခိုကိုးရာမဲ့လူငယ်လေးများကို ယဉ်ကျေးသော လူ့အဖွဲ့အစည်းတစ်ရပ်က ချိုးနှိမ်ခေါ်ဝေါ်သုံးစွဲနေသော အမည်နာမတစ်ခု။ ထိုကလေးများတွင် တချို့မှလတန်းပညာ တစ်ပိုင်းတစ်စနှင့်။ တချို့ကား အရေး၊ အဖတ်၊ အတွက်"အသုံးလုံး"တောင် မကျေကြ။ ကျောင်းလုံးဝ မနေခဲ့ကြရသူများလည်းဖြစ်နေကြသည်။

မည်သို့ဆိုစေ ဤကလေးများသည်လည်း နိုင်ငံ၏ အနာဂတ်မျိုးဆက်သစ်များဆိုသည်မှာ ငြင်းမရသော အချက်တစ်ရပ်ဖြစ်သည်။ ယနေ့လူငယ် နောင်ဝယ်လူကြီး ဖြစ်လာကြပြီး အနာဂတ်နိုင်ငံတော်၏ "အား"တစ်ရပ် ဖြစ်လာကြမည်မှာ အမှန်ဖြစ်ပါသည်။ "မခေါ်၍သာ ရမည်၊ မတော်၍ မရ" ဆိုစကားရှိသည်။ မိမိတို့နိုင်ငံသားများ နိုင်ငံ့သားကောင်းရတနာလေးများ ဖြစ်လာအောင်၊ "ရတာ နာ"သည် သားဆိုး သမီးဆိုးများ ဖြစ်မသွားရအောင် တာဝန်ယူကြရမည်မှာ လက်ရှိ မိမိတို့၏ ပခုံးပေါ်ကျရောက်နေသည် အမျိုးသားရေးတာဝန်တစ်ရပ်လည်း ဖြစ်ပါသည်။

ထို့ကြောင့် လမ်းပေါ်ရောက် "ကောက်တို"လေးများ နားခိုစရာနေရာ အဝန်းအဝိုင်းများနှင့် သင်ယူရာ ပညာဌာနများကို မိမိတို့ဖန်တီးပေးနိုင်ကြရပါမည်။ ဤတာဝန်နှစ်ရပ်သည် အတူးသဖြင့် မြို့နယ်အသီးသီးရှိ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့အစည်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်ကလေးသူငယ်အခွင့်အရေးများဖော်ဆောင်ရေးကော်မတီ(CRC)နှင့် မြို့မိမြို့ဖများအားလုံး မဖြစ်မနေစွမ်းဆောင်မှုပြုကြရမည် အမျိုးသားရေးအမြင်နှင့် သမိုင်းပေးတာဝန်တစ်ရပ်လည်း ဖြစ်ပါသည်။

လောလောဆယ် "ကောက်တို"လေးများအတွက် ခိုနားရာဂေဟာလေးတစ်ခုကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ်(၅)ရပ်ကွက်တွင် ဖေဖော်ဝါရီ ၁၂ ရက် ပြည်ထောင်စုနေ့မှာ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပါသည်။ ပုသိမ်မြို့ ရတနာမေတ္တာလူမှုရေးအဖွဲ့နှင့် နိုင်ငံတကာအလှူရှင်များ ပူးပေါင်းလုပ်ဆောင်ပေးခဲ့ကြောင်း သိရသည်။ လမ်းပေါ်ရောက် "ကောက်တို"လေး ၈၀ တို့အတွက် ခိုလှုံစရာအရိပ်အာဝါသကောင်းတစ်ခု ဖန်တီးပေးလိုက်နိုင်ခြင်းပင် ဖြစ်ပါသည်။

ထိုထိုကလေးများ ပညာရေးကိုလည်း နိုင်ငံတော်က လျစ်လျူရှုပစ်ပယ်မထားခဲ့ပါ။ အခြေခံပညာကျောင်းများတွင် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းပညာမသင်ခဲ့ရသူ၊ မူလတန်းပညာတစ်ပိုင်းတစ်စနှင့် ကျောင်းပြင်ပရောက်ကာ လုပ်ငန်းခွင်ဝင်နေကြရသူ အသက် (၁၀) နှစ်နှင့် (၁၄)နှစ်အထွင်း ကလေးများအား နှစ်နှစ်အတွင်း မူလတန်းပညာအဆင့်ပြီးဆုံးစေရန် ကျောင်းပြင်ပမူလတန်းပညာရေး [Non-Formal Primary Education] ကို နိုင်ငံတော်က တာဝန်ယူအကောင်အထည်ဖော်ဆောင်ပေးလျက်ရှိနေသည်မှာ ယနေ့ထိတိုင်ဖြစ်ပါသည်။

၂၀၀၈-၂၀၀၉ ပညာသင်နှစ်မှ အစပြုခဲ့သည့် ကျောင်းပြင်ပပညာရေးတွင် ယနေ့တိ သင်တန်းသား ၈၇၃၇ ဦး မူလတန်းပညာပြီးမြောက်နိုင်စေခဲ့ပြီဖြစ်ပါသည်။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ပြည်သူ့ဗဟိုပြုစနစ်ဖြင့် တစ်နိုင်ငံလုံးထိ တိုးချဲ့ဆောင်ရွက်သွားမည်ဟု သိရသည်။ "ကောက်တို"လေးများအတွက် မင်္ဂလာသတင်းစကား ဖြစ်ပါသည်။

"မြို့နယ်တွေကို တိုးချဲ့ဆောင်ရွက်တဲ့အခါ သင်ယူတဲ့ကလေးတွေ ကျောင်းမှန်မှန်တက်ရောက်ဖို့ သင်ကြားရေးစခန်းတွေကိုထိရောက်စွာပံ့ပိုးပြီး ကြီးကြပ်ပေးဖို့ သက်ဆိုင်ရာမြို့နယ်တွေက တာဝန်ရှိသူတွေရဲ့စိတ်ဝင်စားမှု၊ အားပေးကူညီမှု၊ ပံ့ပိုးပေးမှုတွေ အတူးလိုအပ်ပါတယ်"ဟု မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ မှတ်ချက်မြစကား။ ဤလုပ်ငန်းပြီးမြောက်အောင်မြင်ရေး၏ အဓိကသော့ချက်ကို မီးမောင်းထိုးပြလိုက်ခြင်းပင်။

အမှန်စင်စစ် ကျောင်းပြင်ပပညာရေးသည် မြို့ကြီးပြကြီးများ၊ အတူးသဖြင့် လက်လုပ်လက်စား ပံ့ကျရပ်ဝန်းများဖြစ်သည် မြို့ပြဆင်ခြေဖုံးဒေသများတွင်သာ ဦးစားပေးကြရပါမည်။ ကျေးလက်ဒေသမြို့ရွာများတွင် ဆင်းရဲချမ်းသာမရွေး ကလေးတိုင်း ကိုယ့်ရွာ ကိုယ့်ကျောင်းမှာ ကျောင်းပညာပြီးမြောက်ကြသူချည်း ဖြစ်ပါသည်။ သားသမီးကို ပညာမသင်စေဘဲ အလုပ်လုပ်ခိုင်းတားသည့် မိဘများ မရှိသလောက်ရှားပါသည်။ ရှိခဲ့လျှင်လည်း အများက လက်သင့်မခံ ကဲ့ရဲ့ပြစ်တင်ပြောကြသည်။ ကျေးလက်၏ ဖြူစင်ရိုးသား ပညာရေးစနစ်ဖြစ်ပါသည်။

မြို့ပြရပ်ဝန်းများတွင်သာ အများအပြားပြင်တွေ့နေရသော "ကောက်တို"လေးများကို ကောက်သင်းကောက်ကာ မိမိတို့မြို့နယ်အလိုက် ဘဝတစ်သက်တာ ပညာရေးကို ဖြန့်ဝေတာဝန်ကျေရင်း ဆူကြုနှိမ့်မြင့်မရွေး ကလေးတိုင်း၏ အနာဂတ်ကို ဆေးသားခြယ် အလှဆင်ပေးသွားကြပါစို့။

AICHR အစည်းအဝေး သတင်းကြေညာချက်ထုတ်ပြန်

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်နေ့မှ ၁၁ ရက်နေ့အထိ မြန်မာနိုင်ငံ ရန်ကုန်မြို့ Park Royal Hotel တွင် ကျင်းပခဲ့သည့် (၁၄)ကြိမ်မြောက် လူ့အခွင့်အရေးနှင့် စပ်လျဉ်းသည့် အာဆီယံအစိုးရချင်းဆိုင်ရာ ကော်မရှင် အစည်းအဝေး(AICHR)အား မြန်မာကိုယ်စားလှယ်ဖြစ်သူ ဦးကျော်တင့်ဆွေက သဘာပတိအဖြစ်ဆောင်ရွက်ခဲ့သည်။ အစည်းအဝေးတွင် ၂၀၁၃ ခုနှစ်၏ အောင်မြင်မှုများနှင့် တိုးတက်မှုများအပေါ်အခြေခံတား၍ ၂၀၁၅ ခုနှစ် အာဆီယံအသိုက်အဝန်းအလှန် အမြင်၏ ဖွံ့ဖြိုးတိုးတက်မှုအား တပ်လောင်းအကျိုးဖြစ်တွန်းစေရန်သော် လည်းကောင်း၊ ယင်းအဖွဲ့အစည်း၏ လုပ်ပိုင်ခွင့်နှင့်တာဝန်ဝတ္တရားအား ပြန်လည်သုံးသပ်ရန်ဖြစ်ရာ AICHR အတွက် အရေးကြီးသည် နှစ်တစ်နှစ်ဖြစ်ပါသည်။ တို့အပြင် AICHR အဖွဲ့အစည်း၏ လုပ်ငန်းများ အလုပ်တာဝန်များအား အကဲဖြတ်နိုင်စေမည် ညှိနှိုင်းမှုလုပ်ငန်းစဉ်များ ဆောင်ရွက်ရန် စိမ်တားပြီးဖြစ်ပြီး AICHR ၏ အကြပြုချက်များအား ချမှတ်ရာတွင်သက်ဆိုင်သူများထံမှ ရရှိသည့်ရလဒ်များအား အာဆီယံနိုင်ငံခြားရေးဝန်ကြီးများမှ ထည့်သွင်းစဉ်းစားနိုင်ရန် တင်ပြရမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ပါသည်။

အာဆီယံဒေသတွင်း လူ့အခွင့်အရေးများနှင့် စီးပွားရေးလုပ်ငန်းများ၏ လူမှုရေးဆိုင်ရာ တာဝန်ရှိမှုအပေါ် ပထမဆုံးအကြိမ် ဘာသာရပ်ဆိုင်ရာလေ့လာမှုရလဒ်များဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲအား စတင်ရန် ၂၀၁၄ ခုနှစ် ဇွန်လတွင် ကျင်းပမည်ဖြစ်သည်။ ငြိမ်းချမ်းပိုင်ခွင့်ဆိုင်ရာ ဘာသာရပ်ဆိုင်ရာလေ့လာမှုကိုလည်း အစည်းအဝေးမှ အတည်ပြုခဲ့ပါသည်။

ဦးစားပေးအစီအစဉ်များနှင့် လုပ်ငန်းများအား အကောင်အထည်ဖော်ရန်အတွက် တာဝန်ရပ်များဆိုင်ရာ အစီရင်ခံစာများ တင်ပြခြင်းနှင့်စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲအား AICHR အနေဖြင့် ပြုလုပ်ရန်သဘောတူညီခဲ့ပါသည်။ ယင်းဒေသဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသည် ကုလသမဂ္ဂလူ့အခွင့်အရေးယန္တရားအောက်ရှိ နိုင်ငံများမှ တင်သွင်းရသည့် အစီရင်ခံစာများ မူကြမ်းရေးဆွဲခြင်းနှင့် တင်ပြခြင်းတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား အကောင်းဆုံးသော အတွေ့အကြုံများနှင့် ကျင့်ထုံးများဖလှယ်နိုင်ရန် ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ပါသည်။ မိခင်ကျန်းမာရေးနှင့် မိခင်သေဆုံးနှုန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကိုလည်း ၂၀၁၄ ခုနှစ် မတ်လတွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သဘောတူညီခဲ့ပါသည်။

အာဆီယံလူ့အခွင့်အရေးကြေညာစာတမ်း နောက်ဆက်တွဲဆောင်ရွက်မှုအနေဖြင့် AICHR သည် အာဆီယံတွင်း အာဆီယံအမျိုးသမီးများနှင့် ကလေးသူငယ်များ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာကော်မရှင် အပါအဝင် အခြားအာဆီယံအဖွဲ့အစည်းများအား ဖိတ်ခေါ်၍ ၂၀၁၄ ခုနှစ် ဧပြီလတွင် ကာကွယ်ရေးဆိုင်ရာ ကွန်ဗင်းရှင်း(မူကြမ်း)ရေးဆွဲရေး သုံးသပ်နိုင်ရန်အတွက် ညှိနှိုင်းဆွေးနွေးမှုများ စတင်လျက်ရှိပြီး ယင်းအနေဖြင့် AICHR နှင့် အရပ်ဘက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆက်ဆံရေးနှင့် စပ်လျဉ်း၍ လမ်းညွှန်ချက်(မူကြမ်း)နှင့် စပ်လျဉ်း၍ စတင်ဆွေးနွေးနိုင်ခဲ့ပါသည်။

အခြားအာဆီယံအဖွဲ့အစည်းများနှင့် ပိုမိုနီးကပ်စွာ ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ AICHR အနေဖြင့် အခြားအာဆီယံအဖွဲ့အစည်းများဖြစ်သည့် အာဆီယံအမျိုးသမီးများနှင့် ကလေးသူငယ်များအခွင့်အရေး မြှင့်တင်ခြင်းနှင့် ကာကွယ်ခြင်းဆိုင်ရာ အာဆီယံကော်မရှင် အပါအဝင် အခြားအဖွဲ့အစည်းများအား ဖိတ်ခေါ်၍ ၂၀၁၄ ခုနှစ် ဧပြီလတွင် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်မည်ဖြစ်ပါသည်။ လူမှုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ကြေညာစာတမ်း အကောင်အထည်ဖော်မှုဆိုင်ရာ ဖြစ်နိုင်ခြေရှိသည် ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်ရန်အတွက် လူမှုဖူလုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများနှင့် ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ပါသည်။

၂၀၁၄ ခုနှစ် မတ်လ ၈ ရက်နေ့မှ ၉ ရက်နေ့အထိ အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့ရှိ အာဆီယံအတွင်းရေးမှူးချုပ်ရုံးတွင် လူ့အခွင့်အရေးနှင့် စပ်လျဉ်းသည့် အာဆီယံအစိုးရချင်းဆိုင်ရာကော်မရှင် အတူးအစည်းအဝေးတစ်ရပ် ကျင်းပမည်ဖြစ်ပါသည်။ အစည်းအဝေးတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ဧည့်ဝတ်ကျေပွန်မှုများအား အတူးကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ခဲ့ပါသည်။

❑တောင်ငူမြို့မဈေးမီးလောင်မှုမှ

တပ်ဖွဲ့ဝင် ၉၀နှင့် အရန် ၂၅၀ စုစုပေါင်း ၃၄၀ တို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ည ၉ နာရီ မိနစ် ၂၀ တွင် မီးကိုတိန်းနိုင်ခဲ့ပြီး နံနက် ၅ နာရီခွဲတွင် အပြီးသတ်ငြိမ်းသတ်နိုင်ခဲ့ကြောင်း တောင်ငူမြို့နယ် မီးသတ်တပ်ဖွဲ့မှ ဦးစီးအရာရှိ ဦးတင်လင်းအောင်က ပြောကြားသည်။

မီးလောင်ကျွမ်းမှုကြောင့် တာဝန်ရှိသူ ဈေးကော်မတီဥက္ကဋ္ဌ၊ ဈေးလုံခြုံရေးအဖွဲ့ခေါင်းဆောင်နှင့် လျှပ်စစ်မီးပြင်သူတို့ သုံးဦးအား တောင်ငူမြို့ အမှတ် (၂) ရဲစခန်းက(ပ) ၄/၂၀၁၄၊ ပြစ်မှုပုဒ်မ ၂၈၅ အရ အမှုဖွင့်၍ စုံစမ်းစစ်ဆေးလျက်ရှိပြီး ဈေးဆိုင်များ အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရန်အတွက် ယာယီဈေးဆိုင်ခန်းများအား တောင်ငူမြို့ အထက-၂ ဘောလုံးကွင်းနှင့် အတက-၁ ဘောလုံးကွင်းတို့တွင် လျာတားပေးပြီး ဈေးသူဈေးသားများ၏ ဆန္ဒဖြင့် နေရာရွေးချယ်ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးတင်စိုး၏ ပြောကြားချက်အရ သိရသည်။ **(ကျော်စွာ-တောင်ငူ)**

ငါးကြီးအိုင်-ဗန်မော်တော ဝဝံလမ်းသစ်ဖွင့်

ညောင်လေးပင် ဖေဖော်ဝါရီ ၁၄ - ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သော ငါးကြီးအိုင်-ဗန်မော်တော ဂဝံလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၈ နာရီခွဲက အဆိုပါကျေးရွာမုခ်ဦးရှေ့၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိုးပိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိဟစိုး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအိမ်လသောင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **နေလင်း(ညောင်လေးပင်)**

	ဖေဖော်ဝါရီ ၁၄	
ရန်ကုန် ရွှေဈေး	၆၈၄၉၀၀	- ၆၈၅၉၀၀
မန္တလေး ရွှေဈေး	၆၈၄၁၀၀	- ၆၈၅၁၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၅၀	ကျပ်
(ခ)	အောက်တိန်း95	တစ်လီတာ	၁၁၀၀	ကျပ်
(ဂ)	အောက်တိန်း92	တစ်လီတာ	၉၂၀	ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄	ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၉၈၇. ၀၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၃၅၀. ၂
(ဂ)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၈၀. ၁၁
(ဃ)	တရုတ်	တစ်ယွမ်	= ၁၆၂. ၇၇
(င)	ထိုင်း	တစ်ဘတ်	= ၃၀. ၃၂၃
(စ)	မလေးရှား	တစ်ရင်းဂစ်	= ၂၉၇. ၄၂
(ဆ)	အိန္ဒိယ	တစ်ရူပီး	= ၁၅. ၈၁၁
(ဇ)	ဂျပန်	တစ်ရာယန်း	= ၉၆၅. ၂၈
(ဈ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၃. ၀၁၇
(ည)	ဩစတြေးလျ	တစ်ဒေါ်လာ	= ၈၈၇. ၆၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

● ကျောဖုံးမှ

ဆက်လက်ပြီး မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့၏ နှစ်နိုင်ငံဆက်ဆံရေး ယခုထက်ပိုမိုတိုးတက်ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်၊ သံတမန်ကျင့်ဝတ်နှင့်အညီ ပြောဆိုနေထိုင်သွားကြရန်နှင့် သံရုံးဝန်ထမ်းများအားလုံး စည်းစည်းလုံးလုံးနေထိုင်သွားကြပြီး နိုင်ငံအကျိုးကို ဆတက်ထမ်းပိုးသယ်ပိုးသွားကြရန် ပြောကြားခဲ့သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က လက်ဆောင်ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများပေးအပ်ရာ သံအမတ်ကြီး၊ စစ်သံမှူးနှင့် တာဝန်ရှိသူများက လက်ခံကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့အား သံအမတ်ကြီး ဦးကျော်စိုးဝင်းက ညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးတို့အား ဗီယန်ကျင်းမြို့ရှိ သံအမတ်ကြီးနေအိမ်၌ သံရုံး၊ ဝင်သံရုံးမိသားစုများက ဂါရဝပြုကန်တော့ကြစဉ်။ (မြဝတီ)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အမျိုးသားကာကွယ်ရေးဝန်ကြီးက ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆို

နေပြည်တော် ဖေဖော်ဝါရီ ၁၄

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အမျိုးသားကာကွယ်ရေးဝန်ကြီး Lieutenant General Douangchay PHICHITH က ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကို ဖေဖော်ဝါရီ ၁၄ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီ ၁၀ မိနစ်တွင် ဗီယန်ကျင်းမြို့ရှိ ကာကွယ်ရေးဝန်ကြီးဌာန၌ ကျင်းပသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အမျိုးသား ကာကွယ်ရေးဝန်ကြီးတို့သည် လာအိုပြည်သူ့တပ်မတော်ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူကြသည်။ **(အပေါ်ဓာတ်ပုံ)**

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အမျိုးသားကာကွယ်ရေးဝန်ကြီးတို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ထို့နောက် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အမျိုးသားကာကွယ်ရေးဝန်ကြီးက ကြိုဆိုနှုတ်ဆက်ကြသည့် အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မြန်မာ့တပ်မတော်အဆင့်မြင့် ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များနှင့် ပြန်လည်မိတ်ဆက်ပေးသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာန အခန်းအမှတ်-၂၂၂ တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အမျိုးသားကာကွယ်ရေးဝန်ကြီးနှင့် အဖွဲ့အား တွေ့ဆုံနှုတ်ဆက်၍ ဆွေးနွေးကြသည်။

ထိုသို့ တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လာအို-မြန်မာ နှစ်နိုင်ငံသည် သမိုင်းအစဉ်အလာအရ နိုင်ငံတော်အစိုးရချင်း ချစ်ကြည်ရင်းနှီးသည့်အပြင် တပ်မတော်အချင်းချင်းလည်း ချစ်ကြည်ရင်းနှီးမှု အပြည့်အဝရှိပြီး သံတမန်ဆက်ဆံရေး၊ အိမ်နီးချင်းဆက်ဆံရေးတို့နှင့် ပြည်စုံပါကြောင်း၊ မိမိယခုချစ်ကြည်ရေးခရီး လာရောက်ခြင်းသည်လည်း နှစ်နိုင်ငံတပ်မတော်များအကြား ချစ်ခင်ရင်းနှီးမှုပိုမိုတည်ဆောက်လို၍ လာရောက်ခြင်းဖြစ်ပါကြောင်း။

ဆက်လက်ပြီး မြန်မာ-လာအို ချစ်ကြည်ရေးတံတားသည်လည်း ၅၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီး ၂၀၁၅ ခုနှစ် မတ်လတွင်ရာနှုန်းပြည့်ပြီးစီးမည် ဖြစ်ပါကြောင်း၊ တံတားပြီးစီးသွားပါက နှစ်နိုင်ငံကုန်သွယ်မှုနှင့် သွားလာမှုများ ယခုတက် ပိုမိုကောင်းမွန်လာမည် ဖြစ်ပါကြောင်း၊ သို့သော် ထိုကုန်သွယ်မှုကို အနှောင့်အယှက်ဖြစ်စေမည့် နှစ်နိုင်ငံနယ်စပ်ဒေသရှိ တရားမဝင်လက်နက်ကိုင် အဖွဲ့အစည်းများကို မိမိတို့နှစ်နိုင်ငံ၏ အကျိုးစီးပွားကို ရှေ့ရှုပြီး ပူးပေါင်းနှိမ်နင်းသွားရမည် ဖြစ်ကြောင်း၊ နှစ်နိုင်ငံတပ်မတော်ခေါင်းဆောင်များအဆင့်လိုက် အပြန်အလှန် လည်ပတ်ခြင်းအားဖြင့် ယခုထက်ပိုမိုသော ချစ်ခင်ရင်းနှီးမှုကို တည်ဆောက်လိုပါကြောင်း၊ နှစ်နိုင်ငံ တပ်မတော်များအကြား ဘာသာစကားသင်တန်းများ တက်ရောက်နိုင်ရေး သင်တန်းသားများ အပြန်အလှန် စေလွှတ် သင်ကြားစေလိုပါကြောင်း၊ မဲခေါင်မြစ်ပေါ်ရှိ တရားမဝင်ဆိပ်ကမ်းတွင် တရားမဝင်ရောင်းဝယ်ဖောက်ကားခြင်းများနှင့် လူမှောင်ခိုကူးပြင်းများ လုပ်ဆောင်နေသောကြောင့် ရေရှည်တွင် နှစ်နိုင်ငံလုံခြုံရေးကို ထိခိုက်လာနိုင်သဖြင့် ထိန်းသိမ်းပေးစေလိုပါကြောင်း၊ မူးယစ်ဆေးဝါး အဓိကရောင်းဝယ်သူတရားခံ နော်ခမ်းအား ဖမ်းဆီးနိုင်ခဲ့ပြီးဖြစ်၍ ယခုအခါ မဲခေါင် မြစ်ကြောင်းသည်လည်း အတိုင်းအတာတစ်ခုအထိ လုံခြုံသွားပြီဖြစ်ပါကြောင်း၊ လုံခြုံရေးအား ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေး အတွက် သဘောတူထားခဲ့သည့် နှစ်နိုင်ငံဆက်ဆံရေးရုံးများ ဖွင့်လှစ်နိုင်ရေး ညှိနှိုင်းဆောင်ရွက်လိုပါကြောင်း။

မိမိတို့နှစ်နိုင်ငံ၏ နယ်စပ်ဒေသများတွင် ဘိန်းစိုက်ပျိုးမှုတိုးတက်လာနေကြောင်း၊ UNODC ၏ စွပ်စွဲပြောဆိုမှုများအား နှစ်နိုင်ငံပူးပေါင်း၍ နည်းလမ်းမျိုးစုံဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်မှုများပြုလုပ်ကာ သက်သေပြကာကွယ် ပြောဆိုသွားရမည်ဖြစ်ကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှုနည်းသော နိုင်ငံများတွင် ပါဝင်နေသောကြောင့် ၎င်းကိုနှစ်နိုင်ငံ စီးပွားရေး အရှိန်ပိုမိုမြှင့်တင်လုပ်ဆောင်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် သဘာဝသစ်တောများ ပိုင်ဆိုင်တားသောနိုင်ငံများဖြစ်သည်နှင့်အညီ သဘာဝပတ်ဝန်းကျင်ပျက်စီးဆုံးရှုံးမှုမရှိအောင် ကာကွယ်စောင့်ရှောက်ရမည့်အပြင် မရွှေ့ပြောင်းနိုင်သော ကုန်းမြင့်လယ်ယာစိုက်ပျိုးရေးစနစ်ကို အကောင်အထည်ဖော်သင့်ပါကြောင်း၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍရပ်များတွင်လည်း နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ ယခုတက်ပိုမိုလုပ်ဆောင်သွားရမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

လာအို ပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အမျိုးသား ကာကွယ်ရေးဝန်ကြီးက ပြန်လည် ဆွေးနွေးပြောကြားရာတွင် နယ်စပ်ဒေသ ခြိမ်းခြောက်မှုများ/ခြံယနာရပ်များကိုလည်း မိမိတို့လာအိုတပ်မတော်အနေဖြင့် အပြည့်အဝပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံ အဖြန်အလှန်သင်တန်းများ စေလွှတ်နိုင်ရေးအတွက် တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် နှစ်နိုင်ငံ တပ်မတော်များအကြား ယခုထက် ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲအောင် တည်ဆောက်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မြန်မာ့တပ်မတော်မှ လှူဒါန်းသည့် ဆေးဝါးများနှင့်လက်ဆောင်များကိုပေးအပ်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အမျိုးသား ကာကွယ်ရေးဝန်ကြီးက လက်ခံသည်။

ဆက်လက်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် အညတရစစ်သည်ဗိမာန်သို့ သွားရောက်ပြီး ပန်းခွေချ အလေးပြုခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ စင်ကာပူလေကြောင်းပြပွဲ (၂၀၁၄) ဖဲကြိုးဖြတ်ဖွင့်ပွဲအခမ်းအနားနှင့် လေကြောင်းစွမ်းရည်ပြ သရုပ်ပြသခြင်းအခမ်းအနားများ တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၁၄

စင်ကာပူသမ္မတနိုင်ငံသို့ စင်ကာပူလေကြောင်းပြပွဲ(၂၀၁၄)တက်ရောက်ရန်ရောက်ရှိနေသည့် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့သည် ဖေဖော်ဝါရီ ၁၁ ရက် ဒေသစံတော်ချိန် နံနက်ပိုင်းတွင် ခေတ္တတည်းခိုရာ Marina Mandarin Hotel မှ မော်တော်ယာဉ်များနှင့် ထွက်ခွာခဲ့ရာ ချန်ဂီအပြည်ပြည်ဆိုင်ရာလေဆိပ်အနီးရှိ Changi Exhibition Center သို့ ရောက်ရှိကြသည်။ ထို့နောက် စင်ကာပူသမ္မတနိုင်ငံ Deputy Prime Minister, Coordinating Minister for National Security and Minister for Home Affairs H.E.Mr.Teo Chee Hean က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည့် စင်ကာပူလေကြောင်းပြပွဲ (၂၀၁၄)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ခန်းမအတွင်းခင်းကျင်းပြသထားသည့် စစ်ဘက်အသုံးအဆောင်ပစ္စည်းများနှင့် ပံ့စံငယ်များအား ကြည့်ရှုလေ့လာကြသည်။ **(အောက်ပုံ)**

ယင်းနောက် ညနေပိုင်းတွင် Raffles City Convention Centre သို့ ရောက်ရှိကြပြီး စင်ကာပူ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် Lieutenant General Ng Chee Meng က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။

ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့သည် ဖေဖော်ဝါရီ ၁၂ ရက် နံနက်ပိုင်းတွင် စင်ကာပူလေကြောင်းပြပွဲ (၂၀၁၄)၌ ခင်းကျင်းပြသထားသည့် စစ်ဘက်၊ အရပ်ဘက်လေယာဉ်၊ ရဟတ်ယာဉ်များအား လှည့်လည်လေ့လာကြည့်ရှုခဲ့ပြီး စင်ကာပူလေတပ်နှင့် နိုင်ငံတကာလေတပ်များမှ ပါဝင်ပြသသည့် စွမ်းရည်ပြလေကြောင်း သရုပ်ပြသမှုများအား ကြည့်ရှုအားပေးခဲ့သည်။ ဆက်လက်၍ ချန်ဂီအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြပြီး မွန်းလွဲ ၂ နာရီတွင် Silk Air လေကြောင်းဖြင့် စင်ကာပူမှ ရန်ကုန်သို့ ပြန်လည်ထွက်ခွာခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

ပြည်နယ်သစ်ထူထောင်ရန် ဥပဒေမူကြမ်းတင်သွင်းမှု အင်ဒရာပရာဒေ့ရှ်ပြည်နယ်၌ဆန္ဒပြ

အိန္ဒိယနိုင်ငံ၌ ပြည်နယ်သစ်ထူထောင်ခြင်းကို ကန့်ကွက်ဆန္ဒပြကြစဉ်။

နယူးဒေလီ ဖေဖော်ဝါရီ ၁၄

အိန္ဒိယနိုင်ငံ၌ တယ်လန်ဂါနာအမည်ရှိ ပြည်နယ်သစ်အားထူထောင်ရန် ပါလီမန်သို့ ဥပဒေမူကြမ်းတစ်ရပ်ကို တင်သွင်းလိုက်ခြင်းနှင့်ပတ်သက်၍ နိုင်ငံတောင်ပိုင်း အင်ဒရာပရာဒေ့ရှ် ပြည်နယ်၌ တစ်ရက်ကြာဆန္ဒပြပွဲပြုလုပ်ခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဖေဖော်ဝါရီ ၁၄ ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါဥပဒေမူကြမ်းသည် ဒီမိုကရေစီကို လှောင်ပြောင်ရာရောက်ကြောင်း အင်ဒရာပရာဒေ့ရှ်ပြည်နယ်ရှိ ဝိုင်အက်စ်အာရ်ကွန်ဂရက်ပါတီကဝေဖန်ခဲ့ပြီး ဆန္ဒပြပွဲပြုလုပ်ကြရန် ပြည်သူများအား တိုက်တွန်းခဲ့သည်။

ထိုစဉ်အတွင်း တယ်လန်ဂါနာပြည်နယ်ထူထောင်မှုကို ဆန့်ကျင်သူအမတ်တစ်ဦးက ဥပဒေမူကြမ်းအား ပါလီမန်၌ဆွေးနွေးမပြုလုပ်နိုင်ခြင်းမရှိစေရန် အခြားသောအမတ်များကို ငရုတ်ကောင်းမှုန့်ဖြင့် ပက်ဖျန်းခဲ့သည် ဖြစ်ရပ်ပေါ်ပေါက်ခဲ့သည်။

ဖေဖော်ဝါရီ ၅ ရက်မှစတင်၍ ကျင်းပနေသော ပါလီမန်အစည်းအဝေးတွင် အဆိုပါဥပဒေမူကြမ်းကို ဆွေးနွေးနိုင်ခြင်းမရှိစေရန် အမတ်အချို့က အနှောင့်အယှက်ပြုမှုများကို ပြုလုပ်လာခြင်းဖြစ်သည်။

ပြည်နယ်သစ်ထူထောင်ရေးဥပဒေမူကြမ်း ပါလီမန်သို့ ရောက်ရှိလာခြင်းသည် ပါလီမန်ဒီမိုကရေစီအတွက် အမှောင်လွှမ်းသော နေ့တစ်နေ့ဖြစ်ကြောင်း ဝိုင်အက်စ်အာရ် ကွန်ဂရက်ပါတီခေါင်းဆောင် ဂျာလန်မိုဟန်ရီဒီက ပြောကြားသည်။ **ဘီဘီစီ။**

အင်ဒိုနီးရှားနိုင်ငံရွေးကောက်ပွဲကာလအတွင်း ကြည်းတပ်ဖွဲ့များ လုံခြုံရေး အားဖြည့်မည်

ဂျကာတာ ဖေဖော်ဝါရီ ၁၄

အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည့် ရွေးကောက်ပွဲကာလအတွင်း လုံခြုံရေးဆောင်ရွက်မှုကိုမြှင့်တင်နိုင်ရန် အင်ဒိုနီးရှားလက်နက်ကိုင်တပ်ဖွဲ့ဝင်ဦးရေ ၁၄၀၀၀ အားဖြန့်ကြက်ပေးသွားမည်ဖြစ်ကြောင်း အင်ဒိုနီးရှားတပ်မတော်အထက်တန်းအရာရှိတစ်ဦးက ဖေဖော်ဝါရီ ၁၃ ရက်တွင် ပြောကြားသည်။

ယခုနှစ် ဧပြီလနှင့် ဇူလိုင်လများတွင် ကျင်းပမည့် အင်ဒိုနီးရှားလွှတ်တော်ရွေးကောက်ပွဲနှင့် သမ္မတရွေးကောက်ပွဲကာလများတွင် ရဲတပ်ဖွဲ့က အင်ဒိုနီးရှားပြည်သူများ၏ လုံခြုံရေးကောင်းရေးကို ဆောင်ရွက်ရာ၌ နိုင်ငံ၏နယ်မြေဒေသအသီးသီးတွင်ရှိသော အင်ဒိုနီးရှားကြည်းတပ်တပ်ဖွဲ့ဝင်များက ထောက်ပံ့ကူညီမှုများ ပြုလုပ်သွားမည် ဖြစ်ကြောင်း အင်ဒိုနီးရှားလက်နက်ကိုင်တပ်ဖွဲ့များ၏ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဘုဒီမင်ကပြောကြားသည်။ ရွေးကောက်ပွဲကာလအတွင်း ဆန့်ကျင်မှုများဖြစ်ပေါ်လာပါက ရဲတပ်ဖွဲ့၏ အခြေအနေထိန်းသိမ်းနိုင်မှုနောက်တွင် အင်ဒိုနီးရှားလက်နက်ကိုင်တပ်ဖွဲ့များက ကျောထောက်နောက်ခံပြုမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အင်ဒိုနီးရှားရဲတပ်ဖွဲ့၏ စီရင်ပိုင်ခွင့် နယ်မြေများတွင် လက်နက်ကိုင်တပ်ဖွဲ့ဝင်များအား ဖြန့်ကြက်သွားမည်ဖြစ်ကြောင်း၊ ခရိုင်ခွဲအဆင့်ရှိမည့် ရဲတပ်ဖွဲ့စီရင်ပိုင်ခွင့်ရှိသော နယ်မြေမှစ၍ အင်ဒိုနီးရှားတပ်မတော်တပ်ဖွဲ့ဝင်များအား ရဲအဖွဲ့ကို ကူညီရန် ဖြန့်ကြက်ပေးမည်ဖြစ်ပြီး ခရိုင်အဆင့်တွင် တပ်စုတစ်စုနှင့် ညီမျှသည့် တပ်သားဦးရေ ၃၅ ဦး၊ စည်ပင်သာယာနယ်နိမိတ်တစ်ခုအတွင်း၌ တပ်ခွဲတစ်ခွဲနှင့် ညီမျှသည်တပ်သားအင်အား ၁၃၀နှင့် ပြည်နယ်အဆင့်တွင် တပ်ဖွဲ့ဝင်ဦးရေ ၄၀၀ ခန့် ဖြန့်ကြက်သွားမည်ဖြစ်ကြောင်း၊ ဌာနချုပ်အဖြစ် ခြေလျင်တပ်ရင်းသုံးရင်းပါဝင်သည့် တပ်မဟာအဖြစ် ဖွဲ့စည်းမည်ဖြစ်ကြောင်း ဗိုလ်ချုပ်ကြီးဘုဒီမင်က ပြောကြားသည်။ **ဆင်ဟွာ။**

တမ္ဘောဒီးယားနိုင်ငံ၌ တလေးသူငယ်များ ဆေးလိပ်မီးခိုးအန္တရာယ်မှ ကင်းဝေးရေးလှုံ့ဆော်သော ပိုစတာကို တွေ့ရစဉ်။

အများပြည်သူနှင့်သက်ဆိုင်သော နေရာများနှင့် အလုပ်ဌာနများတွင် ဆေးလိပ်သောက်သုံးမှု ကမ္ဘောဒီးယား၌ တားမြစ်

ဖနောင်ပင် ဖေဖော်ဝါရီ ၁၄

ကမ္ဘောဒီးယားနိုင်ငံတွင် အများပြည်သူနှင့် သက်ဆိုင်သောနေရာများနှင့် အလုပ်ဌာနများအတွင်း ဆေးလိပ်သောက်သုံးမှုပိတ်ပင်သည့် နိုးဆော်စာကို ကျန်းမာရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၁၃ ရက်တွင် အများပြည်သူတို့အား ဖြန့်ဝေခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ဖေဖော်ဝါရီ ၄ ရက် ရက်စွဲဖြင့် နိုးဆော်ထားပြီး ကမ္ဘောဒီးယားကျန်းမာရေးဝန်ကြီး မမ်ဘွန်ချယ်က လက်မှတ်ရေးထိုးထားသည်။

လုပ်ငန်းဌာနများ၌ ကြီးကြပ်သူများနှင့် အများပြည်သူဆိုင်ရာနေရာများအား အုပ်ချုပ်သူများအနေဖြင့် ပြည်သူများကို ဆေးလိပ်မသောက်ကြရန် အသိပညာပေးရမည်ဖြစ်ကြောင်း၊ အဆိုပါနေရာများမှာ အစိုးရဌာနအဆောက်အအုံများ၊ စားသောက်ဆိုင်များနှင့် အဖျော်ယမကာအရောင်းဆိုင်များလည်း ပါဝင်ကြောင်း နိုးဆော်စာတွင် ဖော်ပြသည်။

ဆေးလိပ်သောက်ခွင့်မရှိသောနေရာများတွင် ဆေးလိပ်မသောက်ရဟူသော သင်္ကေတများ ထားရှိရန် ကျန်းမာရေးဝန်ကြီးက တိုက်တွန်းသည်။

ဆေးလိပ်မသောက်ရန်ပညာပေးမှုများကို ဆေးလိပ်သောက်သုံးသူက မလိုက်နာပါက ယင်းနေရာဌာနအားကြီးကြပ်သူက အပြင်သို့ ထွက်သောက်ရန် ပြောရမည်ဟု ၎င်းက ပြောကြားသည်။

ကမ္ဘောဒီးယားတွင်ထုတ်ပြန်သော ယင်းဆေးလိပ်သောက်သုံးမှုတားမြစ်သည်နိုးဆော်စာအား ချိုးဖောက်သူများကို ကမ္ဘောဒီးယားအစိုးရက ပြစ်ဒဏ်နှင့် ဒဏ်ငွေချမှတ်ခြင်း တစ်စုံတစ်ရာမရှိပေ။

ကမ္ဘောဒီးယားနိုင်ငံသား ဆေးလိပ်အခိုးသင့်သူ ၉၀ ရာခိုင်နှုန်းမှာ စားသောက်ဆိုင်များတွင်ဖြစ်ပြီး ၅၀ ရာခိုင်နှုန်းခန့်မှာ လုပ်ငန်းဌာနများတွင်ဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။ ကမ္ဘောဒီးယားနိုင်ငံတွင် နှစ်စဉ်လူဦးရေ ၁၀၀၀၀ ခန့်မှာ ဆေးရွက်ကြီးနှင့် ဆက်နွယ်သည့်ရောဂါဖြင့် သေဆုံးနေရသည်ဟု သတင်းတွင်ဖော်ပြသည်။

ဆင်ဟွာ။

ဩစတြေးလျမှ ဗီယက်နမ်သို့ ကျွဲတင်ပို့ရောင်းချမှု စတင်

ဆစ်ဒနီ ဖေဖော်ဝါရီ ၁၄

ဩစတြေးလျနိုင်ငံသည် ဗီယက်နမ်နိုင်ငံသို့ ပထမဆုံးအကြိမ် ကျွဲများကို တင်ပို့ရောင်းချပေးပြီဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဖေဖော်ဝါရီ ၁၄ရက်တွင် သတင်းထုတ်ပြန်သည်။

ဩစတြေးလျနိုင်ငံသည် တိရစ္ဆာန်အရှင်များကို ပြည်ပသို့ တင်ပို့ရောင်းချသည်နိုင်ငံဖြစ်ပြီး ပို့ကုန်လုပ်ငန်း၏ အလှည့်အပြောင်းတစ်ရပ်အဖြစ် ဗီယက်နမ်နိုင်ငံသို့ ကျွဲများကို တင်ပို့ပေးခြင်းဖြစ်သည်။

ဈေးကွက်ချဲ့ထွင်

ဩစတြေးလျနိုင်ငံ မြောက်ပိုင်းနယ်မြေပြည်နယ်မှ ဗီယက်နမ်နိုင်ငံသို့ ကျွဲတင်ပို့ရောင်းချခြင်းသည် ဈေးကွက် ချဲ့ထွင်မှုအသစ်ဖြစ်ပြီး ဗီယက်နမ်နိုင်ငံသည် အင်ဒိုနီးရှားနိုင်ငံပြီးလျှင် ကျွဲနွားတိရစ္ဆာန်များကို ဒုတိယအများဆုံး ဝယ်ယူတင်သွင်းသည်နိုင်ငံ ဖြစ်လာသည်။ အရှေ့တောင်အာရှဒေသတစ်ဝန်း၌ လူထုက အဓိကစားသုံးသည် အသားမှာ ကျွဲနွားတို့၏ အသားဖြစ်သည်။

ဈေးကွက်ပေါ်ထွန်း

လူလတ်တန်းလွှာ၌ ပါဝင်သော လူဦးရေ တိုးတက်လာခြင်းနှင့်အတူ အရည်အသွေးဖြင့် အသားထုတ်လုပ်ရေးလုပ်ငန်းသည် ဈေးကွက် တစ်ရပ်အဖြစ် ပေါ်ထွန်းလာနေကြောင်း ဩစတြေးလျမြောက်ပိုင်းနယ်မြေ ပြည်နယ်ဝန်ကြီးချုပ် အဒမ်ဂျီးလက်စ်က ပြောကြားသည်။

မြောက်ပိုင်းနယ်မြေပြည်နယ်ကို အာရှတိုက်၏ စားနပ်ရိက္ခာထုတ်လုပ်ရေး ဗဟိုချက်အဖြစ် ပြောင်းလဲလိုသော အစိုးရအဖွဲ့၏ အစီအစဉ်အရ မွေးမြူရေးလုပ်ငန်းကို တိုးချဲ့လျက်ရှိကြောင်း ၎င်းက ပြောကြားသည်။

အိမ်နီးချင်းနိုင်ငံများနှင့် စီးပွားရေးဆက်ဆံမှု မြှင့်တင်နိုင်ရေးအတွက် မြောက်ပိုင်းနယ်မြေပြည်နယ်က ကြိုးပမ်းလျက်ရှိသည်။ ဩစတြေးလျနိုင်ငံ၏ အဘော်ရီဂျင်းတိုင်းရင်းသားတို့သည် မိရိုးဖလာမွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး ပြည်ပသို့ မွေးမြူရေးတိရစ္ဆာန်များကို တင်ပို့ခြင်းဖြင့် ၎င်းတို့အတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိလာမည်ဖြစ်သည်။

အေဘီစီ။

ဩစတြေးလျနိုင်ငံ မြောက်ပိုင်းနယ်မြေပြည်နယ်ရှိ ကျွဲမွေးမြူရေးခြံတစ်ခြံကို တွေ့ရစဉ်။

အိုကလာဟိုးမားတွင် တုပ်ကွေးရောဂါဖြစ်ပွား သေဆုံးသူ ၄၄ဦးအထိရှိလာ

တူစတန် ဖေဖော်ဝါရီ ၁၄

အမေရိကန်ပြည်ထောင်စု အိုကလာဟိုးမား ပြည်နယ်တွင် တုပ်ကွေးရောဂါဖြစ်ပွားမှုကြောင့် သေဆုံးသူပေါင်း ၄၄ဦးအထိရှိလာကြောင်း ကျန်းမာရေးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက ဖေဖော်ဝါရီ ၁၄ ရက်တွင် ပြောကြားသည်။

အိုကလာဟိုးမားပြည်နယ်တွင် လွန်ခဲ့သည် ရက်သတ္တပတ်က တုပ်ကွေးရောဂါဖြစ်ပွားသူဒေသခံ ၅၂ ဦးကို ဆေးရုံတင်ကုသပေးခဲ့ရသည်။ ၂၀၁၃ ခုနှစ် စက်တင်ဘာလနှောင်းပိုင်း အဆိုပါရောဂါဖြစ်ပွားသူ ၁၀၇၆ ဦးရှိကြောင်း ပြည်နယ်ကျန်းမာရေးဌာနက ပြောကြားသည်။ **ဆင်ဟွာ။**

သမဝါယမဝန်ကြီးဌာန ဓန်ထမ်းမိသားစု ထမနဲထိုးပြိုင်

နေပြည်တော် ဖေဖော်ဝါရီ ၁၄

သမဝါယမဝန်ကြီးဌာန၌ ဦးစီးဌာန/လုပ်ငန်းများအလိုက် တမနဲထိုးပြိုင်ပွဲကို ယနေ့ နံနက် ၉ နာရီခွဲတွင် အဆိုပါဝန်ကြီးဌာနခန်းမအနီး၌ ကျင်းပရာ ပတမဆုရ သမဝါယမဦးစီးဌာနအသင်းအား ငွေကျပ် ၂၇၀၀၀၀၊ ဒုတိယဆုရ သမဝါယမပို့ကုန်သွင်းကုန်လုပ်ငန်းအသင်းအား ငွေကျပ် ၂၄၀၀၀၀ နှင့် တတိယဆုရ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအသင်းအား ငွေကျပ် ၂၂၀၀၀၀ တို့ကို ပြည်တောင်စုဝန်ကြီး ဦးကျော်ဆန်း၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးတို့က ဆုများပေးအပ်ခဲ့ကြောင်းသတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

တတိယအကြိမ် ဘင်းမ်စတက် (BIMSTEC)ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ နေပြည်တော်၌ကျင်းပမည် သတင်းရယူမည့်မီဒီယာသမားများ မှတ်ပုံတင်ဆောင်ရွက်နိုင်ရေး အသိပေး

နေပြည်တော် ဖေဖော်ဝါရီ ၁၄

တတိယအကြိမ် ဘင်းမ်စတက် (BIMSTEC) ထိပ်သီးအစည်းအဝေး မတိုင်မီ အကြိုညှိနှိုင်းအစည်းအဝေးနှင့် (၁၆) ကြိမ်မြောက် ဘင်းမ်စတက် အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးကို မတ်လ ၁ ရက်မှ ၂ ရက်အထိ နေပြည်တော်ရှိ ရှိုင်ရယ်ကမ္ဘာဟိုတယ်၌လည်းကောင်း၊ (၁၄)ကြိမ်မြောက် ဘင်းမ်စတက် ဝန်ကြီးအဆင့်အစည်းအဝေးနှင့် တတိယအကြိမ်ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးကို မတ် ၃ ရက်မှ ၄ ရက်အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ လည်းကောင်း ကျင်းပမည်ဖြစ်သည်။

သတင်းတက်ရောက်ရယူလိုသည့် ပြည်တွင်း/ပြည်ပသတင်းထောက်များအနေဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်ဖြစ်သော www.thirdbimstecsummit.gov.mm ၌ HOME Page ရှိ MEDIA REGISTRATION ကိုနှိပ်၍ MEDIA REGISTRATION FORM တွင် ဖြည့်စွက်ကာ SUBMIT ပြုလုပ်ရန်ဖြစ်ပြီး ဖေဖော်ဝါရီ ၂၅ ရက် နောက်ဆုံးထားပေးပို့ရန်နှင့် ဝင်/ထွက်ခွင့်ကတ်များထုတ်ပေးခြင်းကို မတ် ၁၊ ၂ ရက်အစည်းအဝေးမှစ၍ သတင်းရယူလိုသူများအတွက် ရှိုင်ရယ်ကမ္ဘာဟိုတယ်တွင်လည်းကောင်း၊ မတ် ၃၊ ၄ ရက် အစည်းအဝေးသတင်းရယူလိုသူများအတွက် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနတွင်လည်းကောင်း နေရာအလိုက်အစည်းအဝေးစကင်သည့်ရက် နံနက်ပိုင်းတွင် ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာသတင်းထောက်များအနေဖြင့် နီးစပ်ရာသံရုံးများမှတစ်ဆင့် ဗီဇာ လျှောက်ထားကြရမည်ဖြစ်ကြောင်းနှင့် နိုင်ငံတကာသတင်းထောက်များအတွက် ဝင်/ထွက်ခွင့်ကတ်၊ ဗီဇာကိစ္စတို့နှင့်ပတ်သက်၍ သိရှိလိုပါက အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ဖုန်း ၀၆၇-၄၁၂၅၀၉ သို့ လည်းကောင်း၊ ပြည်တွင်းအခြေစိုက် နိုင်ငံခြားသတင်းဌာနများနှင့် ပြည်တွင်းစာနယ်ဇင်းများ ဝင်/ထွက်ခွင့်ရရှိရေးနှင့်ပတ်သက်၍ သိရှိလိုပါက သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဖုန်း ၀၆၇-၄၁၂၁၂၆ သို့ လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

လျှောက်ထားသော သတင်းစာနှင့် ဂျာနယ်များအနက် သတင်းစာနစ်စောင်နှင့် ဂျာနယ်ငါးစောင်ကို ထုတ်ဝေခွင့်ပြုခဲ့ ကျန်သတင်းစာနှင့် ဂျာနယ်များကို ဆက်လက်သုံးသပ်ဆောင်ရွက်သွားမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၄

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ဦးက စာနယ်ဇင်းတုတ်ဝေခွင့် လျှောက်ထားမှုအပေါ် ခွင့်ပြုချက်များ ချမှတ်ပေးမြင်းနှင့် စပ်လျဉ်း၍ ယနေ့မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် ရှင်းလင်းပြောကြားသည်။

ယနေ့အထိ သတင်းစာ၊ ဂျာနယ် လျှောက်ထားမှုအနေဖြင့် သတင်းစာ သုံးစောင်၊ ဂျာနယ် ၁၃ စောင်ရှိကြောင်း သိရသည်။

ယင်းသို့ လျှောက်ထားလာသော သတင်းစာများထဲမှ ဒေါ်ယမင်းစိုး၏ လူတမော်ကွန်းနေ့စဉ်သတင်းစာကို တုတ်ဝေခွင့်ပြုရန်နှင့် ဦးကိုကို၏ ရန်ကုန်ထိုင်း(မ်)နေ့စဉ်သတင်းစာကို Democracy Today အမည်ပြောင်းခွင့်ပြုရန် ယနေ့တွင်ပြုလုပ်ခဲ့သည့်ပုံနှိပ်သူများ၊ တုတ်ဝေသူများမှတ်ပုံတင်နှင့် ဖြန့်ချိရေးလုပ်ငန်းများ ကြီးကြပ်မှုဗဟိုအဖွဲ့ အစည်းအဝေး (၁/၂၀၁၄) က ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ELEVEN NATION Media Co.,Ltd. ကိုယ်စား ဒေါက်တာသိန်းမြင့် လျှောက်ထားသော MYANMAR ELEVEN နေ့စဉ်တုတ်သတင်းစာ (အင်္ဂလိပ်ဘာသာ) နှင့်ပတ်သက်၍ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ အဆိုပြုတင်ပြခွင့်ပြုချက်ရယူရန်အတွက် လျှောက်ထားရန် လို၊ မလို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသို့ စာဖြင့် ညှိနှိုင်းမေးမြန်းရာ ၎င်းဌာနမှ ပြန်ကြားရာတွင် ရင်းနှီးမြှုပ်နှံမှုဥပဒေများသည် ရင်းနှီးမြှုပ်နှံသူ၏ ဆန္ဒအလျောက် ဆောင်ရွက်နိုင်သည့် ဥပဒေ (Optional Law) ဖြစ်သဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြရန် လို၊ မလိုမှာ ရင်းနှီးမြှုပ်နှံသူ၏ ဆန္ဒသာဖြစ်ကြောင်း၊ သို့ရာတွင် သတင်းစာတုတ်ဝေဖြန့်ချိသည့်လုပ်ငန်းမှာ ပြည်သူလူထုအတွက် ဦးတည်ဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်ခြင်းကြောင့်လည်းကောင်း၊ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှ ဆောင်ရွက်မည့်လုပ်ငန်းဖြစ်သဖြင့် ရင်းနှီးမြှုပ်နှံသူများအတွက်ဥပဒေနှင့်အညီခွင့်ပြုထားသည့် အခွင့်အရေးများကို ခံစားရရှိနိုင်ခြင်းကြောင့် လည်းကောင်း နေ့စဉ်သတင်းစာတုတ်ဝေသည့်လုပ်ငန်းအား နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်လျှင် ပိုမိုအကျိုးရှိနိုင်ကြောင်း သုံးသပ်ပြီး ပြန်ကြားလာကြောင်း၊ ထို့ကြောင့် ELEVEN NATION Media Co.,Ltd. အနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေပါ အခွင့်အရေးကိုခံစားရရှိလိုခြင်း ရှိ၊ မရှိပေါ် မူတည်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကော်မရှင်သို့ အဆိုပြုချက် တင်သွင်းဆောင်ရွက်လိုခြင်း ရှိ၊ မရှိ သို့မဟုတ် ယခုတင်ထားသည့်အတိုင်း ဆက်လက်ဆောင်ရွက်ပေးရန် လို၊ မလိုအကြောင်း ပြန်ပေးရေး မေးမြန်းရန် ကြီးကြပ်ဗဟိုအဖွဲ့က ယနေ့နံနက် ပြုလုပ်သော အစည်းအဝေးတွင် ဆုံးဖြတ်ခဲ့ကြောင်း၊ ယင်းအကြောင်းပြန်စာအပေါ် ကြီးကြပ်ဗဟိုအဖွဲ့က ဆက်လက်သုံးသပ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ကျန်သတင်းစာဖြစ်သော ဦးမောင်မောင်ဇံ၏ People Power Daily (ပြည်သူ့ခွန်အားနေ့စဉ်သတင်းစာ)မှာ ဆက်လက်စိစစ်သုံးသပ်ရန် လိုနေသေးသည့်အတွက် နောက်တစ်ကြိမ်ပြုလုပ်မည့် အစည်းအဝေးတွင် ဆက်လက်သုံးသပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ဂျာနယ်တုတ်ဝေခွင့်နှင့် ပတ်သက်၍ ဦးဝဏ္ဏ၏ Tomorrow သတင်းဂျာနယ်၊ ဦးဒွေးအောင်၏ သပြေနု သတင်းဂျာနယ်၊ ဦးကျော်ဝင်း၏ ဒို့တောင်သူ ဂျာနယ်နှင့် ဒေါ်ခိုင်ငြိမ်းချမ်းစိုး၏ All in One သတင်းပေါင်းချုပ်သတင်းဂျာနယ် စုစုပေါင်းဂျာနယ်လေးစောင်ကို တုတ်ဝေခွင့်နှင့် ဦးမျိုးအောင်၏ Computer User ဂျာနယ်မှ Myanmar Weekly Chronicle သတင်းဂျာနယ်သို့ အမည်ပြောင်းခွင့်ကို ကြီးကြပ်ဗဟိုအဖွဲ့က ခွင့်ပြုခဲ့ပါကြောင်း၊ ကျန်ဂျာနယ်ရစ်စောင်ကိုလည်း ကြီးကြပ်ဗဟိုအဖွဲ့က ဆက်လက်သုံးသပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

သတင်းစာရှင်းလင်းပွဲကျင်းပစဉ်။ **(သတင်းစဉ်)**

ကမ္ဘာရွာမှာ ပညာရှာရာဝယ်

စန်းနီလာဝင်း

ကမ္ဘာ့ကုလသမဂ္ဂမှ ရည်မှန်းချမှတ်ထားရှိသော ထောင်စုနှစ်ရည်မှန်းချက်များတွင် လာမည့် ၂၀၁၅ ခုနှစ်တွင် ကမ္ဘာ့နိုင်ငံအသီးသီး၌ မူလတန်းပညာသင်အရွယ်ယောကျာ်းလေးရော မိန်းကလေးပါမကျန်အားလုံး မူလတန်းပညာတတ်မြောက်ပြီးရေး (Ensuring Universal Primary Education For Boys and Girls)ဟူသော ရည်မှန်းချက်ကို မပြစ်မနေ အကောင်အထည်ဖော်သွားရန်ဟူသောလုပ်ငန်းစဉ်တစ်ရပ်ဖော်ပြပါရှိသည်။ စာရေးသူတို့မြန်မာနိုင်ငံတွင် လာမည်နှစ်မစ၍ အခမဲ့ အလယ်တန်းပညာသင်ကြားရေးစနစ်ကို စတင်အကောင်အတည်ဖော်ဆောင်နိုင်တော့မည်ဖြစ်ပါ၍ အလွန်ဝမ်းမြောက်ပီတိဖြစ်ရပါသည်။

ယနေ့ကမ္ဘာပေါ်တွင် ကျောင်းမနေနိုင်ကြသည့်ကလေးဦးရေ ၁၁၃ သန်းကျော်ရှိနေပြီး ထိုကျောင်းမနေနိုင်ကြသည် ကလေးဦးရေတွင် ယောကျာ်းလေး ၄၁ ရာခိုင်နှုန်း၊ မိန်းကလေး ၅၉ ရာခိုင်နှုန်းရှိနေသည်ဟု သိရသည်။ ပညာလည်းမသင်ကြားနိုင်၊ အရွယ်လည်းမရောက်ဘဲ လုပ်ငန်းခွင်အသီးသီးတွင် အလုပ်လုပ်ကိုင်နေကြရရှာသည့် အရေအတွက်ပမာဏကို ဆက်လက်ဖော်ပြလိုပါသည်။

ကမ္ဘာတစ်ဝန်းတွင် အသက်(၅)နှစ်မှ (၁၄) နှစ်အတွင်း အလုပ်လုပ်ကိုင်နေကြရရာသူဦးရေမှာ သန်း ၂၅၀ ကျော် ရှိနေသည်။ တိုသန်း ၂၅၀ ထဲတွင် အာရတိုက်မှ အရွယ်မရောက်သေးသည်ကလေးအလုပ်သမားဦးရေ ၆၁ ရာခိုင်နှုန်းက အာဖရိကတိုက်မှ အရွယ်မရောက်သေးသည်ကလေးအလုပ်သမားဦးရေ ၃၂ ရာခိုင်နှုန်း၊ လက်တင်အမေရိကတိုက်မှ အရွယ်မရောက်သေးသည့် ကလေးအလုပ်သမားဦးရေ ခုနစ်ရာခိုင်နှုန်း အသီးသီးရှိနေသည်ကိုတွေ့ရှိရသည်။ အသက်(၅)နှစ်မှ (၁၄)နှစ်အရွယ်ကလေးများမှာ မူလတန်းပညာနှင့် အလယ်တန်းပညာကိုသင်ကြားကြရမည့် အရွယ်များဖြစ်သော်လည်းကျောင်းမနေနိုင်၍ ပညာမသင်ကြားနိုင်ကြဘဲ ကာယလုပ်ငန်းခွင်အသီးသီးသို့ မရောက်သင့်ကြဘဲ ရောက်နေကြရရှာသူများဖြစ်ကြသည်။

ဒီမိုကရေစီကျင့်သုံးမှုတွင်ကျယ်ခြင်းသည် အသိပညာနှင့် ဆင်ခြင်တုံတရားပေါ်တွင် အမှီပြုနေပေသည်။ ပညာတတ်ဦးရေ ပေါများနေမှသာ အကြမ်းဖက်မှုများ၊ ဒုစရိုက်မှုများ လျော့နည်းနိုင်ကြောင်းနှင့် စပ်လျဉ်း၍ "စာသင်ကျောင်းများ များစွာဖွင့်လှစ်ပေးနိုင်လေလေ အကျဉ်းထောင်ဝင်ပေါက်တံခါးများကို ပိတ်ထားနိုင်လေလေ"ဟူသော အနောက်တိုင်းဆိုရိုးစကားတစ်ခုရှိပါသည်။ ပညာရေးဖွံ့ဖြိုးတိုးတက်မှုတာဝန်ကိုနိုင်ငံတော်အစိုးရချည်း မဟုတ်ဘဲ ပညာဒါနရှင်များ၏ ပညာရေးဖောင်ဒေးရှင်းများက ပါဝင်ဖြည့်ဆည်းလာကြသည်သူတို့၏ ကုလသကမ္မပတလုပ်ငန်းကို ဂုဏ်ယူဝမ်းမြောက်မိပါသည်။

လူဟူ၍ဖြစ်လာပြီး ပညာမသင်ကြားရလျှင် လူဖြစ်ရှုံးကြရမည်ဖြစ်သည်။ ပညာသင်ကြားလိုသော်လည်း အခက်အခဲရှိနေသူများအတွက် လည်းကောင်း၊ ပညာရေးလမ်းခရီးတွင် တူးချွန်တက်ကြွစွာ လျှောက်လှမ်းနိုင်ကြသူများကို အချိုဝေါ်သကာလောင်းသကဲ့သို့ ပညာရည်ထူးချွန်မှုကို ပံ့ပိုးချီးမြှင့်သွားနိုင်ရန်အတွက်လည်းကောင်း၊ ကျောင်းအဆောက်အအုံ၊ ကျောင်းသုံးပရိဘောဂများ၊ ကွန်ပျူတာများနှင့် စာအုပ်စာတမ်း စာရေးကိရိယာများကိုလည်းကောင်း၊ သဒ္ဓါတရားလည်းတက်သန်၊ ငွေကြေးအင်အားလည်း တတ်နိုင်ကြသည် ပညာရေးဒါနပြုကြသူများ၏ ပညာရေးဖောင်ဒေးရှင်းများ တိုးပွားသည်တက်တိုးပွားလာစေချင်ပါသည်။ ပညာထူးချွန်ပါလျက် မိဘအုပ်ထိန်းသူများက ငွေကြေးမတတ်နိုင်သောကြောင့် ပညာရေးကို ကျောခိုင်းခဲ့ရကာ ပညာတစ်ပိုင်းတစ်စဖြင့် လူလောက၌ အခြေချလုပ်ကိုင်စားသောက်နေရသူများကို အတွေးစာနာတောက်တားမိသည်။ ငွေကြေးကြွယ်ဝချမ်းသာစေကာမူ ပညာရေးဖွံ့ဖြိုးမှု၌ သဒ္ဓါတရားနည်းပါးပါက ပညာဒါနပြုဖြစ်ကြမည် မဟုတ်ပေ။ ဥစ္စာနေလည်းကြွယ်ဝ၊ ပညာတန်ဖိုးကိုလည်းသိ၊ သဒ္ဓါတရားလည်းရှိကြသူများသာ ပညာဒါနပေးလှူနိုင်ကြခြင်းပင်ဖြစ်သည်။

ဤနေရာတွင် စပ်လျဉ်း၍ စာရေးသူ၏ငယ်စဉ်ပညာသင်ဘဝကို ပြန်လည်အမှတ်ရမိသည်။ စာရေးသူသည် ငယ်စဉ်က ဇာတိဖြေဖြစ်သော သာယာဝတီခရိုင် စစ်ကွင်းမြို့ နိဂြောဓာရုံ အစိုးရမူလတန်းကျောင်းတွင် စတင်ပညာသင်ကြားခဲ့ရ၏။ တိုနိဂြောဓာရုံဘုန်းကြီးကျောင်း၏ ပဓာနနာယက ဆရာတော်ကြီးမှာ စာရေးသူ၏ ဘိုးဘွားမိဘများ ပစ္စည်းလေးပါးဒကာခံယူ၍ ကိုးကွယ်ခဲ့သော ဆရာတော်တစ်ပါးဖြစ်ပါ၏။ အချို့ကျောင်းသားများဆိုလျှင် မိဘနှစ်ပါးမရှိတော့၍ လည်းကောင်း၊ အချို့ဆိုလျှင် မိဘနှစ်ပါးမှာ ချို့တဲ့ဆင်းရဲတွင်းနက်နဲလှသဖြင့် မူလတန်းကျောင်း၌ပင်မထားနိုင်၍လည်းကောင်း၊ ဘုန်းကြီးကျောင်း၌ ကျောင်းအိပ် ကျောင်းစားနေထိုင်ရင်းမှ မူလတန်းပညာကို သင်ကြားခဲ့ကြရှာ၏။ သည်ကြားတဲ ရင်နည်းရာ အဂ္ဂလုထွက်ဆိုသကဲ့သို့ အချို့မိဘများက အချို့ကျောင်းသားများကို လယ်ယာလုပ်ငန်း၌ ကူညီလုပ်ကိုင်ရန်နှင့် ကျွဲကျောင်း၊ နွားကျောင်းခိုင်းစေရန် ကျောင်းမှအပြီး နုတ်ထွက်သွားခဲ့ကြရသည်ကို ကိုယ်တွေ့ကြုံရသောအခါ ထိုကျောင်းနုတ်ခံရသော သူငယ်ချင်းများအတွက် စာရေးသူရင်ထုမနာခံစားခဲ့ရသည်။

တစ်ခါရန်ကုန်တက္ကသိုလ်သို့ ရောက်သောအခါ တက္ကသိုလ်တွင် အဆောင်စရိတ်၊ စားစရိတ်မတတ်နိုင်သဖြင့် အချို့က ကျွမ်းဝင်ရင်းနှီးရာ ဘုန်းကြီးကျောင်းများ၌ နေထိုင်ပြီး ပညာသင်ကြားကြရသူများကိုလည်း တွေ့ရပြန်ပါ၏။ အချို့မှာ ရန်ကုန်မြို့၌ ဆွေမျိုးသားချင်း အိမ်များမှတစ်ဆင့် ကျောင်းတက်ကြရသည်။ ထိုစဉ်က ရန်ကုန်မြို့၌ စာရေးသူတို့မြို့နယ်အသင်းမဖွဲ့ရသေးသဖြင့် ချို့တဲ့ဆင်းရဲသည့် တက္ကသိုလ်ပညာသင်ကျောင်းသားကျောင်းသူများကို တောက်ပံ့ခြင်း မပြုနိုင်။ အချို့မှာ အစိုးရပညာသင်တောက်ပံ့ကြေးမရကြသဖြင့် ကျောင်းတွက်ရသည်အပြေအနေသို့ ဆိုက်ရောက်ခဲ့ကြရသည်။

ထိုအခါ စာရေးသူသည် ရန်ကုန်ရောက် ကျွန်တော်တို့ ဇာတိမြို့မှ တက္ကသိုလ်ပညာသင်ကျောင်းသား ကျောင်းသူများ ရန်ကုန်၌ အပြေချနေထိုင်ပြီး ငွေကြေးဥစ္စာချမ်းသာနေသည် ပုဂ္ဂိုလ်များကိုစုဝေးပြီး ချို့တဲ့ပညာသင် ကျောင်းသား ကျောင်းသူအချို့ကို တတ်နိုင်သမျှထောက်ပံ့ရန် စည်းရုံးခဲ့သည့် လစဉ်ကူညီတောက်ပံ့ငွေများကို စာရေးသူကိုယ်တိုင် လိုက်လံကောက်ခံပေးခဲ့ပြီး ထိုနွမ်းပါးကျောင်းသား ကျောင်းသူများ၏ ပညာရေးဆုံးခန်းတိုင်ဘဝသို့ ရောက်ရှိရေးအတွက် ပါရမီကူညီဖြည့်ဆည်းပေးနိုင်ခဲ့သည်။

လွန်ခဲ့သည့် ဖေဖော်ဝါရီလ ၈ ရက်နှင့် ၉ ရက်များက ဇာတိဖြေစစ်ကွင်းမြို့တွင် စစ်ကွင်းအသင်း (ရန်ကုန်)နှင့် နတ္တလင်းမြို့ရောက် စစ်ကွင်းသားမတည် အလှူရှင်ဆန်စက်လုပ်ငန်းရှင် ဦးဇော်လွင်ဦးမိသားစုက ပြည်သူ့အလင်းစာကြည်တိုက်ကြီးနှင့် e-library ကို ဖွင့်လှစ်ပေးခဲ့သည်။ စစ်ကွင်းအသင်း (ရန်ကုန်)မှ အမှုဆောင်လူကြီးများဖြစ်ကြသည် ဦးသန်းစိန်၊ ဦးမြင့်သိန်း၊ ဦးတင်အောင်၊ ဦးလှကျော်၊ ဦးခင်ကြွယ်၊ဦးတင်ဝင်း၊ ဦးဝင်းမောင်၊ ဦးကြင်စိန် (စစ်ကွင်း) တို့၏ ဦးဆောင်မှုဖြင့် နှစ်စဉ်စစ်ကွင်းအတက အာစရိယပူဇော်ပွဲကို ကျင်းပရင်း စာပေဟောပြောပွဲ၊ စာကြည့်တိုက်ဖွင့်ပွဲများ ကျင်းပနိုင်ခဲ့သည်။ ဒီထက်ထူးခြားလှသည်မှာ စစ်ကွင်းအုတ်တွင်းကျေးရွာရှိ လူရည်ချွန်ဆုရကျောင်းသူကလေး၏ တက္ကသိုလ်ပညာရေး ဆက်လက်သင်ကြားနိုင်ရန် အလှူငွေချီးမြှင့်ထောက်ပံ့မှုကို အပြေပြုပြီး နောင်ထူးချွန်ပညာသင်ကျောင်းသား ကျောင်းသူများအတွက် ပညာရေးဖောင်ဒေးရှင်းတစ်ခု တည်ထောင်တော့မည်ဟုသိရ၍ အတိုင်းမသိဝမ်းမြောက်ရသည်။ စာရေးသူမှာမိဒီယာတာဝန်ရှိ ဝန်ထမ်းတစ်ဦးဖြစ်နေ၍ ဇာတ်မြေသို့ ပြန်ရန် အခြေအနေမပေးသဖြင့် ရန်ကုန်မှနေ၍ အလှူငွေထည့်ဝင်နေရသော်လည်း စာရေးသူ အဓိကမျှော်မှန်းခဲ့သည့် စစ်ကွင်းအသင်းနှင့် ပညာရေးဖောင်ဒေးရှင်း ရုပ်လုံးပေါ်လာ၍ အတိုင်းမသိဝမ်းမြောက်ကြည်နူးရပါ၏။ စာရေးသူနှင့်ကွယ်လွန်သွားရာသူ ဦးသောင်းရှိန်(ဆက်သွယ်ရေးအရာရှိ-ငြိမ်း) တို့သည် စစ်ကွင်းအသင်း(ရန်ကုန်)ဖြစ်ဖြောက်ရေးအတွက် သူကဥက္ကဋ္ဌ၊ စာရေးသူက အတွင်းရေးမှူးအဖြစ် စတင်စည်းရုံးခဲ့ပြီး ယခုအခါ စစ်ကွင်းအသင်းကြီး(ရန်ကုန်) မှစ၍ အာစရိယပူဇော်ပွဲနှစ်စဉ်ကျင်းပပေးရုံသာမက စာကြည့်တိုက်နှင့် ပညာရေးဖောင်ဒေးရှင်းရုပ်လုံးကို အောင်ဖြင်စွာ ထုဆစ်ဖော်ဆောင်နိုင်ပြီဖြစ်ပါသည်။

ယနေ့မျက်မှောက်ခေတ်သည် ပညာရေးဖွံ့ဖြိုးမှုနှင့်အတူ စီးပွားရေး၊ လူမှုရေးတိုးတက်လာသည့် ခေတ်ဖြစ်သောကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးသည် ပညာဖွံ့ဖြိုးမှုဖြင့်လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုများ (Human Resource Development) ဖြစ်ပေါ်လာရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ လွန်ခဲ့သည့် ၂၀ ရာစုခေတ်က နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံ၊ ဒေသတစ်ခုနှင့်တစ်ခု ဖွံ့ဖြိုးတိုးတက်မှုကို နှိုင်းယှဉ်ထိုင်းတာလေ့လာကြမည်ဆိုပါက ကုန်သွယ်ရေးရင်းတမ်း (Balance of Trade)၊ ငွေပေးငွေယူရင်းတမ်း (Balance of Payment) တို့ဖြင့် နှိုင်းယှဉ်တိုင်းတာလာကြသည်။ ယနေ့ ပစ္စုပ္ပန်ကာလသည် နိုင်ငံတကာပညာရည်နှိုင်းယှဉ်မှု (International Balance of Knowledge) ဖြင့် တိုင်းတာသည့် ပညာခေတ်(Age of Knowledge) ဖြစ်လာသည်။ သိပ္ပံနှင့် နည်းပညာ (Science and Technology) တိုးတက်ဖွံ့ဖြိုးသည် နယ်ပယ်တိုင်းတွင် လျင်မြန်စွာ ဖြစ်ပေါ်လျက်ရှိရာ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုတွင်လည်း ပညာသည်သာ အဓိကအရာဖြစ်လာသည်။ ယခင်က ကုန်ထုတ်လုပ်မှုစီးပွားရေးဘဝ (Production Economy P-Eco) မှ ယခုအခါ ပညာအခြေဖြုပြီး စီးပွားရေးဘဝ Konwledge Based Economy ဖြစ်လာသည်။

ယနေ့မျက်မှောက်ကာလကို နည်းပညာတော်လှန်ရေးခေတ် (Age of Technological Revolution) သို့မဟုတ် ပညာခေတ် (Age of Knowledge) ဟုလည်း သတ်မှတ်ထားကြသည်။ ကုန်ဆုံးပြီးခဲ့သည့် ၁၈ ရာစုခေတ်ကို ပထမစက်မှုတော်လှန်ရေးခေတ် (Age of First Industrial Revolution) ဟု သတ်မှတ်ခဲ့ကြပြီး ၂၀ ရာစုနှစ်ခေတ်ကို ဒုတိယစက်မှု တော်လှန်ရေးခေတ် (Age of Second Sumd Industrial Revolution) ခေါ်သည်။ ယနေ့ ၂၁ ရာစုခေတ်ကို သတင်းနှင့်ဆက်သွယ်ရေးနည်းပညာခေတ် (Age of Information Technology)ဟု သတ်မှတ်ထားကြသည်။

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအခြေခံပုံရိပ်များကို ကုလသမဂ္ဂအဖွဲ့ကြီးက လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုဆန္ဒန်းကိန်း (HDI-Human Development Index) ဖြင့် ချိန်တိုးတိုင်းတာပါသည်။ လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု ဆန္ဒန်းကိန်းဆိုသည်မှာ-

(၁) သက်ဆိုင်ရာနိုင်ငံသားထိုင်း၏မျှော်မှန်းသက်တမ်း (Expectancy of Life and Birth)

(၂) သက်ကြီးစာတတ်မြောက်မှုအချိုးအစား (Adult Literacy ratio)

(၃) မူလတန်း၊ အလယ်တန်း၊ အတက်တန်းပညာသင်ကြားမှုအချိုးအစား (Combined First,Second and Third Level School enrolment ratio)နှင့်

(၄) ဝင်ငွေ (Income)တို့ဖြစ်ကြသည်။

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးတွင် နိုင်ငံသူနိုင်ငံသားတို့၏ အသိပညာ၊ အတတ်ပညာများပေါ်တွင် များစွာတည်မှီနေသည်။ ယနေ့ပစ္စုပ္ပန်ကာလသည် နည်းပညာတော်လှန်ရေးကာလ(Age of Technology Revolution) ဖြစ်ပြင်းကြောင့် နိုင်ငံသူ နိုင်ငံသားများသည် အဆင့်မြင့်နည်းပညာရပ်များကိုတတ်မြောက်ကျွမ်းကျင်ရန် အထူးလိုအပ်လှသည်။ ကမ္ဘာ့နိုင်ငံအများစုသည် နည်းပညာဖွံ့ဖြိုးမှုအတွက် အသိပညာအခြေပြုလူ့အဖွဲ့အစည်း (Knowledge Based Society) ဖြစ်မြောက်ရေးကို အားသွန်ခွန်စိုက် ကြိုးပမ်းအကောင်အတည်ဖော်ဆောင်ရွက်လျက်ရှိကြသည်ကို တွေ့ရသည်။

သုံးလောကထွတ်တား မြတ်ဗုဒ္ဓဘုရားက ပညာ၏အနှစ်သာရနှင့် စပ်လျဉ်း၍ "ပညာနရာနံရတနံ" "ပညာသည်ကား လူသားအားလုံး၏ ရတနာစစ်ရတနာမှန်ဖြစ်သည်"ဟူ၍လည်းကောင်း၊ "ပညာသမာအာဘာနတ္ထိ" "ပညာနှင့်တူသော အလင်းရောင်ဟူသည်မရှိ"ဟူ၍လည်းကောင်း ဟောဖော်ညွှန်ပြတော်မူခဲ့သည်။ ထို့ကြောင့် ဂျပန်နိုင်ငံ၌ အဆင့်မြင့်အင်ဂျင်နီယာပညာရပ်များကို ပညာတော်သင်ဘဝဖြင့်သွားရောက်သင်ကြားလျက်ရှိသော သမီးဖြစ်သူကို စာရေးသူက ပညာရှာဖွေရာ၌ "သတိတမံ၊ ဉာဏ်ဖြေကထုတ်၊ ပညာဉာဏ်ကို ချွန်းနှင့်အုပ်" "သတိလက်ယာ၊ ပညာလက်ဝဲ"ဟူသော ခံယူချက်ဖြင့် မိမိအကျိုးနိုင်ငံအကျိုးသယ်ပိုးနိုင်အောင် အားထုတ်ကြိုးပမ်းသင်ကြားရန်မှာကြားရသည်။

နိုင်ငံတစ်နိုင်ငံ၏ဖွံ့ဖြိုးမှုစံကို လူနေမှုဘဝရုပ်ပိုင်းဆိုင်ရာ အရည်အသွေးတိုးတက်မှုညွှန်းကိန်း (Augmented Physical Quality of Life Index) ဖြင့် တိုင်းတာဖော်ပြလေ့ရှိကြသည်။ ထိုလူနေမှုဘဝရုပ်ပိုင်းဆိုင်ရာအရည်အသွေးညွှန်းကိန်းသည် အဓိကအားဖြင့် နိုင်ငံတစ်နိုင်ငံ၌ လူတို့၏ပျမ်းမျှသက်တမ်း၊ ကယ်လိုရီစားသုံးမှု၊ ကလေးများကျောင်းပညာသင်ကြားမှု၊ သက်ကြီးလူဦးရေစာတတ်မြောက်မှုအပြေအနေများကိုပါထည့်သွင်းဖော်ပြကြရသည်။ ထို့ကြောင့်နိုင်ငံတစ်နိုင်ငံ၏ဖွံ့ဖြိုးမှုစံနှုန်းကို တိုင်းတာဖော်ပြရာ၌ စီးပွားရေးတစ်ခုတည်းသာမဟုတ်ဘဲ အသိပညာ၊ အတတ်ပညာအဆင့်အတန်းများကိုပါထည့်သွင်းရသည်ကို ကြည့်ခြင်းအားဖြင့် ပညာရေး၏ အရေးပါမှုကို သိသာနိုင်ပြီဖြစ်ပါသည်။

ယနေ့ ၂၁ ရာစု၌ နည်းပညာရပ်များ အရှိန်အဟုန်ဖြင့်တိုးတက်လာခြင်းကြောင့် ကမ္ဘာသည် ရွာတစ်ရွာဖြစ်လာတော့သည်။ တို့ကြောင့် ကမ္ဘာကို "ကမ္ဘာရွာ" (Global Village)ဟု ခေါ်ကြသည်။ တို့ကြောင့် ကမ္ဘာရွာမှာ ပညာရှာဖွေဆည်းပူးကြသူတိုင်း ကမ္ဘာနှင့်ချိတ်ဆက်ကာ အမျိုးသားပညာရေးဖွံ့ဖြိုးမှုနှင့်အတူ နိုင်ငံတော်ပညာရေးတိုးတက်ဖွံ့ဖြိုးရေးကို ဦးတည်၍ နိုးကြားစွာ ကြိုးစားနိုင်ပါစေကြောင်းနှင့် သဒ္ဓါတရားလည်းတက်သန်၊ ပညာတန်ဖိုးကိုလည်း အလေးတားကြသူများလည်းဖြစ်ကြသည် လောကအကျိုးဆောင် လောကတ္ထစရိယ ပရဟိတအလှူရှင်များ (Well-Wishers)ကလည်း ပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ ပံ့ပိုးဖြည့်ဆည်းသွားနိုင်ကြစေရေး အရေးတားလေးစားစွာဖြင့် ရေးသားဆန္ဒပြုအပ်ပါသည်။ ။



လွှတ်တော်ရေးရာ

✱ ပြည်သူ့လွှတ်တော်မှ

တင်ပြခဲ့ပါကြောင်း၊ အစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒများ၊ ပြုပြင်ပြောင်းလဲမှုများ၊ မက်ခရိုစီးပွားရေးအခြေအနေ၊ မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးအခြေအနေ၊ ငွေကြေးမူဝါဒ၊ ဘဏ္ဍာရေးမူဝါဒများ၊ ရသုံးမှန်းခြေငွေစာရင်း၊ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဆောင်ရွက်နိုင်မှု၊ ကဏ္ဍစီမံကိန်းနှင့်ပြည်သူ့ဘဏ္ဍာရေး၊ဒေသန္တရစီမံကိန်းများနှင့် ပြည်သူ့ဘဏ္ဍာရေး၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်မှု၊ အထူးစီးပွားရေးဇုန်များနှင့်ဆောင်ရွက်မှုအခြေအနေ၊ ပြည်ပအကူအညီ အထောက်အပံ့ရရှိမှု၊ ပြည်ပစီးပွားရေးဆက်ဆံမှုများနှင့် မြန်မာနိုင်ငံ၏ အလားအလာ စသည်ဖြင့် အခန်းပေါင်း(၁၁) ခန်းဖြင့် နိုင်ငံတော်၏ ဖြစ်ပေါ်နေသည့်ပကတိအခြေအနေကို ထင်ဟပ်ဖော်ပြသည့် ဘဏ္ဍာရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများသာမက နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ ပြည်ပနိုင်ငံများနှင့် စီးပွားရေးဆက်ဆံမှုများကိုပါပြုစု၍ ဖော်ပြထားပါကြောင်း။

နိုင်ငံတော်၏ ဖြစ်ပေါ်နေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး အကောင်အထည်ဖော်နိုင်မှုများကို ထင်ဟပ်ဖော်ပြသည့် အမျိုးသားစီမံကိန်းနှစ်ပတ်လည်အစီရင်ခံစာကို နှစ်အလိုက် ဆက်လက်ပြုစုတင်ပြ၍ ပြည်သူသို့ နှစ်စဉ်ထုတ်ပြန်ပေးနိုင်ရန်အတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်မည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းလူကျော်၏ **သဘာဝကျေးငှက်များအား**

ဒုတိယဝန်ကြီး
ဒေါ်လဲ့လဲ့သိန်း ဖြေကြားစဉ်။

မလှိုင်မဲဆန္ဒနယ်မှ
ဦးအေးမောက် မေးမြန်းစဉ်။

ဖမ်းဆီးရောင်းချပယ်မှုများဖြစ်ပေါ်နေခြင်းကို တားဆီးရန်ထိန်းသိမ်းရန်အစီအစဉ် ရှိ/ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်က ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းကာကွယ်ရေးကို ၁၉၉၄ခုနှစ်တွင် ထုတ်ပြန်ထားသည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေး ဥပဒေအရ လိုက်နာအကောင်ထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

ဥပဒေအရ ထုတ်ပြန်ကြေညာထားသော ကာကွယ်ရမည့် တောရိုင်းတိရစ္ဆာန်များစာရင်းတွင် လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များ၊ သာမန်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များနှင့် ရာသီအလိုက် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များဟူ၍ သုံးမျိုးခွဲခြားသတ်မှတ်ထားပါကြောင်း၊ ထိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်လည်း သစ်တောဦးစီးဌာနနှင့် ဒေသအုပ်ချုပ်ရေးအဖွဲ့များပူးပေါင်းကာ နိုင်ငံတော်မှ ထုတ်ပြန်ထားရှိသည့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို ပြည်သူလူထု ပိုမိုသိရှိနားလည် ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရေး အသိပညာပေးဟောပြောဆွေးနွေးခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြေကြားခဲ့သည်။

အစည်းအဝေးတွင်ပြည်သူ့ရေးရာစိမံခန့်ခွဲမှုကော်မတီကတင်သွင်းသည့် **အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေကြမ်း**နှင့်စပ်လျဉ်း၍လွှတ်တော်ကအတည်ပြုခဲ့ပြီးအမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိပြန်လည်ပေးပို့လာသော**ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေ ဥပဒေကြမ်း**ကို လက်ခံရရှိကြောင်း အသိပေးတင်ပြသည်။

အစည်းအဝေးကို မွန်းလွဲပိုင်းတွင်ရပ်နားခဲ့သည်။ **(သတင်းစဉ်)**

❖ အမျိုးသားလွှတ်တော်မှ

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းအောင်က ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာနသည် ပြည်သူလူထု၏ ကျန်းမာရေးအဆင့်အတန်း မြှင့်တင်ရန်နှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အစဉ်ရင်သန်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဆေးတက္ကသိုလ်(၄)ခု၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(၂)ခု၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်(၁)ခု၊ ဆေးဝါးတက္ကသိုလ်(၂)ခု၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်(၂)ခု၊ သူနာပြုတက္ကသိုလ်(၂)ခု၊ အခြေခံကျန်းမာရေးတက္ကသိုလ်(၁)ခုနှင့် သူနာပြုသင်တန်းကျောင်း(၂၃)ခု၊ သားဖွားသင်တန်းကျောင်း (၂၀)နှင့် သူနာပြုနှီးနွှယ်ကွင်းဆင်းလေ့ကျင့်သင်တန်းကျောင်း (၃)ခုတို့မှ လေ့ကျင့်မွေးထုတ်ပေးလျက်ရှိပါကြောင်း။

အဆိုပါ ဆေးတက္ကသိုလ်များ၊ ဆေးပညာနှီးနွှယ်တက္ကသိုလ်များနှင့် သူနာပြု/သားဖွားသင်တန်းကျောင်းများအားလုံးသည် နိုင်ငံတော်ပိုင်တက္ကသိုလ်များနှင့် သင်တန်းကျောင်းများ

ဒုတိယဝန်ကြီး
ဒေါက်တာသန်းအောင်

ဖြစ်ပြီး လက်ရှိတွင် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပတ်သက်သော ပုဂ္ဂလိကသင်တန်းများ ဖွင့်လှစ်ခွင့်ပြုရန် သီးခြားဥပဒေပြဋ္ဌာန်းထားခြင်းမရှိသည့်အပြင် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာသင်တန်းများဖွင့်လှစ်လိုပါက ကျန်းမာရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့်သာ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနမှ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှုနှင့်ပတ်သက်သော သင်တန်းများ ဖွင့်လှစ်နေကြသည့် ပုဂ္ဂလိကသင်တန်းများနှင့် အသင်းအဖွဲ့များသည် မည်သည့်ဝန်ကြီးဌာန၏ သဘောတူညီချက်/ခွင့်ပြုချက်ဖြင့်ဆောင်ရွက်နေကြောင်း ကုည်စစ်စစ်၍ အထောက်အထားများနှင့်တကွပြန်ကြားပေးနိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနမှ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ရုံးများအားလုံးသို့(၁၆-၅-၂၀၁၂) ရက်စွဲပါစာအမှတ်၊ ၁မဂ(က)၂၀၁၂/၄၄၆၅ဖြင့် ညှိနှိုင်းမေတ္တာရပ်ခံခဲ့ပြီးဖြစ်ပါကြောင်း။

တစ်ချိန်တည်းတွင် ကျန်းမာရေးဝန်ကြီးဌာနသည် ဆေးပညာနှင့်ဆေးပညာနှီးနွှယ်သင်တန်းကျောင်းများ၊ သူနာပြု သင်တန်းကျောင်းများ၏ အရည်အသွေးကို ထိန်းချုပ်နိုင်ရန်သာမက နောင်တိုးတက်ပြောင်းလဲလာမည့် ခေတ်စနစ်အခြေအနေနှင့်အညီ ပုဂ္ဂလိကတက္ကသိုလ်/ သင်တန်းကျောင်းများ ဖွင့်လှစ်နိုင်ရန်နှင့် အရည်အသွေးကိုပါထိန်းချုပ်နိုင်ရန် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် မူလရှိပြီးဖြစ်သော The Myanmar Medical DegreesAct1916 အား ခေတ်ကာလအခြေအနေနှင့် လိုက်လျောညီထွေရှိစေရန် မြန်မာနိုင်ငံဆေးပညာနှင့်ဆေးပညာနှီးနွှယ်ပညာရပ်ဆိုင်ရာ ဘွဲ့၊ ဒီပလိုမာ၊ လက်မှတ်များ ဥပဒေမူကြမ်းကို ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အကြံပြုချက်များနှင့်အညီ ညှိနှိုင်းတိုင်ပင်ရေးဆွဲလျက်ရှိပြီး ပြည်သူ့လွှတ်တော်သို့တင်ပြ၍ အတည်ပြုပြဋ္ဌာန်းနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါ ဥပဒေပြဋ္ဌာန်းပြီးပါက ဆေးဝါးကျွမ်းကျင်သင်တန်းများ၊ သူနာပြုသင်တန်းများအား ဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်

ရန်ကုန်တိုင်းဒေသကြီး
မဲဆန္ဒနယ်အမှတ်(၄)မှ
ဒေါက်တာမြတ်ဉာဏစိုး

မည်ဖြစ်ပါကြောင်း။

ပညာရေးဝန်ကြီးဌာနအနေဖြင့် ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေကို ၂၀၁၁ခုနှစ်၊ ဒီဇင်ဘာ ၂ ရက်တွင် လည်းကောင်း၊ ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်နည်းဥပဒေများကို ၂၀၁၂ ခုနှစ် ဧပြီ ၃၀ ရက်တွင် လည်းကောင်း ပြဋ္ဌာန်းခဲ့ပါကြောင်း၊ အဆိုပါဥပဒေသည် အခြေခံပညာကဏ္ဍတွင် ပညာရေးဝန်ကြီးဌာနက ပြဋ္ဌာန်းထားသည့် သင်ရိုးညွှန်းတမ်းကိုအသုံးပြုပြီး နိုင်ငံတကာ သင်ရိုးညွှန်းတမ်းအသုံးပြုသည့်ကျောင်းများအပေါ် သက်ရောက်မှု မရှိသည်ကို တွေ့ရှိရပါကြောင်း။

စံနှုန်းဖြင့် အရည်အသွေးကို ထိန်းချုပ်ရန်နှင့် သတ်မှတ်ချက်နှင့် ကိုက်ညီသည့် ကျောင်းများ၊ ကောလိပ်များ၊ သက်မွေးပညာသင်တန်းကျောင်းများနှင့် ပညာရေးဝန်ဆောင်မှုလုပ်ငန်းများဖြစ်စေရန်အတွက် သက်ဆိုင်ရာနယ်ပယ်အလိုက် ဥပဒေများရေးဆွဲပြဋ္ဌာန်းရန် လိုအပ်လျက်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ ပညာရေးဝန်ကြီးဌာနအနေဖြင့် စံနှုန်းများ သတ်မှတ်စိစစ်ပြီး တိကျစွာအရေးယူဆောင်ရွက်ခြင်း၊ ထိရောက်ဟန့်တားသော ပြစ်ဒဏ်များ ချမှတ်ခြင်းတို့ကို ဆောင်ရွက်ရန်အတွက် အမျိုးသားပညာရေးဥပဒေအသစ် ပြဋ္ဌာန်းနိုင်ရန် ရေးဆွဲလျက်ရှိပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

အစည်းအဝေးတွင် **အမျိုးသားဆေးဝါးဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာကို ကော်မတီဝင် ဦးကျော်ကျော်က ဖတ်ကြားတင်သွင်းသည်။

အဆိုပါဥပဒေကြမ်းနှင့် ပတ်သက်၍ ဆွေးနွေးရန် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ် မရှိသည့်အတွက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့်အတိုင်း လွှတ်တော်၏အဆုံးအဖြတ်ကို ရယူ၍ တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းအောင်က လက်ရှိဥပဒေ သည် ၁၉၉၂ ခုနှစ်က ရေးဆွဲခဲ့ခြင်းဖြစ်ပြီး ခေတ်ကာလအခြေအနေနှင့် မကိုက်ညီတော့ပါသဖြင့် **အမျိုးသားဆေးဝါးဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း**အား အတည်ပြုပေးနိုင်ရန် အဆိုတင်သွင်းရာ လွှတ်တော်က ယင်းဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုဆုံးဖြတ်ခဲ့သည်။

ယနေ့အစည်းအဝေးကို နံနက်ပိုင်းတွင် ရပ်နားလိုက်ပြီး အစည်းအဝေး (၁၄) ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၁၇ ရက် နံနက် (၁၀) နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

❖ နန်ချိုမှ

၁၁ ရက်တွင် သုံးလပြည့်သွားပြီဖြစ်သောကြောင့် မကြာမီဖွင့်လှစ်တော့မည်ဟုသိရသည်။

ရေအားလျှပ်စစ်ဦးစီးဌာနသည် ၂၀၀၂ ခုနှစ်နှင့် ၂၀၀၄ ခုနှစ်အတွင်းက ဂျပန်နိုင်ငံ The KANSAI Electric Power Co.,Inc. မှအင်ဂျင်နီယာများ၊ ဆွစ်ဇာလန်နိုင်ငံ Colenco Power Engineering Co., Ltd. မှပညာရှင်များနှင့်အတူ နန်ချိုရေအားလျှပ်စစ် စီမံကိန်းဒေသသို့ သွားရောက်ကွင်းဆင်းလေ့လာခဲ့ပြီး အကြိုဖြစ်မြောက်နိုင်စွမ်းအစီရင်ခံစာကို ပြုစုခဲ့ကြပြီး စီမံကိန်းချဉ်းကပ်လမ်းဖောက်လုပ်ခြင်းကို ၂၀၀၅ ခုနှစ်နှင့် ၂၀၀၈ ခုနှစ် ပွင့်လင်းရာသီတွင် ဆောင်ရွက်ပြီးစီးခဲ့သည်ဟုသိရသည်။

ကျွန်တော်တို့ သတင်းအဖွဲ့သည် ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၁)တည်ဆောက်ရေး၏ စီစဉ်ပေးမှုဖြင့် နန်ချိုရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံတည်ရှိရာသို့ သွားရောက်လေ့လာခဲ့စဉ် လိုက်လံရှင်းလင်းတင်ပြခဲ့သော ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ် (၁) တည်ဆောက်ရေးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းအောင်နှင့်တွေ့ဆုံမေးမြန်းခဲ့ရာ ဦးမင်းအောင်က နန်ချိုရေအားလျှပ်စစ်စီမံကိန်းကို ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်မှစတင်၍ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေးအတွက် ရည်ရွယ်စဉ်းစားခဲ့ပြီး Run-off River Type စနစ်ဖြင့် ဓာတ်အားထုတ်လုပ်ရန် တွက်ချက်စိစစ်၍ တည်ဆောက်ခဲ့ပါကြောင်း။

နန်ချိုရေအားလျှပ်စစ်စီမံကိန်းတမံ၏ထူးခြားချက်မှာ မိုးရာသီ၌ ရေစီးဝင်မှုများပြားချိန်တွင် ရေလွှဲနိုင်ရန်ရည်ရွယ်ပြီး တမံအတွင်းမှာပင် တမံအလျားတစ်ခုလုံးကို လှေကားအဆင့်များ ပါဝင်သော ရေပိုလွှဲ Step (Spillway) အဖြစ် တည်ဆောက်ခဲ့ပြီး၊ ၂၀၁၃ ခုနှစ် ဇွန် ၃ ရက်မှာ ရေလွှဲရေထုတ်ပြွန်ကို ပိတ်၍ ရေစတင်သိုလှောင်နိုင်ခဲ့ပါကြောင်း၊ ပင်မရေတံခါးသည် လိုအပ်သော ရေပမာဏကို အလိုအလျောက်ထိန်းညှိ ဖွင့်/ပိတ်ပေးခြင်း၊ ရေအမြင့် E1-303 m ကျော်ခဲ့ပါက အန္တရာယ်မှ ကာကွယ်နိုင်ရန် အလိုအလျောက် ချက်ချင်းပိတ်နိုင်မည့် ထိန်းချုပ်စနစ်များ တပ်ဆင်ထားကြောင်း။

ရေယူအဆောက်အအုံများ၊ တည်ဆောက်ရာ၌လည်း သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးမှု နည်းပါးစေရန်အတွက် ဥမင်ဖြင့် ရေသွယ်ယူခြင်းစနစ်ဖြင့် အချင်း ၁၅ ဒသမ ၅ ပေရှိပြီး စုစုပေါင်း အလျား ၇၃၃၀ ပေရှိသော ရေသွယ်ဥမင်လိုဏ်ကို တည်ဆောက်ခဲ့ပါကြောင်း။

ဓာတ်အားပေးစက်ရုံအတွက် လိုအပ်သည့်ရေကို ထိန်းသိမ်းပေးထားမည့် အလျား ၂၆၉ ပေ၊ အနံ ၇၉ ပေရှိတဲ့ ရေထိန်းကန်ကိုလည်း မြေပြင်အနေအထား မတ်စောက်တဲ့နေရာမှာ တည်ဆောက်ရတဲ့အတွက် လိုအပ်တဲ့ အကျယ်အဝန်းရရှိစေရန် မြေကြီးကျောက်သား ကျင်းပေါင်း ၁၆၅၆၁၀ ကျင်းတူးဖော်ဖယ်ရှားခဲ့ရပြီး ကွန်ကရစ် ၅၅၈၄ ကျင်းဖြင့် တည်ဆောက်၍ တာဘိုင်နှင့် ဂျင်နရေတာ နှစ်လုံးဖြင့် စုစုပေါင်း ၄၀ မဂ္ဂါဝပ် တပ်ဆင်ထားရှိပြီး အောက်တိုဘာ ၁၃ ရက်မှာ ရာနှုန်းပြည့် ပြီးစီးခဲ့၍ ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁၁ ရက်မှစ၍ ဓာတ်အားများ ထုတ်လုပ်ပေးကာ နိုင်ငံတော်ဓာတ်အားစနစ်သို့ ၂၃၀ ကေဗွီ ဓာတ်အားလိုင်းဖြင့် ဓာတ်အားပို့လွှတ်နေလျက်ရှိပြီဖြစ်ကြောင်းတို့ကို ရှင်းပြသည်။

ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်းနေရာသို့ ဒုတိယသမ္မတ ဦးညွန့်ထွန်း ကြည့်ရှုစစ်ဆေးစဉ်။

○ ညောဝတီမှ

ယခုအခါ ခေတ်အဆက်ဆက်က ကျန်ရစ်ခဲ့သော ကွက်လပ်များစွာကို ပြည့်ဆည်းပေးနေပြီဖြစ်ရာ ညီနောင်ပြည်နယ်များနှင့် ဆက်စပ်ယှဉ်တွဲဖွံ့ဖြိုးတိုးတက်လာတော့မည်ဟု ယုံကြည်မိပါသည်။ တင်သာဖြင်သာသော တိုးတက်ဖွယ်ရာအလားအလာကောင်းများအနေဖြင့် ကျောက်ဖြူအထူးစီးပွားရေးဇုန်၊ လျှပ်စစ်မီးကဏ္ဍနှင့် မြောက်ဦးဒေသ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍတို့ကို တတ်နိုင်သလောက်ဖော်ပြလိုပါသည်။

ကျောက်ဖြူရေနက်ဆိပ်ကမ်းတည်နေရာသည် ကမ္ဘာ့ကုန်သွယ်မှုရေလမ်းကြောင်း၏ မဟာဗျူဟာကျသည့် အချက်အချာနေရာတွင်တည်ရှိပြီး အာရှ-ပစိဖိတ်ဒေသတွင်း အကောင်းဆုံးရေနက်ဆိပ်ကမ်းတစ်ခု ဖြစ်လာနိုင်ပါသည်။ ထိုအလားအလာကောင်းများကို ရေရှည်စီမံကိန်းများချမှတ်ကာ အကောင်အထည်ဖော်ဆောင်နိုင်မည်ဆိုပါက ဒေသတွင်းကြီးမားသော ဈေးကွက်သုံးခုဖြစ်သည့် တရုတ်၊ အိန္ဒိယနှင့် အာဆီယံဈေးကွက်များ၏ အချက်အချာဖြစ်လာကာ နိုင်ငံတော်၏စီးပွားရေးရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်စေနိုင်သည် အကောင်းဆုံးမောင်းနှင်အား ဖြစ်စေနိုင်ပါသည်။ ထို့ပြင် ကျောက်ဖြူအထူးစီးပွားရေးဇုန် အောင်မြင်စွာအကောင်အထည်ဖော်ဖြစ်ထွန်းလာပါက ကျောက်ဖြူဒေသအပါအဝင် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုပါ အထောက်အကူဖြစ်စေမည်ဖြစ်ပါသည်။

အထူးစီးပွားရေးဇုန်လုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်သူ အားလုံးပါဝင်နိုင်သည် နည်းလမ်း၊ ပြည်သူလူထု၏သဘောထားကို အခြေခံသည့်နည်းလမ်း၊ သက်ဆိုင်သည့် မိတ်ဖက်အဖွဲ့ပေါင်းစုံနှင့် ဆွေးနွေးတိုင်ပင်သည့်နည်းလမ်း၊ ပွင့်လင်းမြင်သာသည့်နည်းလမ်းနှင့်တာဝန်ခံနိုင်သည်နည်းလမ်းများကို အသုံးပြုကာ ၂၀၁၄ခုနှစ် မြန်မာအထူးစီးပွားရေးဇုန် ဥပဒေနှင့်အညီ လုပ်ဆောင်လျက်ရှိပါသည်။

ဤစီမံကိန်းကို ၂၀၁၂ ခုနှစ်မှစတင်၍ အဆင့်(၄)ဆင့်ဖြင့် အကောင်အထည်ဖော်လျက်ရှိပြီး ပထမအဆင့်တွင် ပြည်တွင်းပြည်ပမှ တထိသိနားလည်သည် အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ဒေသခံရခိုင်တိုင်းရင်းသားများ၊ လူတုအခြေပြုလူမှုရေးအဖွဲ့အစည်းများ၊ ရခိုင်သဟာယအသင်းတို့နှင့် တိုင်ပင်ဆွေးနွေးကာ ပြင်ဆင်မှုများ စတင်လုပ်ဆောင်ခဲ့ပါသည်။ အလားတူ ဒေသခံပြည်သူများနှင့် တွေ့ဆုံရင်းလင်းဆွေးနွေးကာ မြေပြင်အနေအထား ကနဦးဆန်းစစ်လေ့လာခြင်း၊ သဘောတားအမြင်များရယူခြင်းတို့ပြုလုပ်ခဲ့ပါသည်။

အဆိုပါစီမံကိန်းနှင့်ပတ်သက်၍ အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ပြီး အကြံပြုချက်နှင့်သဘောတားများရယူကာ စီမံကိန်းအကောင်အထည်ဖော်လုပ်ဆောင်သည်အဆင့်တိုင်းတွင် တည်သွင်းစဉ်းစားဆောင်ရွက်ခဲ့ပါသည်။ စိတ်ကူးစီမံချက် ရေးဆွဲအတည်ပြုပြီးနောက်မိုင်း၌ ကျောက်ဖြူမြို့၏အရှေ့တောင်ဘက် လေးမိုင်ခန့်အကွာရှိ စစ်တောကျေးရွာနှင့် စည်မော်ကျေးရွာများအနီးတစ်ဝိုက်ရှိ မြေဧရိယာဧက ၁၀၀၀ ကျော်တွင် ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့်ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်းတို့ကို ရေးဆွဲနိုင်ခဲ့ပါသည်။ ထိုစီမံကိန်းများတွင် ဒေသနှင့်တိုင်းပြည်၏စီးပွားရေးတိုးတက်ဖြစ်ထွန်းရေးအတွက် အလားအလာကောင်းများကို ဖော်ဆောင်ပေးနိုင်မည် အခြေခံအဆောက်အအုံလုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများနှင့် ဆိုင်သော စီမံကိန်းများကိုလည်း တည်သွင်းရေးဆွဲတားပါသည်။

ဒုတိယအဆင့်တွင် အကြံပေးကုမ္ပဏီအား နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ အိတ်ဖွင့်တင်ဒါခေါ်ယူသည်လုပ်ငန်းစဉ်ကို ပွင့်လင်းမြင်သာစွာဖြင့် ဆောင်ရွက်ခဲ့ပါသည်။ တင်ဒါခေါ်ယူခြင်းနှင့် စိစစ်ရွေးချယ်ရေးကော်မတီကို ၂၀၁၃ ခုနှစ် ဩဂုတ် ၁၇ ရက်တွင် ဖွဲ့စည်းခဲ့ပြီး ၂၀၁၃ ခုနှစ် စက်တင်ဘာ ၂၃ ရက်တွင် နိုင်ငံပေါင်း ၁၆ နိုင်ငံမှ အကြံပေးကုမ္ပဏီအုပ်စု ၃၁ အုပ်စုတို့က စိတ်ဝင်စားမှုဖော်ပြလွှာများ တင်ခဲ့ကြပါသည်။ တင်ဒါအဆိုပြုလွှာများတင်သွင်းရန်ဖိတ်ခေါ်ခဲ့ရာ အကြံပေးကုမ္ပဏီအုပ်စု ၁၇ အုပ်စုက နည်းပညာပိုင်းအဆိုပြုလွှာများနှင့် ငွေကြေးဆိုင်ရာအဆိုပြုလွှာများတင်ခဲ့ကြပါသည်။

အဆိုပါ နည်းပညာပိုင်းအဆိုပြုလွှာများကို လေ့လာသုံးသပ်ကာ ကြိုတင်ချမှတ်ထားသည် အမှတ်ပေးစည်းမျဉ်းအတိုင်း အကဲဖြတ်အမှတ်ပေးခဲ့ပါသည်။ ၎င်းတို့ထဲမှ ဆန်ခါတင်ရွေးချယ်ခံရသည် အကြံပေးကုမ္ပဏီအုပ်စု ၁၀ အုပ်စုအား ရှင်းလင်းတင်ပြမှု လုပ်ဆောင်စေခဲ့ပါသည်။ ရှင်းလင်းတင်ပြမှုလေ့လာတွေ့ရှိချက်များကိုအခြေခံကာ ၎င်းတို့ရရှိတားသည် နည်းပညာပိုင်းနှင့်ငွေကြေးပိုင်းဆိုင်ရာအမှတ်များ၊ ငွေပေးချေရမည့်နည်းစနစ်များ၊ အကောင်အထည်ဖော်လုပ်ဆောင်မည့်ဗျူဟာများ၊ အချိန်ကာလများ၊ အဆိုပြုထားသည့်ဝန်ဆောင်မှုများကို အသေးစိတ်စိစစ်အကဲဖြတ်ခဲ့ပါသည်။ ကျောက်ဖြူအထူးစီးပွားရေးဇုန် တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီအနေဖြင့် နည်းပညာပိုင်းတွင် အလွန်ကောင်းမွန်သည် (၄)အုပ်စုကို အကြည့်နှင်းဆွေးနွေးမှုများပြုလုပ်ကာ တပ်မံသုံးသပ်ပြီး အသေးစိတ်ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်နိုင်ရန် အလားအလာအကောင်းဆုံးအကြံပေးကုမ္ပဏီ ၃ အုပ်စုကို ရွေးချယ်ခဲ့ပါသည်။

တတိယအဆင့်အနေဖြင့် ရင်းနှီးတည်ဆောက်သူ အိတ်ဖွင့်တင်ဒါခေါ်ယူသည်လုပ်ငန်းစဉ်ဖြစ်ပြီး ယခုလမှ အောက်တိုဘာလအထိ အကောင်အတည်ဖော်လုပ်ဆောင်ရန် စီစဉ်တားပါသည်။

စတုတ္ထအဆင့်ကမူ ရင်းနှီးတည်ဆောက်သူ ရွေးချယ်ပြီးနောက် အထူးစီးပွားရေးဇုန်စီမံကိန်းလုပ်ငန်းများ အကောင်အတည်ဖော်ဆောင်ရွက်မည့်အပိုင်းဖြစ်ပြီး ၂၀၁၄ ခုနှစ် နိုဝင်ဘာလမှစတင်လုပ်ဆောင်သွားမည်ဖြစ်ပါသည်။

ကျောက်ဖြူဒေသတွင် "ရွှေ"ကမ်းလွန်သဘာဝဓာတ်ငွေ့ကုဗပေ သုညဒသမ ၅ သန်းကို အသုံးပြု၍ Gas Engine စက်များဖြင့် ၂၀၁၃ ခုနှစ် စက်တင်ဘာ ၁၅ ရက်မှစကာ လျှပ်စစ်ဓာတ်အား ၂ ဒသမ ၇ မဂ္ဂါဝပ်ဖြန့်ဖြူးပေးနိုင်ခဲ့ပါသည်။

ကျောက်ဖြူဒေသအတွက် ခွဲဝေရရှိမည် သဘာဝဓာတ်ငွေ့ကုဗပေ သန်း ၂၀ မှ သဘာဝဓာတ်ငွေ့ ကုဗပေ ၁၀ သန်းကို အသုံးပြုပြီး ပထမအဆင့် စက်တစ်လုံးကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလကုန်အပြီးတပ်ဆင်၍ လျှပ်စစ်ဓာတ်အား ၅၀ မဂ္ဂါဝပ်ခန့် ထုတ်လုပ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါသည်။

ပထမအဆင့်အတွက် လိုအပ်သောရန်ပုံငွေကို အတက်ရဲရွာစီမံကိန်းအတွက် China Exim Bank ချေးငွေမှ ပိုလျှံငွေ အမေရိကန်ဒေါ်လာ ၄၈ ဒသမ ၃၅၂ သန်းကို အသုံးပြုသွားမည်ဖြစ်ပါသည်။ ဒုတိယအဆင့်အတွက် ကျန်ဓာတ်ငွေ့ကုဗပေ ၁၀ သန်းကို အသုံးပြု၍ ၅၀ မဂ္ဂါဝပ်ခန့်ထုတ်လုပ်မည် ဓာတ်အားပေးစက်ကို တပ်ဆင်ရန်အတွက် ရန်ပုံငွေရရှိရေးတင်ပြည်နှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

တွက်ရှိလာသော လျှပ်စစ်ဓာတ်အားကို ကျောက်ဖြူဒေသရှိ မြို့၊ ရွာများသို့ ဓာတ်အားဖြန့်ဖြူးပေးပြီး ပိုလျှံသည်ဓာတ်အားကို ဓာတ်အားစနစ်နှင့် ချိတ်ဆက်၍ ရခိုင်ပြည်နယ်အတွင်းရှိ အခြားနေရာများသို့ပါ ဓာတ်အားဖြန့်ဖြူးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

မြောက်ဦးဒေသသည် ရေးရခိုင်ဘုရင်များနန်းစိုက်ခဲ့ရာ ရှေးဟောင်းယဉ်ကျေးမှုမြို့တော်ဖြစ်ပြီး ရှေးခေတ်ဗိသုကာလက်ရာမွန်များဖြစ်သော စေတီပုတိုးများ၊ ထံတိုင်းများနှင့် မြို့ရိုးများ၊ နန်းတော်ရာ၊ ကျုံး၊ ခံတပ်များ စသည် အမွေအနှစ်များစွာရှိသဖြင့် ပြည်တွင်း၊ ပြည်ပခရီးသွားများ အလွန်စိတ်ဝင်စားသော မြို့တစ်မြို့ဖြစ်ပါသည်။

ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းအနေဖြင့် မြောက်ဦးရှေးဟောင်းယဉ်ကျေးမှုဒေသတွင် ဟိုတယ် ခြောက်လုံး၊ အခန်း ၁၂၄ ခန်းရှိပါသည်။ ဧည့်သည်ဝင်ရောက်မှုအနေဖြင့် ၂၀၁၃ ခုနှစ်စာရင်းအရ ပြည်တွင်း ၁၈၂၅ ဦး၊ ပြည်ပ ၁၇၅၂ ဦး စုစုပေါင်း ၃၅၇၇ ဦးဖြစ်ပါသည်။ ဝင်ငွေရရှိမှုအနေဖြင့် အမေရိကန်ဒေါ်လာ သုည ဒသမ ၇၇၀ သန်းနှင့် မြန်မာကျပ်ငွေ ၃၁၂ သန်းတို့ဖြစ်ပါသည်။ ဟိုတယ်လုပ်ငန်း အလုပ်အကိုင် အခွင့်အလမ်းများက ဒေသခံပြည်သူများ၏ လူမှုစီးပွားရေးကို အထောက်အကူပြုလျက်ရှိပါသည်။ ဟိုတယ်ဝန်ထမ်း စုစုပေါင်း ၁၆၄ ဦးရှိပြီး အများစုမှာ ဒေသခံများဖြစ်ကြပါသည်။

ခရီးသွားလုပ်ငန်းအတွက် အတင်ကရနေရာများမှာ နန်းတော်ရာကုန်း၊ ရှေးဟောင်းသုတေသနပြတိုက်၊ ကြေးသွန်းလုပ်ငန်း၊ သစ်သားပန်းပုလုပ်ငန်း၊ ကျောက်ဆစ်လုပ်ငန်း၊ မြောက်ဦးတွက်ကုန်သီးနှံများ အစုံအလင်တွေ့မြင်နိုင်သည် မြို့မဈေး၊ ဝါးခမောက်လုပ်ငန်း၊ ယပ်တောင်လုပ်ငန်းများ၊ "သက်" တိုင်းရင်းသားကျေးရွာများဖြစ်ပါသည်။ ထို့ပြင် ပုထိုးပြကွင်း/ပြကွက်များအနေဖြင့် မြောက်ဘက်တွင် သျှစ်သောင်းပုတိုးတော်ကြီး၊ အံတော်သိမ်ပုတိုးတော်ကြီး၊ ရတနာပုံစတူပါကြီး၊ တုက္ကန့်သိမ်ပုထိုးတော်ကြီး၊ လေးမျက်နှာပုတိုးတော်ကြီး၊ အရှေ့မြတန်ဆောင် အနောက်ပြတန်ဆောင်စေတီ၊ မုတ်ဆိတ်တော်စေတီ၊ တေဇရာမစေတီ၊ မင်္ဂလမာရ်အောင်စေတီ၊ အရှေ့မြောက်ဘက်တွင် ရတနာ့မာရ်အောင်၊ ရတနာစံရွှေ၊ ရတနာမှန်ကင်း၊ မဟာဗောဓိရွှေဂူ၊ လင်းပန်းပြောက်စေတီ၊ အနော်မာဘုရား၊ ရွှေကြာသိမ်စေတီ၊ ပိဋကတ်တိုက်၊ ထူပါရုံစေတီ၊ အရှေ့ဘက်တွင် ရွှေတောင်စေတီ၊ ဂူကြီးဘုရား၊ နံဗျူဇာစေတီ၊ ဘုရားအုပ်စေတီ၊ မင်းခေါင်ရွှေဂူစေတီ၊ ပီစီတောင်ဘုရား၊ ကိုးသောင်းပုထိုးတော်ကြီး၊ သကျမာရ်အောင်စေတီ၊ အရှေ့တောင်ဘက်တွင် လက်ဆည်ကန်တော်ကြီးနှင့် လက်ဆည်ကန်ဘုရား၊ အနုမကန်၊ မင်းခမောင်းဘုရား၊ ဇိနမာရ်အောင်စေတီ၊ တောင်ဘက်တွင် စန္ဒမုနိဘုရားကြီးနှင့် ဘုန်းတော်ကြီးကျောင်းရှိ ဗုဒ္ဓပြတိုက်၊ စံကားတောင်စေတီ၊ ပန်းကုံသိမ်ဘုရား၊ ကိုးနဝင်းစေတီ၊ ဓာတ်ပေါင်းရွှေဂူစေတီ၊ မဟာဝိဇယရံသီစေတီ၊ အနောက်ဘက်တွင် လောကမာရ်အောင်စေတီ၊ ရေထံခါးဘုရား၊ ဘုရားပေါ်ဘုရား၊ သကျမဏ္ဍိစေတီတို့ဖြစ်ပါသည်။

ခရီးသွားဧည့်သည်များ တည်းခိုနေထိုင်စားသောက်ရေး၊ သွားလာရေး၊ လုံခြုံရေး၊ ယဉ်ကျေးမှု အမွေအနှစ်များပျက်စီးဆုံးရှုံးမှုမရှိစေရေး၊ ဒေသတွင်း ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း စနစ်တကျဖွံ့ဖြိုးတိုးတက်စေရေးကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

ထိုဒေသ ခရီးသွားလုပ်ငန်း၏ ပြကွင်း/ပြကွက်အသစ်အနေဖြင့် မြောက်ဦးမြို့မှ လေးမြို့မြစ်ခရီးစဉ်ရှိပါသည်။ မြောက်ဦးမြို့၏အရှေ့ မြောက်အရပ်တွင် တည်ရှိပြီး မြောက်ဦးမြို့မှ မော်တော်ယာဉ်ဖြင့် ဆင်အိုး သို့မဟုတ် ပိုးဖြူကျွန်းဆိပ်ကမ်း၊ ၎င်းမှတစ်ဆင့် စက်လှေဖြင့်သွားရောက်ရကာ စုစုပေါင်း ခရီးကြာချိန် သုံးနာရီခွဲခန့်ဖြစ်ပါသည်။

ခရီးစဉ်တစ်လျှောက်ကျေးရွာများတွင် သာယာလှပသည့်ရှုခင်းရှုကွက်များ၊ တစ်မူထူးခြားသော လူနေမှုဘဝပုံစံများ၊ မျက်နှာတွင် ပါးရဲ (ဆေးမင်ကြောင်)ထိုးတားသောတိုင်းရင်းသား(လေးတူချင်းမျိုးနွယ်စု)များကို လေ့လာနိုင်ပါသည်။

တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့်ကြည့်လျှင် နိုင်ငံခြားခရီးသွားဦးရေအနေဖြင့် ၂၀၁၂ ခုနှစ်တွင် ၁ သန်း ၆ သောင်း၊ ၂၀၁၃ ခုနှစ်တွင် ၂ သန်း ၄ သောင်းရှိခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် ၃ သန်းအထိရည်မှန်းဆောင်ရွက်လျက်ရှိပါသည်။ ခရီးသွားလုပ်ငန်းမှရရှိသည့်ငွေကြေးသည် နိုင်ငံတော်၏ ဝင်ငွေဖြစ်သည်အပြင် တစ်ဖက်ကလည်း ပြည်သူကိုအကျိုးပြုလျက်ရှိပါသည်။ ဤဒေသရှိ သဘာဝအရင်းအမြစ်များကို အကျိုးရှိစွာ အသုံးချမည်ဆိုပါက လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

မြောက်ဦးဒေသ၏ ခရီးသွားလုပ်ငန်းနှောင့်နှေးနေရခြင်းသည် ဒေသတည်ငြိမ်အေးချမ်းရေးနှင့် သက်ဆိုင်ပါသည်။ ခရီးသွားလုပ်ငန်းတိုးတက်ရန်အတွက်ဆိုလျှင်မူ ဒေသတည်ငြိမ်အေးချမ်းမှု၊ သန့်ရှင်းသပ်ရပ်မှု၊ ပေးငွေနှင့်လျော်ညီသောဝန်ဆောင်မှု၊ လုပ်ငန်းဆောင်ရွက်ရာတွင် အတ္တပရမျှတမှုတို့သည် အထူးဂရုပြုရမည်အချက်များဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်းပိုမိုတိုးတက်လာရေးအတွက် အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်ကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၂၂ ရက်မှ ၂၉ ရက်အထိ နေပြည်တော်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

နိုင်ငံတော်အနေဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည် နိုင်ငံတော်သစ်နှင့် ပြည်သူများ၏လူမှုစီးပွားဘဝတိုးတက်ဖြစ်ပေါ်စေရေး ရည်ရွယ်ဆောင်ရွက်လျက်ရှိရာ မြန်မာပြည်သူများ၏ ဆန္ဒနှင့်တစ်တပ်တည်းကျနေသည်ကို တွေ့မြင်ရပါသည်။

ပြည်သူများအနေဖြင့် အေးအေးချမ်းချမ်းနေထိုင်လိုကြပြီး စားဝတ်နေရေးအတွက် အသက်မွေးဝမ်းကျောင်းအလုပ်ကို လုံခြုံစိတ်ချစွာလုပ်ကိုင်လိုကြပါသည်။ ထို့ကြောင့် တည်ငြိမ်အေးချမ်းရန် လုံခြုံသည်ပတ်ဝန်းကျင်ကို အာမခံဖန်တီးပေးရန် လိုအပ်ပါသည်။ ထို့ပြင် ကျန်းမာရေးအပိုင်းတွင် လက်လှမ်းမီသည့်ဆေးဝါးကုသမှုနှင့် ပညာရေးအပိုင်းတွင် လူတန်းစေ့အဆင့်မမီ တတ်မြောက်စေလိုသည်ဆန္ဒရှိကြပါသည်။

ထိုဆန္ဒများကို ပြည့်ဆည်းနိုင်ရန် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။ ရခိုင်ပြည်နယ်ရှိ သဘာဝသယံဇာတနှင့်လူသားအရင်းအမြစ်များကို နည်းပညာနှင့်အရင်းအနှီးပေါင်းစပ်ပြီး တိတိရောက်ရောက် အသုံးချလိုက်ပါက ဝင်ငွေရရှိသည်လုပ်ငန်းများများစွာတိုးတက်လာမည်ဖြစ်ပါသည်။

ထိုသို့ ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်ရန်အတွက် အစိုးရဌာနများ၊ ပညာရှင်များနှင့် ပြည်သူများ ပေါင်းစပ်ဆောင်ရွက်ရန် လိုအပ်ပါသည်။ လိုအပ်သည်အရင်းအနှီးကိုမူ နိုင်ငံတော်ဘတ်ဂျက်၊ နိုင်ငံခြားအကူအညီနှင့် ချေးငွေများမှ ရရှိနိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်ရာ လုပ်ငန်းဆောင်ရွက်လိုစိတ်၊ လုပ်ကိုင်တတ်အောင်လေ့လာသင်ကြားလိုမှု၊ လုပ်ကိုင်နိုင်သော အင်အားရှိသည် ပတ်ဝန်းကျင်ဖန်တီးမှု စသည်မြင့် အမှန်တကယ် ဝိုင်းဝန်းပူးပေါင်းကြိုးစားကြမည်ဆိုပါက အောင်မြင်မှုများ ရယူဆောင်ကြဉ်းနိုင်မည်ဖြစ်ပါကြောင်း။

သီတဂူရွှေဥရာစုသစ် စက္ခုဒါနဆေးရုံတော်ဖွင့်လှစ်

နေပြည်တော် ဖေဖော်ဝါရီ ၁၄

သီတဂူရွှေဥရာစုသစ် စက္ခုဒါနဆေးရုံတော်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၄ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့ တပ်ရွာ၌ကျင်းပရာ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် သီတဂူအဓိပတိဆရာတော် ဦးဉာဏိဿရ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်ကြပြီး သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ပါမောက္ခဒေါက်တာမြဦး၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တို့နောက် သီတဂူရွှေဥရာစုသစ် စက္ခုဒါနဆေးရုံတော် တည်ဆောက်ရခြင်းအကြောင်းကို သီတဂူဆရာတော် ဦးဉာဏိဿရက မိန့်ကြားသည်။ ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက မျက်စိအဆုံး၊ နားအရှုံးဆိုသည့် စကားအရ မျက်စိမမြင်ရပါက ဘဝတစ်ခု ဆုံးရှုံးရခြင်းဖြစ်သကဲ့သို့ ခံစားရသည်ဖြစ်ရာ ဆရာတော်ကြီးကိုယ်တိုင်ဦးဆောင်၍ စေတနာတက်သန်စွာဖြင့်သွားလာမှုခက်ခဲသော နာဂတောင်တန်းဒေသကိုပင်ကြွချီ၍ ဆေးကုသပေးခဲ့သည်ကို တွေ့ရှိခဲ့ရပါကြောင်း၊ နိုင်ငံတာ်အတွင်း မီတင်းနေတိုင်ကြသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးကိစ္စအဝဝကို စောင့်ရှောက်တော်မူသည့်အပြင် ယနေ့ဖွင့်လှစ်မည့် ဆေးရုံကြီးအပါအဝင် ဆေးရုံ ၂၄ ရုံအား ကမကထပြုဦးဆောင်၍ တည်တောင်ပေးခဲ့သည့် စေတနာတက်သန်မှု၊ မေတ္တာတားရှိမှုကို မှတ်တမ်းတင်ပါကြောင်း လျှောက်တားခဲ့သည်။

ထို့နောက် သီတဂူရွှေဥရာစုသစ် စက္ခုဒါနဆေးရုံတော် တာဝရငွေပဒေသာပင် အလှူငွေပေးအပ်လှူဒါန်းရာ အလှူရှင်အသီးသီး၏ လှူဒါန်းငွေများကို တာဝန်ရှိသူများက အသီးသီးလက်ခံရယူခဲ့သည်။

ဆက်လက်ပြီး သီတဂူဆရာတော်ကြီး ဦးဉာဏိဿရကိုယ်စား သီတဂူသာသနာပြုအဖွဲ့ အတွင်းရေးမှူးချုပ်က သဲကုန်းမြို့နယ် ပြည်သူဆေးရုံကြီးအတွက် လိုအပ်သည် ဆေးရုံသုံးပစ္စည်းများနှင့် ဆေးဝါးများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် သီတဂူရွှေဥရာစုသစ် စက္ခုဒါနဆေးရုံတော်အား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ပါမောက္ခဒေါက်တာမြဦးနှင့် အလှူရှင် ဒေါ်ရွှေဥတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး သီတဂူရွှေဥရာစုသစ် စက္ခုဒါနဆေးရုံတော်ဆိုင်းဘုတ်ကို ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့်အဖွဲ့သည် သီတဂူရွှေဥရာစုသစ် စက္ခုဒါနဆေးရုံတော်အား လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

■ ရခိုင်ပြည်နယ်မှ

- ရွာအပါအဝင် ဒုချီးရားတန်းကျေးရွာများသို့ သွားရောက်ကြည့်ရှုစစ်ဆေးခြင်း၊
- ခရေမြိုင်ကျေးရွာသချိုင်းသို့သွားရောက်ကြည့်ရှုစစ်ဆေးခြင်း၊

၃။ အတက်ဖော်ပြပါ ဆောင်ရွက်ချက်များမှ ကော်မရှင်အဖွဲ့၏ တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဇန်နဝါရီလ ၉ ရက်နေ့တွင် ဘင်္ဂါလီ ရစ်ဦးအသတ်ခံရသည်သတင်းမှာ ရခိုင်တိုင်းရင်းသားများ နေတိုင်သည် ခရေမြိုင်ရွာနှင့် ကင်းချောင်းရွာတို့တွင် မြေပြင်သတင်းများ မဖြစ်ပေါ်ခဲ့ကြောင်း စစ်ဆေးတွေ့ရှိရပါသည်။ သို့ရာတွင် ကောလာဟလအဖြစ် အရပ်သတင်းဖြစ်နေသည်ကို တွေ့ရပါသည်။

(ခ) ဘင်္ဂါလီ ရစ်ဦးအား ခရေမြိုင်သချိုင်းတွင် မြှုပ်တားသည်ကို တင်းခုတ်သမားတစ်ဦးက တွေ့မြင်ခဲ့သည်ဟူသော သတင်းသည် ဒုချီးရားတန်း ဘင်္ဂါလီရွာများတွင် ဖြစ်ပေါ်ခဲ့သော်လည်း ဤသတင်းကို အတည်ပြုနိုင်သော အထောက်အတားများ မတွေ့ရှိရပါ။

(ဂ) ရခိုင်တိုင်းရင်းသားများအနေဖြင့်မူ ဤသတင်းအား အင်တာနက်သတင်းအဖြစ်သာ သိရှိကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

(ဃ) ဤသတင်းများကို ဒုချီးရားတန်းရွာမှ ရပ်မိရပ်ဖများ၊ ဘာသာရေးခေါင်းဆောင်များနှင့် တွေ့ဆုံရာတွင်လည်းကောင်း၊ ဒုချီးရားတန်းရွာမှ အမျိုးသမီး ၂၀၀ ကျော်နှင့် တွေ့ဆုံရာတွင်လည်းကောင်း မည်သူကမျှတင်ပြခြင်း၊ တွက်ဆိုခြင်းများမရှိကြောင်း တွေ့ရှိရပါသည်။

(င) ဘင်္ဂါလီ ရစ်ဦးအား သတ်ဖြတ်ခဲ့သည်တု စွပ်စွဲတားသည် သတင်းအမျိုးမျိုးသည် အတည်ပြု၍ မရသည်ကို တွေ့ရပါသည်။

(စ) ဇန်နဝါရီလ ၁၃ ရက်နေ့ ဒုချီးရားတန်း (အလယ်ရွာ) ဖြစ်စဉ်ဖြစ်ပွားပြီး ယင်းညတွင် တပ်နှင့်ရဲတပ်ဖွဲ့တို့မှ ဒုချီးရားတန်းရွာတွင်းသို့ ဝင်ရောက်၍ ရဲတပ်ကြပ်ကြီးအောင်ကျော်သိန်းအား ရှာဖွေခဲ့ကြောင်း သိရပါသည်။

(ဆ) ဒုချီးရားတန်းဘင်္ဂါလီရွာများမှ ဘင်္ဂါလီ ၄၀ အသတ်ခံရသည်ဟူသော သတင်းနှင့်ပတ်သက်၍ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ ရဲအရာရှိကြီးများ၊ ရဲတပ်သားများ၊ သက်ဆိုင်ရာကျေးရွာမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဒုချီးရားတန်းရွာမှ ဘင်္ဂါလီရပ်မိရပ်ဖများနှင့် အမျိုးသမီးများတမှ ကော်မရင်အဖွဲ့က တွက်ဆိုချက်များရယူခဲ့ရာတွင် အဆိုပါသတင်းများ မှန်ကန်ကြောင်း အတည်ပြုချက်မရရှိခဲ့ပါ။

(ဇ) ဘင်္ဂါလီဘာသာရေးခေါင်းဆောင်များ၊ ရပ်မိရပ်ဖများနှင့် အမျိုးသမီးများအား ၎င်းတို့၏ အမြင်များကို ပွင့်လင်းစွာ တင်ပြရန် မိမိတို့ကော်မရင်က တိုက်တွန်းခဲ့သော်လည်း တွက်ဆိုချက်များသည် အတည်ပြုနိုင်သော သတင်းအချက်အလက်တစ်စုံတစ်ရာမပါရှိကြောင်း တွေ့ရပါသည်။

(ဈ) ဘင်္ဂါလီရွာသားများ၏ ထွက်ဆိုချက်များတွင်လည်း ရဲတပ်ကြပ်ကြီး အောင်ကျော်သိန်းဦးဆောင်သည် ကင်းလှည့်အဖွဲ့အား ရွာသားများက အကြမ်းဖက်သည်ဖြစ်စဉ်နှင့် ပတ်သက်၍ တစ်စုံတစ်ရာမျှ တွက်ဆိုခြင်းမရှိခဲ့သည်ကိုလည်း သတိပြုမိခဲ့ပါသည်။

(ည) ဘင်္ဂါလီများသတ်ဖြတ်ခံရသည့် သတင်းကို ဖော်ပြရာတွင်လည်း ကွဲလွဲနေသည်ကို တွေ့ရပါသည်။ ဥပမာ-ဇန်နဝါရီ ၁၃ ရက်နေ့ညတွင် ရှုံများပစ်ခတ်မှုကြောင့် လူပေါင်း ၁၀၀ ကျော် သေဆုံးခဲ့သည်ဟူသော သတင်းများရှိသကဲ့သို့ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သို့လည်း အသတ်ခံရသူ ၅၂ ဦး စာရင်းပေးခဲ့သည်ဟူသော သတင်းမားများ ဖော်ပြထားသည်ကိုလည်း တွေ့ရှိရပါသည်။ သို့သော် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သို့ အသတ်ခံရသူ ၅၂ ဦးစာရင်းကို အမှန်တကယ်ပေးခဲ့ခြင်းမရှိပါ။

၄။ ကော်မရှင်အဖွဲ့သည် MSF အဖွဲ့ကို တွေ့ဆုံဆွေးနွေးရာတွင် MSFအဖွဲ့က သေနတ်ဒဏ်ရာရရှိသူတစ်ဦး၊ ညှပ်မည်းဒဏ်ရာရရှိသူ (၄) ဦး၊ ပြတ်ရဒဏ်ရာရရှိသူ(၁၀)ဦးနှင့် စိတ်ပိုင်းဆိုင်ရာတိခိုက်ခံစားရသူ (၇) ဦး စုစုပေါင်း(၂၂)ဦးအား ကုသပေးခဲ့သည်ဟု ဖြေကြားပါသည်။ သို့ရာတွင် ၎င်းအဖွဲ့အစည်းက လူသားချင်းစာနာတောက်တားမှုလုပ်ငန်းသဘာဝကြောင့် လူနာအမည်စာရင်းသည် အတွင်းရေးကိစ္စဖြစ်သဖြင့် လူနာအမည်စာရင်းပေးအပ်နိုင်ခြင်းမရှိကြောင်း ဖြေကြားပါသည်။ မေးမြန်းရာတွင် သေနတ်ဒဏ်ရာလူနာကိစ္စကိုမူ ရဲတပ်ဖွဲ့နှင့် ကျန်းမာရေးဦးစီးဌာနသို့ အသိပေးခဲ့ခြင်းမရှိကြောင်း၊ ယင်းလူနာအားဆေးရုံသို့ သွားရောက်ရန်သာ တိုက်တွန်းခဲ့ကြောင်း ပြောကြားပါသည်။ သို့သော် ခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ကျန်းမာရေးဦးစီးမှူး၏ စစ်ဆေးဖော်ထုတ်ချက်အရ MSF ဆေးခန်းတွင် ယင်းကဲ့သို့သော ဒဏ်ရာရရှိသူများအား ကုသပေးရခြင်းမရှိကြောင်း အဆိုပါ ဆေးခန်းမှ ဆရာဝန်နှစ်ဦးက တွက်ဆိုခဲ့သည်ကိုလည်း သိရှိရပါသည်။

၅။ ကော်မရှင်အဖွဲ့၏ ဆောင်ရွက်ချက်များနှင့် တွေ့ရှိချက်များကို ၅-၂-၂၀၁၄ ရက်တွင် ကျန်ကော်မရှင်အဖွဲ့ဝင်များနှင့် ဆွေးနွေးပြီး အောက်ပါသုံးသပ်ချက်နှင့် အကြံပြုချက်များရရှိခဲ့ကြပါသည်-

- ဘင်္ဂါလီရစ်ဦးနှင့် ၄၀ ဦးအသတ်ခံရသည်ဟုစွပ်စွဲသည့် သတင်းကို ခိုင်မာသော မြေပြင်သတင်းမရှိသဖြင့် အတည်ပြု၍မရသော သတင်းများဟုသုံးသပ်ပါသည်။
- ဒုချီးရားတန်းဖြစ်စဉ်နှင့် ပတ်သက်၍ တာဝန်ရှိသူအစိုးရဌာနအဖွဲ့အစည်းများအနေဖြင့် အခြေအနေမှန်ကို သတင်းတုတ်ပြန်ရန် နောက်ကျကြောင်း၊ ယင်းနောက်ကျမှုသည် ကောလာဟလနှင့် အခြေအမြစ်မရှိသည် သတင်းများကိုဖြစ်စေခဲ့သည်တု သုံးသပ်ပါသည်။
- ရဲတပ်ကြပ်ကြီး အောင်ကျော်သိန်းဦးစီးသည့် ရဲတပ်သားသုံးဦးသည် ဘင်္ဂါလီအုပ်စုက ဝိုင်း၍ တိုက်ခိုက်ရန်လာသည်အခါ အမိန့်အတိုင်း ခြောက်လှန့်ပစ်ခတ်ရန် ကြိုးပမ်းခဲ့သော်လည်း ကျည်မထွက်သဖြင့် အကြမ်းဖက်အုပ်စုအား တားဆီးနိုင်ခြင်းမရှိဘဲ အမြေအနေရှုပ်ထွေးသွားပြီး ရဲတပ်ကြပ်ကြီး ပျောက်ဆုံးသည်အထိဖြစ်သွားသည်ဟု သုံးသပ်ရပါသည်။ အလားတူအဖြစ်အပျက်များ နောင်မဖြစ်စေရေးအတွက် လိုအပ်သည့်အရေးယူဆောင်ရွက်မှုပြုရန် အကြံပြုအပ်ပါသည်။
- ၁၃-၁-၂၀၁၄ ရက်နေ့ညတွင် ဒုချီးရားတန်းအရှေ့နှင့် အလယ်ရွာများမှ ရွာသားများသည် တွက်ပြေးတိမ်းရှောင်သွားမှုကြောင့် ရှုပ်ထွေးမှုဖြစ်ပွားလာချိန်တွင် ၎င်းတို့၏ ပိုင်ဆိုင်မှုများ၊ ဆန်စပါးနှင့် ကျွဲ၊ နွားများ လုယက်ခြင်းခံခဲ့ရသည်ဟု ယူဆရပါသည်။ အဆိုပါ ကျေးရွာနှစ်ရွာတွင် စားနပ်ရိက္ခာနှင့် အခြားအခြေခံလိုအပ်ချက်များရှိနေပါသဖြင့် တောက်ပံ့ရေးကို လိုအပ်သကဲ့သို့ ဆောင်ရွက်သင့်ပါသည်။
- ဒုချီးရားတန်းဖြစ်စဉ်တွင် ပါဝင်ပတ်သက်သည့် ကျေးရွာများအကြား တင်းမာမှုများနှင့် စိုးရိမ်မှုများဆက်လက်ရှိနေသည်ကို တောက်ရှုလျက် အဆိုပါ ဒေသများတွင် ပြဿနာများ တပ်မံမပေါ်ပေါက်စေရန် အထူးလုံခြုံရေးအစီအမံများကို ဦးစားပေးကိစ္စအဖြစ် ဆောင်ရွက်သင့်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်

(၆၇) နှစ်မြောက် မွန်အမျိုးသားနေ့

သတင်း
ဂီဂီမြင့်
ဥမ္မာသန့်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

၁၃၇၅ ခုနှစ် တပို့တွဲလပြည့်ကျော် ၁ ရက် (၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်) ယနေ့သည် (၆၇) နှစ်မြောက် မွန်အမျိုးသားနေ့ဖြစ်သည်။

မွန်အမျိုးသားနေ့အခမ်းအနားများကို အစဉ်အလာမပျက်နှစ်စဉ်ကျင်းပလာသကဲ့သို့ ယခုနှစ်တွင်လည်း မွန်ပြည်နယ်အတွင်းရှိ မြို့နယ်များအလိုက် ကျင်းပသွားမည်ဖြစ်သည်။ ထို့အတူ ပြည်ထောင်စုအတွင်းရှိ မွန်အမျိုးသားများပျံ့နှံ့နေတိုင်လျက်ရှိကြသည် အခြားသောတိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ မြို့ကြီးများတွင်လည်း ဒေသအလိုက်စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ယင်းသို့ကျင်းပခြင်းများအနက် ယခုနှစ် မွန်အမျိုးသားနေ့ကျင်းပရေး(ဗဟို)အခမ်းအနားကို မွန်ပြည်နယ် မုဒုံမြို့နယ် ကမာဝက်တိုက်နယ်၌ကျင်းပမည်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်၌ ကျင်းပသွားမည်ဖြစ်သည်။

၁၉၄၆ ခုနှစ် ဒီဇင်ဘာ ၂ ရက်တွင် မွန်ပြည်နယ် ကျိုက္ခမီမြို့နယ် (ယခု သံဖြူဇရပ်မြို့နယ်) ပင်ကျေးရွာ ဘလောက်ကျောင်း၌ ကျင်းပသည် မွန်တိုင်းရင်းသားအစည်းအရုံး၏ ပထမည်လာခံဆုံးဖြတ်ချက်အရ မွန်ဘုရင်သမလ၊ ဝိမလညီနောင်နှစ်ပါးတို့ သာသနာသက္ကရာဇ် ၁၁၁၆ ခုနှစ် (အေဒီ ၅၇၃)တပို့တွဲလပြည့်ကျော် ၁ ရက်(တနင်္လာနေ့)တွင် ဟံသာဝတီပဲခူးမြို့ကို စတင်တည်တောင်ခဲ့သည်နေ့ကို "မွန်အမျိုးသားနေ့" အဖြစ်သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ ယင်းနေ့မှစ၍ နှစ်စဉ်မပျက် မွန်အမျိုးသားနေ့ကိုကျင်းပခဲ့ရာ ယခုနှစ်တွင် (၆၇) နှစ်တိုင်ခဲ့ပြီဖြစ်သည်။

မွန်အမျိုးသားနေ့ကျင်းပရာတွင် ရည်ရွယ်ချက်များစွာရှိသည်အနက် နိုင်ငံတော်သစ်တည်ဆောက်ရာတွင် ပြည်ထောင်စုတိုင်းရင်းသားအားလုံးနှင့်အတူ မွန်တိုင်းရင်းသားအားလုံးကပါအတူတကွ လက်ထွဲပူးပေါင်းပါဝင်နိုင်ရေး၊ မွန်စာပေနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ သမိုင်းအတောက်အတားများမပျောက်မပျက် ဆက်လက်တိန်းသိမ်းစောင့်ရှောက်သွားနိုင်ရေး ရည်ရွယ်ချက်များကို မိမိတို့မွန်တိုင်းရင်းသားအားလုံးက မျက်ခြည်မပြတ်အကောင်အတည်ဖော်သွားကြရန် အထူးလိုအပ်ပေသည်။

ထူးခြားတိုက်ဆိုင်မှုကား ယခုနှစ်ကျင်းပသည် "ပြည်ထောင်စုနေ့"သည်လည်း "(၆၇)နှစ်မြောက်" ပင်ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်၌ကျင်းပသည် (၆၇)နှစ်မြောက် မွန်အမျိုးသားနေ့အခမ်းအနားတွင် မွန်စာပေနှင့် ယဉ်ကျေးမှုသမိုင်းအတောက်အတားများဆိုင်ရာပြခန်း၊ မွန်တိုင်းရင်းသားရိုးရာဝတ်စုံ အမျိုးမျိုးပြခန်းများ၊ ရန်ကုန်တိုင်းဒေသကြီးရှိ မွန်တိုင်းရင်းသားလုပ်ငန်းရှင်များ၏ မွန်ဒေသတွက်တုတ်ကုန်၊ မွန်အသုံးအဆောင်ပစ္စည်းများ၊ ပြခန်းများကိုစိတ်ဝင်စားစွာ ခင်းကျင်းပြသသွားမည်ဖြစ်ရာ လာရောက်ကြည့်ရှုလေ့လာကြခြင်းဖြင့် တိုင်းရင်းသားသွေးချင်းများအဖို့ တိုင်းရင်းသားယဉ်ကျေးမှုအမွေအနှစ်များကို တိန်းသိမ်းလိုစိတ်၊ တိုင်းရင်းသားအားလုံး သွေးစည်းညီညွတ်မှုအမွေကောင်းကို ရယူစိတ်များရရှိသွားမည်ဟု ယုံကြည်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ပြည်ထောင်စုသား သွေးချင်းများ တားဆီးကာကွယ် မီးရန်စွယ်

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဆားဘီးယားနိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၁၅

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် ကျရောက်သော ဆားဘီးယား သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဆားဘီးယား သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အိဗန် မာကစ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ပညာဒါနသင်တန်းများ တက်ရောက်နိုင်

ရန်ကုန် ဖေဖော်ဝါရီ ၁၄ - ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် မြို့မကျောင်းလမ်း အိမ်တော်ရာတိုက် သီရိဒေဝီကျောင်း မနာပဒါယီ ပညာရေးစင်တာမှ ရဟန်းသံဃာနှင့် လူပုဂ္ဂိုလ်များအား အင်္ဂလိပ်၊ တရုတ်၊ ကိုရီးယား၊ ဂျပန်၊ ထိုင်း၊ ရုရှား၊ စပိန် ဘာသာစကားများအား ပညာဒါန (အခမဲ့)အဖြစ် ဖေဖော်ဝါရီ ၁၆ ရက်မှစတင်ကာ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သဖြင့် စိတ်ပါဝင်စားသူ မည်သူမဆို မနာပဒါယီ ပညာရေးစင်တာ ဖုန်း-၀၁-၃၈၃၇၉၆ သို့ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

မိုးကို(သစ်တော)

ပြည်တွင်းရေးရာ

အသိပညာဖွံ့ဖြိုး၊ ကျန်းမာရေးစောင့်ရှောက်မှုရရှိစေမည့် လူမှုထူးချွန်စာကြည့်တိုက်နှင့် စေတနာမွန်ဆေးခန်း

သတင်းနှင့်ဓာတ်ပုံ
ငွေအောင်(ကြေးမုံ)

ရမည်းသင်း ဖေဖော်ဝါရီ ၁၄

ရမည်းသင်းမြို့၌ ဖေဖော်ဝါရီ ၈ ရက် နံနက်ခင်းတွင် တစ်မြို့လုံးရှိ ပြည်သူများတက်ကြွလန်းဆန်းလျက်ရှိနေသည်ကိုတွေ့မြင်ရပြီး ကျောင်းသားလူငယ်များမှာလည်း ဘင်ခရာလေ့ကျင့်တီးခတ်နေကြသလို ကျောင်းသူလေးများကလည်း ပန်းဖွားအကမြင့် ဖျော်ဖြေရန်ပြုံးပျော်စွာဖြင့် လေ့ကျင့်နေသည်ကိုတွေ့မြင်ရကာ မြို့ခံပြည်သူများကလည်း သစ်လွင်တောက်ပသော အဝတ်အစားများ ဝတ်ဆင်၍ မြို့တွင်းသွားလာလှုပ်ရှားနေသည်ကို တွေ့မြင်ရသည်။ ၎င်းတို့သည် ကိုယ့်ဒေသ၊ ကိုယ့်မြို့တွင် အဆင့်မြင့်လူမှုတူးချွန်စာကြည့်တိုက် e-library နှင့် စေတနာမွန် ဆေးခန်းဖွင့်ပွဲသို့ တက်ရောက်ကြရန်နှင့် ဖျော်ပြေရန်အတွက် နံနက်စောစော ရွှင်လန်းပြုံးပျော်နေကြခြင်းဖြစ်သည်။

ဖွင့်ပွဲအခမ်းအနားမစတင်မီ လူမှုထူးချွန်စာကြည့်တိုက် e-Library နှင့် စေတနာမွန်ဆေးခန်း ဖြစ်ပေါ်လာရခြင်းအကြောင်းကို သိရှိလို၍ ယင်းအဆောက်အအုံနှင့် လိုအပ်သောပစ္စည်းများ၊ စာအုပ်၊ ဆေးဝါးများကို လှူဒါန်းမှုပြုထားသည့် ရမည်းသင်းမြို့ဇာတိဖွား ရန်ကုန်မြို့ ငါးတပ်ကြီး ဘုရားလမ်းနေ ဦးမြိတ်သင်းအောင် (လှိုင်သာယာစက်မှုဇုန်ဥက္ကဋ္ဌ) အား

ဦးမြိတ်သင်းအောင် (လှိုင်သာယာစက်မှုဇုန်ဥက္ကဋ္ဌ)

တွေ့ဆုံ၍ မေးမြန်းခဲ့ရာတွင် "ရမည်းသင်းမြို့နယ်အတွင်းနေ မိဘပြည်သူများ၊ ကျောင်းသား ကျောင်းသူများ၊ လူငယ်မောင်မယ် အားလုံးတို့ ကာယ၊ ဉာဏ၊ စာရိတ္တအသိဉာဏ်ပညာဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကျန်းမာရေးကောင်းမွန်ပြီး ဒေသအကျိုး၊ နိုင်ငံ့အကျိုးကို လွတ်လပ်ပွင့်လင်းစွာနှင့် ကျန်းမာချမ်းသာစွာ ဆောင်ရွက်သွားနိုင်ဖို့ရည်ရွယ်ပြီး ရမည်းသင်းမြို့ မင်္ဂလာကျေးထမ်းနှင့် သီထဝထမ်းထောင့်ရှိ ၄၀ ပေ× ၆၀ပေရှိ မြေကွက်ပေါ်၌ ကျပ်သိန်းပေါင်း တစ်တောင့်ငါးရာကျော်အကုန်အကျခံကာ ဆောက်လုပ်ခဲ့ကြောင်း"ကို ဦးစွာရှင်းပြသည်။

အလှူရှင်က ဆက်လက်ရှင်းပြရာတွင် "စာကြည့်တိုက်အတွက် လိုအပ်သည့် ပစ္စည်းများနှင့် ဆေးခန်းသုံးပစ္စည်းများမြစ်သော စာအုပ်များ၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ အော်တိုတယ်လီဖုန်းနှင့် အင်တာနက်လိုင်းတစ်လိုင်းစသည်တို့ကို မတည်လှူဒါန်းခဲ့ကြောင်း၊ လူမှုထူးချွန်စာကြည့်တိုက်နှင့် e-Library ရေရှည်တည်တံ့စေရန်အတွက် ထိန်းသိမ်းစောင့်ရှောက်မှု ကော်မတီကို အဖွဲ့ဝင် ၂၄ ဦးဖြင့် ဖွဲ့စည်းတားပြီး စေတနာမွန်ဆေးခန်း ကြီးကြပ်မှုကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းတားကြောင်း၊ စာကြည့်တိုက်တွင် စာအုပ်ပေါင်း ၃၅၀၀ ခန့်တားရှိတားပြီး နေ့စဉ်ထွက်ရှိသော သတင်းစာများ၊ အပတ်စဉ်ထုတ် မဂ္ဂဇင်း၊ ဂျာနယ်များ ဖတ်ရှုနိုင်ရန် စီစဉ်တားပြီး စာအုပ်များတွင်လည်း သုတ၊ ရသ၊ နည်းပညာစာအုပ်များ အပြင် ကလေးများအတွက် ကာတွန်းစာအုပ်များစုံလင်အောင်တားရှိတားသည်။ (၁၂) နှစ်အောက်ကလေးငယ်များအတွက် Kid Corner ပြင့် ပန်းချီဆွဲမြင်းနှင့် ပုံဆွဲစာအုပ်များပါထားရှိသောကြောင့် ရင်သွေးငယ်များ၏ ဉာဏ်ရည်မြင့်မားစေရန် စီမံတားကြောင်း၊ e-Library တွင်လည်း ကွန်ပျူတာရစ်လုံး၊ အင်တာနက်လိုင်း တစ်လိုင်း ချိတ်ဆက်ပေးတားပြီး e-book တစ်သောင်းကျော်တည်သွင်းတားပြီး ဖတ်ရှုံသာမက ကူးယူခြင်းကိုလည်း ခွင့်ပြုထားကြောင်း"ကို ရှင်းပြသည်။

ဖွင့်ပွဲအခမ်းအနားအပြီး လူမှုထူးချွန်စာကြည့်တိုက် e-Library တွင် စာပေဖတ်ရှုလေ့လာနေကြစဉ်။

စေတနာမွန် ဆေးခန်းအတွက် ရှင်းပြရာတွင် "ယင်းဆေးခန်းတွင် ကုသပေးမည့် ဆရာဝန်များအပြင် အထူးကုဆရာဝန်ကြီးများက အလှည့်ကျ လာရောက်၍ ကျန်းမာရေးစစ်ဆေးပေးပြီး ကုသပေးမည်ဖြစ်ကြောင်း၊ ဆေးခန်းကို (တနလာ၊ ဗုဒ္ဓဟူး၊ သောကြာ၊ စနေ၊ တနင်္ဂနွေနေ့)များတွင် မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအတိဖွင့်လှစ်ပေးသွားမည်ဖြစ်ပြီး လူမျိုး၊ ဘာသာမရွေးလာရောက်ကုသနိုင်ပြီး စေတနာမွန်ဆေးခန်းအတွက် ဆေးပဒေသာပင်ကို ကမ္ဘောဇဘဏ်၌ ဖွင့်လှစ်ထားပြီး အထိမ်းအမှတ်နေ့များတွင် တစ်ရက်စာဆေးဖိုးကျပ် ၂၀၀၀၀ ဖြင့်လှူဒါန်းနိုင်ပြီး စေတနာအလျောက် လှူဒါန်းလိုပါက လှူဒါန်းနိုင်ကြောင်း၊ လူမှုထူးချွန် စာကြည့်တိုက်နှင့် e-Library အတွက် လှူဒါန်းလိုပါက ပင်မအလှူအဖြစ် လှူဒါန်းသောငွေများကို CB Bank Account No, 0008600100004499 သို့ တိုက်ရိုက်တည်သွင်းလှူဒါန်းနိုင်ပြီး လစဉ်မိမိသဒ္ဓါသရွေ့ ကျပ် ၁၀၀၀ မှ ကျပ် ၁၅၀၀၀ အထိတစ်လစာ၊ မြောက်လစာ၊ ၁၂ လစာစသည်ဖြင့် လှူဒါန်းနိုင်ကြောင်းကို ရှင်းပြသည်။

ယင်းနောက် အလှူရှင်အား ကျေးဇူးတင်စကား ပြောကြားပြီး မကြာမီအချိန်တွင် ဧည့်သည်တော်များ ရောက်ရှိလာသည်။ အခမ်းအနား စတင်ချိန်တွင် အစီအစဉ်အတိုင်း ကျင်းပပုံများကို ဓာတ်ပုံရိုက်ကူးစဉ် စိတ်နှလုံးချမ်းမြေ့မှုကို ခံစားမိကာ မောပန်းသည်ဟူ၍မရှိ၊ စိတ်ကျေနပ်ချမ်းမြေ့မိသည်။ ရမည်းသင်းမြို့သူမြို့သားများနှင့် ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်များသည် ဤစာကြည့်တိုက်နှင့် ဆေးခန်းကို တာဝန်ရှိသန်အောင် ဝိုင်းဝန်းတိန်းသိမ်းကြပြီး သက်ရှည်ကျန်းမာ၍ ဗဟုသုတနှင့်ပြည့်စုံကာ ပညာဗဟုသုတကြွယ်ဝပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်စေရေးတွင် တစ်တပ်တစ်အား ပါဝင် ဆောင်ရွက်နိုင်ကြပါစေလို့ ဆန္ဒပြုရေးသားလိုက်ပါသည်။ ။

စေတနာမွန်ဆေးခန်းအတွင်း ပြင်ဆင်ထားမှုကို တွေ့ရစဉ်။

SUCCESS
MARITIME ACADEMY
17 February မှစ၍ DMA Approved
2nd Mate (O.O.W Class III) သင်တန်း
Capt. San Moe Aung
Ph.D Instructor
General Ship Knowledge + Marine English

PROVEN TECHNOLOGY INDUSTRY CO., LTD.
"All types of heating and all goods included in class 9"
MYANMAR TRADEMARK AND PATENT LAW FIRM

ဆောက်လုပ်ရေးဝန်ကြီးဌာန မြန်မာ့ရိုးရာထမနဲထိုးပြိုင်

နေပြည်တော် ဖေဖော်ဝါရီ ၁၄

ဆောက်လုပ်ရေးဝန်ကြီးဌာန ဆဋ္ဌမအကြိမ်မြောက် မြန်မာ့ရိုးရာတမနဲထိုးပြိုင်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် အဆိုပါ ဝန်ကြီးဌာန၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်၊ ဒုတိယဝန်ကြီး ဦးစိုးတင့်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့်တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးခဲ့ကြသည်။

ပြိုင်ပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ တာဝန်ရှိသူများက ဆုရအသင်းများအား ဆုများချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံထင်ခွင့်ပြုထားပြီးဖြစ်သည့် မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊ ရာဇာဓိရာဇ်လမ်း၊ အမှတ်(၁၈၁)တွင် ပါတီရုံးချုပ်တည်ရှိသော **မွန်ဒီမိုကရေစီပါတီ (Mon Democratic Party)**သည် ၎င်းတို့၏ ပါတီအမည်အား **မွန်အမျိုးသားပါတီ (MonNational Party)**ဟုအမည်ပြောင်းလဲခွင့်ပြုပါရန် ၁၀-၂-၂၀၁၄ ရက်နေ့တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ထင်ပြလျှောက်ထားလာပါသည်။ ယင်းသို့ထင်ပြလျှောက်ထားလာသည့် **မွန်အမျိုးသားပါတီ (Mon National Party)**ဟူသည့် အမည်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန်ကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

သမိုင်းဝင်ကျိုက္ကစံ ဆံတော်ရှင်စေတီတော် (၁၁၄) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

သမိုင်းဝင်ကျိုက္ကစံ ဆံတော်ရှင်စေတီတော်၏ (၁၁၄) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲထော် ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ညနေ ၄ နာရီခွဲတွင် စေတီထော်ရင်ပြင် အနောက်ဘက်မုခ်ရှိ ဓမ္မသဟာယအာရုံခံထန်ဆောင်း၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားကို သင်္ဃန်းကျွန်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်လွင်၊ စေတီတော်ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သုဓမ္မမဏ်ဇောတရေ ဦးကြည်မောင်နှင့် အရှေ့ပိုင်းခရိုင် သာသနာ့နဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးတင်ရှိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး စေတီတော်ကြီးကို လက်ယာရစ် ထစ်ကြမ်လှည့်လည်ပူဇော်ကြသည်။

ထို့နောက် သင်္ဃန်းကျွန်းမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် စေတီထော်ဂေါပကအဖွဲ့ ဒုထိယဥက္ကဋ္ဌတို့က ကျေးဇူးထင်စကား ပြောကြားကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် သင်္ဃန်းကျွန်းမြို့နယ် သာသနာ့နဂ္ဂဟအသင်းဝင်များက မဟာပဋ္ဌာန်းဒေသနာတော်ကို ရွတ်ဖတ်ပူဇော်ကြသည်။

ဗုဒ္ဓပူဇနီယပွဲတော်ကို ဖေဖော်ဝါရီ ၁၃ ရက်မှ ၂၃ ရက်အထိ ဟန်ဇာမိုးဝင်းဇာတ်သဘင်၊ ဟားထစ်သိုက်၊ မြန်မာပြည်စတားအငြိမ့် လူရွှင်တော်များ၏ ဖျော်ဖြေထင်ဆက်မှုများအပြင် ပျော်ပွဲရှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြင်းခြံ-မြို့သာ ခေါက်ပြန်ရထားအဆင်ပြေ

မြင်းခြံ ဖေဖော်ဝါရီ ၁၄

မြင်းခြံ-နွားထိုးကြီး-မြို့သာ ရထားမှာ နေ့စဉ်ခေါက်ပြန်ပြေးဆွဲမှုတွင် ဒေသခံများအတွက် ခရီးသွားလာမှုအထူးအဆင်ပြေပြီး ကား၊ ထော်လာဂျီထက် ခရီးစရိတ်သက်သာမရှိနေ၍ ဝမ်းသာနေကြကြောင်း ဒေသခံတို့က ပြောသည်။

မြင်းခြံ-မြို့သာခရီးမှာ ကားလမ်းမရှိသော ကျေးရွာများပြား၍ ဤရထားကိုသာ အားကိုးနေရပြီး ရထားအရှုံးပေါ်၍ မပြေးဆွဲမည်ကို စိုးရိမ်နေကြသည်။ ရထားလက်မှတ်ဝယ်ယူစီးနင်းကြရန် ဒေသခံအချင်းချင်း ပညာပေးမှုကြောင့် ရထားလက်မှတ်ဝယ်စီးသူများ၍ အရှုံးမရှိပါကြောင်း မြန်မာ့မီးရထားက ဆိုသည်။

ယခုအခါ ရထားတွဲနှစ်တွဲဖြင့် တစ်တွဲတိုးကာ ပြေးဆွဲပေး၍ဒေသခံတို့ လူမစီးရဘဲ အဆင်ပြေလျက်ရှိသည်။ ဝက်လူး၊ ဆူဖြူကုန်း၊ မြို့သာ ဘူတာများမှာ ယင်းရထားကြောင့် ကုန်စည်စီးဆင်းမှု မှန်ကန်နေ၍ ဒေသထွက်လုပ်ငန်းများ အဆင်ပြေနေကြောင်း သိရသည်။ **ခင်ဇာမွန်မြင့်(ဥပဒေ)**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၁၃-၂၀၁၄ ပညာသင်နှစ် မိဘဆရာအသင်းအစည်းအဝေးနှင့် ဘက်စုံပညာရည်ဆုပေးပွဲအခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီး ဦးသန်းလင်းနှင့် ဆုရကျောင်းသား ကျောင်းသူများအား တွေ့ရစဉ်။ သန်းဦး(လေးမျက်နှာ)





ရွှေရတုမွေးနေ့မင်္ဂလာဆုတောင်း

၁၅-၂-၂၀၁၄ ရက်တွင် ကျရောက်သော ချစ်လှိုင်မြတ်လေး၏ ရွှေရတုမွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နှင့် လိုအင်ဆန္ဒများပြည့်ဝပြီး ချစ်သော "မြတ်ချို" မိသားစုနှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာဖြင့် ခင်ပွန်းကြီးဆယ်ပါးတို့၏ ကျေးဇူးတရားကို ဆပ်ခွင့်ရသူ၊ ဆပ်နိုင်သူ၊ မိသားစုအကျိုး၊ အများအကျိုး၊ ဘာသာသာသနာအကျိုးတိုကို ဆတက်ထမ်းပိုးဆောင်ရွက်နိုင်သူ ဖြစ်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။

ဖေကြီးနှင့် ဆု၊ နှင်း၊ သဲ၊ ပြည့်
မြတ်ချိုမိသားစု

အနုပညာ

မေလမင်းသားနှင့်အတူ လူငယ်ပရဟိတလုပ်ငန်းလုပ်ဆောင်မည့် ဘီယွန်စေး

တေးသံရှင် ဘီယွန်စေးက ဗြိတိန်သို့ ဂီတဖျော်ဖြေရေးခရီးစဉ် ရောက်ရှိနေစဉ်အတွင်း ဝေလမင်းသား၏ အကူအညီဖြင့် လူငယ်ပရဟိတလုပ်ငန်းများတွင် ရန်ပုံငွေတိုးတက်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တုတ်ဖော်ဖြောကြားခဲ့သည်။

"လူငယ်တစ်ယောက်အနေနဲ့ ကျွန်မမိသားစုကို ထောက်ပံ့သလိုပဲ ကျွန်မရဲ့ ဂီတရည်မှန်းချက်ကို တွန်းအားပေးနေတဲ့ လူငယ်တွေကိုကူညီခွင့်ရတာ ကျွန်မကံကောင်းတာပဲ၊ ဝေလမင်းသားအနေနဲ့လည်း လူငယ်တွေအတွက် ပိုမိုကောင်းမွန်တဲ့ဘဝတွေကိုပေးနိုင်ဖို့အတွက် ကျွန်မရဲ့ ပရဟိတလုပ်ငန်းတွေကို ကူညီလိမ့်မယ်လို့ ယုံကြည်ပါတယ်"ဟု ဘီယွန်စေးက ဆိုသည်။

ဆက်လက်ပြီး "ယူကေမှာရှိတဲ့လူငယ်တွေဟာ အလုပ်လက်မဲ့ပြဿနာတင်မကဘဲ အိမ်မဲ့ယာမဲ့ဖြစ်မှု၊ မူးယစ်ဆေးသုံးစွဲမှု၊ ဆင်းရဲနွမ်းပါးမှုနဲ့ စိတ်ကျန်းမာရေးချို့တဲ့မှုပြဿနာများကိုပါ ခံစားနေရတယ်ဆိုတာကို ဘီယွန်စေးက နားလည်နေပါတယ်၊ ဒီလိုဆင်းရဲဒုက္ခအခက်အခဲတွေကနေ လွတ်မြောက်ဖို့အတွက် ဘီယွန်စေးရဲ့ လူငယ်ပရဟိတ လုပ်ငန်းကနေ ရန်ပုံငွေတွေကြိုးစားရှာဖွေပြီး သူတို့ကိုကူညီသွားမှာပါ"ဟု ဝေလမင်းသား၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ဘီယွန်စေးသည် ပရဟိတလုပ်ငန်းနှင့် ယူကေရှိလူငယ်များ အလုပ်အကိုင်ရှာဖွေသည့်အခါ တွေ့ကြုံရသည့် အခက်အခဲများဖြေရှင်းပေးနိုင်ရေးသံတမန်အဖြစ် ခန့်အပ်တာခြင်းခံရသူလည်းဖြစ်သည်။

မျိုးစန္ဒာမောင် ➤ စုစည်းရေးသားသည်

အော်စကာဆန်ခါတင်ဇာတ်ကားများ၏ အထူးဂီတဖျော်ဖြေပွဲ ကျင်းပမည်

မတ်လ ၂ ရက်တွင် ကျင်းပမည် အော်စကာဆုပေးပွဲအခမ်းအနားတွင် အတောင်းဆုံးတေးသီချင်းဆု ချီးမြှင့်မည်ဇာတ်ကားအတွက် ဆန်ခါတင်ရွေးချယ်ထားသည့် Gravity နှင့် Saving Mr Banks ဇာတ်ကားများမှ သီချင်းများအပါအဝင် ဆန်ခါတင်ဇာတ်ဝင်တေးသီချင်းများကို ဆုပေးပွဲမတိုင်မီတွင် အထူးဂီတဖျော်ဖြေပွဲတစ်ရပ်ပြုလုပ်ကာ ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း အကယ်ဒမီဆုရွေးချယ်ရေးအဖွဲ့မှ သိရသည်။

အဆိုပါဂီတဖျော်ဖြေပွဲကို ဖေဖော်ဝါရီ ၂၇ ရက်တွင် ကယ်လီဖိုးနီးယားတက္ကသိုလ်ရှိ Royce Hall ၌ ကျင်းပသွားမည်ဖြစ်ပြီး ဆန်ခါတင်ရွေးချယ်ခံတားရသည်ဇာတ်ကား ငါးကားမှ ဆန်ခါတင်ရွေးချယ်ခံထားရသည် သီချင်းရေးစပ်သူများကိုယ်တိုင်၏ အစ်အမံများဖြင့် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်းသိရသည်။

ယင်းအခမ်းအနားတွင် နာမည်ကျော် သရီးဒီဇာတ်ကားဖြစ်သည့် Despicable Me 2 ဇာတ်ကားမှ တေးရေးဆရာ ဖဲရယ်လ်စကော့တ်၏ Happy သီချင်းဖြင့်လည်းကောင်း၊ Frozen ဇာတ်ကားမှ Let it Go သီချင်းတို့ဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ပြီး အခြားသီချင်းအမည်များကို မကြာခင်တုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

ပြင်သစ်၏အထင်ကရရုပ်ရှင်ဆု ဆွတ်ခူးနိုင်ခဲ့သည့် စကားလက်ဂျိုဟာန်ဆန်

အမေရိကန်မင်းသမီး၊ မော်လ်ဒယ်နှင့် တေးသံရှင် စကားလက်ဂျိုဟာန်ဆန်အား ပြင်သစ်နိုင်ငံ၏ အတင်ကရရုပ်ရှင်ဆုအမျိုးအစားတစ်ခုဖြစ်သည့် Cesar ဆုကို ဂုဏ်ပြုချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

မင်းသမီး စကားလက်ဂျိုဟာန်ဆန်သည် လွန်ခဲ့သည့်နှစ်များအတွင်းက ရုပ်ရှင်ဇာတ်ကားများ၌ပါဝင်ခဲ့သည့် ၎င်း၏စွမ်းဆောင်ရည်ကို ဂုဏ်ပြုသည့်အနေဖြင့် ချီးမြှင့်ခြင်းဖြစ်ပြီး Cesar ဆုပေးပွဲအခမ်းအနားကို နှစ်စဉ်ကျင်းပမြဲအတိုင်း ပြင်သစ်နိုင်ငံ ပါရီမြို့၌ ဖေဖော်ဝါရီ ၂၈ ရက်တွင် ကျင်းပသွားမည်ဖြစ်သည်။

ပြင်သစ်နိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသည့် အဆိုပါဆုပေးပွဲသည် ပြင်သစ်နိုင်ငံတွင် ပြသခဲ့သည့် ထူးခြားသည့်ဇာတ်ကားများကို ဂုဏ်ပြုချီးမြှင့်သည့်ဆုအမျိုးအစားတစ်ခုဖြစ်သည်။

ဟောလိဝုဒ်လောကမှ Cesar ဆုရရှိခဲ့ကြသူများမှာ ဝါရင့်မင်းသမီး မိုင်ရယ်စတိဗ်နှင့် ကယ်လ်ဗင်ကိုစ်နာတို့လည်း ဆုရရှိဆွတ်ခူးခဲ့ဖူးကြပြီး ယမန်နှစ်က ဗြိတိန်မင်းသမီး ကိတ်ဝင်းစလက်က အဆိုပါ Cesar ဆုကို ရရှိဆွတ်ခူးခဲ့ကြောင်း သိရသည်။

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၅-၂-၂၀၁၄ (စနေနေ့)

၆း၀၃	တရားတော်
၆း၁၀	မေတ္တာပို့
၆း၃၅	မြန်မာသံစဉ်ချူနားဝင်
၈း၁၀	မွေးမြူသုတ
၁၁း၄၀	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် ကလိန်းကလယ် မြင့်မြတ်၊ မယ်လိုဒီနှင့် သရုပ်ဆောင်များ ဒါရိုက်တာ စိုးကျော်ဆန်း
၁း၅၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဂျက်စီဘယ်" (အပိုင်း-၄၇)
၄း၁၃	ကျန်းမာကြံ့ခိုင်တို့နိုင်ငံ
၄း၃၅	ချစ်သူစုံတွဲတူယှဉ်နွဲ
၅း၂၀	သာယာသီကြေး ခေတ်ဆန်းတေး
၅း၃၀	သံစဉ်များနှင့် ကမ္ဘာ (၇)နှစ်ပြည့်နှစ်ပတ်လည် တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက်(Live) ထုတ်လွှင့်မှု
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း -လူ့ရှင်တော်စတား -ယနေ့ညအတွက်မြဝတီ၏ -တေးလက်ဆောင် -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **Battle Force** (အပိုင်း-၁) -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း နတ်သမီးပုံပြင် (အပိုင်း-၁၅)

မီးမလောင်ခင် သတိယှဉ် ကြိုတင်ကာကွယ်မါ

သတိပေးနှိုးဆော်ချက်

ရန်ကုန်မြို့တော်အတွင်း၌ ပြေးဆွဲလျက်ရှိသည့် အငှားယာဉ်များသည် ရန်ကုန်လိုင်စင်မှတ်ပုံတင်၍ ပြေးဆွဲလျက်ရှိပါသည်။ အချို့သော အငှားယာဉ်များသည် နယ်လိုင်စင်ဖြင့် ရန်ကုန်မြို့တော်အတွင်း ဝင်ရောက်၍ ဖြေးဆွဲလျက်ရှိကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် နယ်လိုင်စင်ရှိ အငှားယာဉ်များသည် ရန်ကုန်မြို့တွင်း၌အရေးပေါ်ကိစ္စမှလွဲ၍ အမြဲတမ်းပြေးဆွဲ မောင်းနှင်ခြင်းမပြုကြရန်နှင့် စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး
ယာဉ်စည်းကမ်းထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ

ASIA KING

iFix

Opple (Exclusive Distributor)

Opple Lighting CO.,LTD OPPLE(Trademarks & Logos) OPPLE

OPPLE Farmer Phoyarzar Co.,Ltd. (Exclusive Distributor) Opple Lighting Customer Opple Customer Farmer Phoyarzar Co.,Ltd.

OPPLE LIGHTING CO.,LTD

B.Sc, H.G.P, R.L, Dip in Business law, Dip in International Law)

ဝန်ထမ်းအလိုရှိသည်

၁။ မန်နေဂျာ ကျား(၂)ဦး
အသက် ၂၅ နှစ်အတက်၊ ဘွဲ့ရ၊ လုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရမည်။
၂။ ကြီးကြပ်ရေးမှူး ကျား(၅)ဦး
လုပ်ငန်းအတွေ့အကြုံရှိရမည်။
၃။ Waiter ကျား(၂၀)ဦး
၄။ စာရေးမ မ(၅)ဦး
၅။ စာရင်းကိုင် မ(၂)ဦး
ဘွဲ့ရ၊ ကွန်ပျူတာကျွမ်းကျင်ရမည်။
၆။ ယာဉ်မောင်း ကျား(၁)ဦး

အထက်ပါရာထူးများအတွက် လျှောက်ထားလိုသူများသည် လိုအပ်သည့် စာရွက်စာတမ်းဖြည့်စုံစွာဖြင့် မိမိလျှောက်တားလိုသောရာတူးကို ဖော်ပြ၍ ကြော်ငြာသည့်နေ့မှ (၂)ပတ်အတွင်း အောက်ပါလိပ်စာအတိုင်း လာရောက်လျှောက်တားနိုင်ပါသည်။

Soprano ktv
Greatwall Shopping Center ၄ လွှာ
၇၇×၇၈လမ်းကြား၊ ၃၂ x ၃၃ လမ်းကြား၊ ဇောတ်ကလမ်း
ဖုန်း-၀၂-၂၂၃၂၆၊ ၀၂-၇၇၇၇၃

ပေါ်တူဂီအသင်း ကမ္ဘာ့အဆင့်(၄)နေရာသို့တက်လှမ်း

ကမ္ဘာ့ဖလားပြိုင်ပွဲများ၌ အကောင်းဆုံးခြေစွမ်းများရရှိတားသော စပိန်အသင်းသည် ကမ္ဘာ့ဖီဖာအဆင့်သတ်မှတ်ချက် အဆင့်(၁)နေရာတွင် ဆက်ရှိနေစဉ်တွင် ပေါ်တူဂီအသင်းသည် တောင်ပံကစားသမားခရစ်စ္စတီယာနိုရိုနယ်လ်ဒို၏ စွမ်းဆောင်မှုနှင့်အတူ ကိုလံဘီယာအသင်းအား ကျော်တက်ကာ ဖီဖာကမ္ဘာ့အဆင့်သတ်မှတ်ချက် အဆင့်(၄)နေရာသို့တက်လှမ်းလာခဲ့ကြောင်း သိရသည်။ ပြီးခဲ့သည့်နှစ်က ပေါ်တူဂီအသင်းအား ကမ္ဘာ့ဖလားဝင်ခွင့်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ခြင်းကြောင့်လည်း ဖြစ်သည်။

ဂျာမန်နှင့်အာဂျင်တီးနား တို့သည် ဖီဖာအဆင့်(၂)နှင့်(၃)နေရာတို့တွင် ရပ်တည်လျက်ရှိပြီး ဒိန်းမတ်သည် အဆင့်(၂၅)မှ အဆင့်(၂၀)သို့ လည်းကောင်း၊ ဘရာဇီးသည် အဆင့်(၉)သို့ လည်းကောင်း အသီးသီး တက်လှမ်းလာခဲ့သော်လည်း အင်္ဂလန်သည် အဆင့်(၁၅)သို့ လည်းကောင်း ကျဆင်းသွားခဲ့သည်။

ငွေကြယ်

ပြင်သစ်အသင်း ကမ္ဘာ့ဖလား ဆွတ်ခူးနိုင်ခဲ့ပါက ၂၀၁၄ ကမ္ဘာ့အကောင်းဆုံး ကစားသမားဆု ရီဘာရီရနိုင်

ယခုနှစ်နွေရာသီတွင် ဘရာဇီးနိုင်ငံ၌ ကျင်းပမည့် ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပြင်သစ်အသင်း ဖလားဆွတ်ခူးနိုင်ခဲ့ပါက ၂၀၁၄ ကမ္ဘာ့အကောင်းဆုံးကစားသမားဆုကို ပြင်သစ်တိုက်စစ်မှူး ဖရန့်ရီဘာရီ ဆွတ်ခူးရရှိလိမ့်မည်ဖြစ်ကြောင်း ပြင်သစ်ကစားဖော် မန်စီးတီးတိုက်စစ်မှူး နာဆရီက ပြောကြားသည်။

ဘိုင်ယန်မြူးနစ်တောင်ပံကစားသမား ဖရန့်ရီဘာရီသည် ၂၀၁၃ ကမ္ဘာ့အကောင်းဆုံးကစားသမားဆုအတွက် နောက်ဆုံး ဆန်ခါတင်သုံးဦးစာရင်းတွင် ပါဝင်ခဲ့သော်လည်း ခရစ္စတီယာနိုရိုနယ်လ်ဒိုနှင့် လီယွန်နယ်မက်ဆီတို့၏နောက် တတိယနေရာဖြင့်သာ ကျေနပ်ခဲ့ရသည်။

၂၀၁၃ ကမ္ဘာ့အကောင်းဆုံးကစားသမားဆုရင် မကြေညာမီ အချိန်လေးအတွင်းမှာပင် အဆိုပါ ဆုကိုမရရှိနိုင်ကြောင်း ရီဘာရီကိုယ်တိုင် သိရှိခဲ့ပြီးနောက် ရီဘာရီ၏ အားငယ်စိတ်ပျက်ဖွယ်ဟန်အမူအရာအချို့ကိုလည်း ပြင်တွေ့ခဲ့ရကြောင်းနှင့် မိမိအနေဖြင့်လည်း ၂၀၁၄ ကမ္ဘာ့ဖလားကို ပြင်သစ်အသင်းရရှိခဲ့ပါက ၂၀၁၄ ကမ္ဘာ့အကောင်းဆုံးဆုကို ဖရန့်ရီဘာရီရယူနိုင်မည်ဟု အားပေးစကားပြောကြားခဲ့ကြောင်း တိုက်စစ်မှူးနာဆရီက ပြောကြားခဲ့သည်။

လက်ရှိတွင် ပြင်သစ်အသင်းသည် ၂၀၁၄ ကမ္ဘာ့ဖလား အုပ်စုခွဲရာ၌ ဆွစ်ဇာလန်၊ အီကွေဒေါ၊ ဟွန်ဒူးရပ်စ်တို့နှင့် တစ်အုပ်စုတည်း ကျရောက်လျက်ရှိသည်။

ဘောလုံးလောကသတင်းတိုများ

- ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်းက ချယ်လ်ဆီးအသင်းမှ ပြောင်းရွှေ့ကြေးပေါင် ၃၇ ဒသမ ၁ သန်းဖြင့်ခေါ်ယူတားသော ကွင်းလယ်ကစားသမား ဂျူအန်မာတာသည် မိမိအနေဖြင့် မန်ယူအသင်းအတွက် မည်သည့်နေရာတွင်မဆို ကစားသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။
- ရိုးမားအသင်းခေါင်းဆောင်ဖရန်ဆစ်စကိုတော့တီသည် အချိန်တိုင်းတောက်ပနေမည့် အီတလီကစားသမားတစ်ဦးဖြစ်ကြောင်း ဆမ်ဒိုးရီးယားအသင်းနည်းပြ မီဟက်လိုဗစ်က ထုတ်ဖော်ပြောကြားခဲ့သည်။
- စပိန်လာလီဂါကလပ် အက်သလက်တီကိုမက်ဒရစ်အသင်းသည် ပရီမီယာလိဂ်ကလပ် စပါးအသင်းမှ ဂိုးသမား ဟူဆိုလိုရစ်အား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။
- ဂါနာကွင်းလယ်ကစားသမား မိုက်ကယ်အက်စီယန်သည် ဘရာဇီးနိုင်ငံ၌ ကျင်းပမည့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဂါနာအသင်းနှင့်အတူ ပွဲထွက်ကစားရန် မျှော်လင့်ထားကြောင်းသိရသည်။
- မန်ယူအသင်း၊ ချယ်လ်ဆီးအသင်းနှင့် စပါးအသင်းတို့သည် လာမည့်နွေရာသီအပြောင်းအရွှေ့ကာလတွင် ဒိုင်နမိုဇာဂရက်တိုက်စစ်မှူး ရောဘတ်မှရစ်အား ခေါ်ယူရန် အပြိုင်ကြိုးပမ်းမည်ဖြစ်ကြောင်း သိရသည်။
- မန်စီးတီးအသင်းသည် အသက် (၂၀)အရွယ်ရှိ ကွင်းလယ်ကစားသမား ဇုကုလီနီအား ပြောင်းရွှေ့ကြေး ပေါင် ၁ ဒသမ ၅ သန်းဖြင့် ခေါ်ယူရန် သဘောတူတားပြီဖြစ်ကြောင်း သိရသည်။
- ချယ်လ်ဆီးအသင်းနည်းပြ မော်ရင်ဟိုသည် လက်ရှိရီးယဲလ်မက်ဒရစ်အသင်းတွင် ကစားလျက်ရှိသည့် အသက်(၂၆)နှစ်အရွယ် ဂျာမနီကွင်းလယ်ကစားသမား ခီဒီယာအား စာချုပ်ခေါ်ယူရန် ဆန္ဒရှိနေကြောင်း သိရသည်။

ကားလ်ဖရော့ချ် မဟာအမှားကျူးလွန်ခဲ့ဟု ဂျော့ဂျ်ဂရုဗ် စွပ်စွဲပြောကြား

ဗြိတိန်စူပါမစ်ဒယ်ဝိတ်တန်းပြိုင်ဘက်ဖြစ်သော လက်ဝှေ့ကျော်ကားလ်ဖရော့ချ်သည် မေလ ၃၁ ရက် (စနေနေ့)တွင် လက်ဝှေ့သမားဂျော့ဂျ်ဂရုဗ်နှင့် မကျေပွဲတစ်ရပ်အဖြစ် ယှဉ်ပြိုင်ထိုးသတ်ရန် သဘောတူခဲ့သော်လည်း လက်ရှိတွင် ယင်းသဘောတူညီချက်သည် မရေမရာဖြစ်ခဲ့ခြင်းကြောင့် ကားလ်ဖရော့ချ်သည် မဟာအမှားကျူးလွန်ခဲ့သူဖြစ်ကြောင်း ဂျော့ဂျ်ဂရုဗ်က စွပ်စွဲပြောကြားခဲ့သည်။

နော့တင်ဟမ် လက်ဝှေ့သမား ကားလ်ဖရော့ချ်သည် ပြီးခဲ့သည့် နိုဝင်ဘာလက ပြိုင်ဘက်ဖြစ်သော ဂျော့ဂျ်ဂရုဗ်နှင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ ကိုးချီပြောက်တွင် အလဲထိုးနိုင်ပွဲရရှိခဲ့ပြီး ဒဗလျူဘီအေနှင့် အိုင်ဘီအက်ဖ် လက်ဝှေ့ချန်ပီယံဘွဲ့များကို ဆက်လက်တိန်းသိမ်းနိုင်ခဲ့သည်။

ထို့ကြောင့် ဂျော့ဂျ်ဂရုဗ်နှင့် ကားလ်ဖရော့ချ်တို့သည် တစ်ကျော့ပြန်မကျေပွဲထိုးသတ်ရန် သဘောတူခဲ့ပြီး ကားလ်ဖရော့ချ်အနေဖြင့်လည်း မိမိနှင့် ပြန်လည်ထိုးသတ်သင့်ကြောင်း ဘီဘီစီရေဒီယိုအသံလွှင့်ဌာနသို့ ဂျော့ဂျ်ဂရုဗ်က ပြောကြားခဲ့သည်။

ကားလ်ဖရော့ချ်အနေဖြင့် ပြိုင်ပွဲပြီးနောက် အနားယူမည်ဟု စဉ်းစားထားကြောင်း ဝန်ခံပြောကြားခဲ့သည်။ သို့သော် လက်ရှိတွင် ဂျော့ဂျ်ဂရုဗ်နှင့် ယှဉ်ပြိုင်ထိုးသတ်ရန်နှင့် လက်ဝှေ့ကြိုးဝိုင်းအတွင်းသို့ ဖြန်လာမည်မဟုတ်ကြောင်း ကားလ်ဖရော့ချ်က ပြောကြားလာသည်။

ကားလ်ဖရော့ချ်နှင့် ဂျော့ဂျ်ဂရုဗ်တို့၏ပြန်လည်ထိုးသတ်ပွဲသည် ၁၉၉၃ ခုနှစ်က အိုးတရက်ဖို့ဒ်၌ ယှဉ်ပြိုင်ထိုးသတ်ခဲ့သည့် ဒုတိယအကြိမ်ထိုးသတ်မှုပြီးနောက် ဗြိတိန်၏ လက်ဝှေ့လောကတွင် အကြီးမားဆုံးသော မကျေပွဲဖြန်လည်ထိုးသတ်မှုဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။



ရန်ကုန်-မန္တလေးကားလမ်းဘေး၌ တွေ့ရှိခဲ့သော ဦးခေါင်းပြတ် အသတ်ခံရသည့် အမျိုးသမီးအမှုမှ ပြစ်မှုကျူးလွန်သူအား မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဖော်ထုတ်ဖမ်းဆီးရမိ
လူမှုရေးအရ ငြိစွန်းနေသူ ငွေတိုးပေးသည့် လုပ်ငန်းလုပ်ကိုင်သူက ပြစ်မှုကျူးလွန်ခဲ့ခြင်းဖြစ်

နေပြည်တော် ဖေဖော်ဝါရီ ၁၄

လွန်ခဲ့သည့် တစ်နှစ်ခန့်က ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ရန်ကုန်-မန္တလေးကားလမ်းဘေး၌ ဦးခေါင်းဖြတ်အသတ်ခံရသည့် အမျိုးသမီးအမှုမှ ပြစ်မှုကျူးလွန်သူအား မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အဆင့်ဆင့်စစ်ဆေးဖော်ထုတ်ခဲ့မှုကြောင့် ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏သတင်းထုတ်ပြန်ချက်အရ သိရသည်။

၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက် နံနက်ပိုင်းက ဖြူးမြို့နယ် သပြေလှကျေးရွာအနီး ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် (၁၃၉/၁-၂) အကြား တံတားအမှတ် (၁၄၀/၁) ဇဟားချောင်းတံတားအနောက်ဘက်ချောင်းဘေးတွင် သွေးစွန်းနေသောပိန်အိတ်အတုပ် တစ်ထုပ်အား တွေ့ရှိသဖြင့် ဖြူးမြို့နယ်ရဲစခန်းမှ တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ ဦးခေါင်းမပါ ကိုယ်လုံးတီးအမျိုးသမီးအား ခြေလက်များ ကြိုးထုတ်လျက်တွေ့ရှိသဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

သေဆုံးသူမှာ ကျောက်တံခါးမြို့နယ် တောကျွဲအင်းမြို့ အောင်ဇေယျရပ်ကွက်နေ မသန်းထွေး(၄၁) နှစ်ဖြစ်ကြောင်း သိရှိရပြီး ငွေတိုးပေးသည့်

လုပ်ငန်းလုပ်ကိုင်သူ ဦးတင်စိုးနှင့် လူမှုရေးအရ ငြိစွန်းခဲ့ရာမှ ၎င်းက သတ်ဖြတ်ခဲ့ခြင်းဖြစ်ကြောင်း စုံစမ်းဖော်ထုတ်သိရှိရသဖြင့် ဦးတင်စိုး (၅၉) နှစ်အား အမှုဖွင့်ဖမ်းဆီးထားကြောင်း သိရသည်။

စုံစမ်းစစ်ဆေးချက်များအရ ၂၀၁၂ ခုနှစ် မေလခန့်တွင် မသန်းထွေးသည် ဘားအံမြို့မှ ပြန်လာစဉ် ငွေကျပ်သိန်း ၃၀ ခန့်နှင့် ရွှေထည်ပစ္စည်းပါလာကြောင်း၊ ထို့နောက် ခင်မင်ရင်းနှီးသူ တောကျွဲအင်းမြို့နေ ဦးတင်စိုးနှင့် ဇနီးတို့အိမ်တွင် လိုက်ပါနေထိုင်ပြီးပါလာသောငွေများအား အတိုးရရှိရန် ဦးတင်စိုးထံတွင် အတိုးပေးခဲ့ကြောင်း၊ နောက်ပိုင်းတွင်ဦးတင်စိုးနှင့်မသန်းထွေးတို့ငြိစွန်းခဲ့ကြောင်း၊ ဇနီးဖြစ်သူ ရန်ကုန်မြို့သို့ သွားရောက်နေသဖြင့် ဦးတင်စိုးတစ်ဦးတည်း နေအိမ်တွင် ရှိနေစဉ် ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက် ည ၉ နာရီခွဲခန့်တွင် မသန်းထွေးရောက်ရှိလာပြီး ထိုညက အတူအိပ်စက်ခဲ့ကြောင်း၊ နောက်နေ့တွင် မသန်းထွေးက နှစ်လုံးထီရှုံးသဖြင့် တပ်မံကစားရန် ငွေသုံးသိန်းတောင်းခံရာမှ စကားများရန်ဖြစ်ပြီး ဦးတင်စိုးက ဓားဦးချွန်ဖြင့် မသန်းထွေး၏ လည်ပင်းအား ခုတ်ခဲ့ကြောင်း၊ ထို့နောက် လည်ပင်းအား လှီးဖြတ်ခဲ့ပြီး အထုပ်များဖြင့်ခွဲတုပ်၍ ည ၇ နာရီခန့်တွင် ဆိုင်ကယ်ဖြင့်တင်ဆောင်ကာ ရန်ကုန်-မန္တလေး လမ်းဘေးတွင် သွားရောက်စွန့်ပစ်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်နိုင်ခဲ့သည်။

မသန်းထွေး၏ ကိုယ်လုံးထည့်ထားသည့် အတုပ်အား ဆိုင်ကယ်ပေါ်မှ တွန်းချစဉ် အရှိန်ဖြင့်ဆိုင်ကယ်လဲကျသွားခဲ့ကြောင်း၊ ထိုသို့လဲကျစဉ် ကတ္တီပါဖိနပ် ဝဲဘက်တစ်ဖက်၊ ဆိုင်ကယ်ဝဲဘက်နောက်ကြည့်မှန်၊ ဆိုင်ကယ်ရှေ့ခြင်းထဲမှ ရေသန့်တစ်ဘူး၊ ဓာတ်မီးတစ်လက်၊ မျှော့ကြိုးတစ်ချောင်းတို့ ကျကျန်ခဲ့သဖြင့် အဆိုပါသဲလွန်စများမှ တစ်ဆင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အဆင့်ဆင့်ဖော်ထုတ်မှုကြောင့် ယခုကဲ့သို့ ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း အစီရင်ခံစာအရ သိရှိရသည်။

(သတင်းစဉ်)

သိလိုသူများ ဆက်သွယ်နိုင်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်း သစ္စာလမ်းဆုံ မီးပွိုင့်အလွန်တွင် ဖေဖော်ဝါရီ ၈ ရက် နံနက် ၁ နာရီခန့်တွင် ဆလွန်းကားတစ်စီးက အသက်(၂၅) နှစ်ခန့်အရွယ် အရပ်ငါးပေ ငါးလက်မ၊အသားလတ်၊ကိုယ်လုံးသွယ်ပြီး အစိမ်းရောင်တီရပ်နှင့် ဂျင်းဘောင်းဘီအပြာရောင်ဝတ်ဆင်ထားသော မြန်မာအမျိုးသားတစ်ဦးကိုတိုက်မိရာ သေဆုံးသွားခဲ့သည်။ ယာဉ်တိုက်မှုနှင့်ပတ်သက်၍ သေဆုံးသွားသော အမျိုးသား၏ အမည်နှင့် နေရပ်လိပ်စာ မရရှိသဖြင့် သိရှိလိုသော မိသားစုဝင်များအနေဖြင့် ဖုန်း- ၀၉-၄၀၁၅၄၀၈၈ နှင့် ၀၉-၃၁၅၄၀၆၁၅ တို့သို့ ဆက်သွယ်စုံစမ်း အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။ **(ကြေးမုံ)**

၁၀ ဘီးကား လေးဖြုတ်လဲရာမှ ဂျိုက်ပြုတ်ကျ၍ လူတစ်ဦးသေဆုံး

မြိတ် ဖေဖော်ဝါရီ ၁၄

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကလွင်ကျေးရွာအုပ်စု အဝေးပြေးကားဝင်းအနီး မြို့ပတ်(၂)လမ်းရှိ သန့်ဇင်ကုန်စည်ပို့ဆောင်ရေးဂိတ်ရှေ့၌ ဖေဖော်ဝါရီ ၁၂ ရက်က ယာဉ်အမှတ် ၉ခ/. . . UD အမျိုးအစား (၁၀)ဘီးယာဉ်၏ရှေ့ဝဲဘက် လေးဖြုတ်လဲနေစဉ် ဂျိုက်ပြုတ်ကျမှုကြောင့် ယာဉ်နောက်လိုက် ဖြိုးငြိမ်း(၁၉)နှစ် ဝမ်းတွင်းမြို့ ရွာရည်ကျေးရွာနေသူသည် ခါးကျိုးဒဏ်ရာ၊ ဇက်ကျိုးဒဏ်ရာ၊ ခြေကျိုးဒဏ်ရာတို့ဖြင့် သေဆုံးသွားပြီး ယာဉ်မောင်း အောင်မျိုးဦး (၃၃)နှစ်နှင့် ယာဉ်နောက်လိုက် တွန်းကြွယ် (၃၆) နှစ် ဝမ်းတွင်းမြို့နေသူတို့နှစ်ဦးတွင် တိခိုက်ဒဏ်ရာ အနည်းငယ်ရရှိခဲ့သဖြင့် မြိတ်မြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့တင်ပို့၍ ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

အဆိုပါ သေဆုံးမှုနှင့် ပတ်သက်၍ မြိတ်မြို့မရဲစခန်းမှ တာဝန်မှူးဒုရဲအုပ် အောင်မျိုးဝင်းနှင့် တာဝန်ရှိသူများသည် အခင်းဖြစ်ပွားရာနေရာသို့ သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ပြီး သေမှုသေခင်း အမှုဖွင့်လှစ်နိုင်ရန် စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

မိုးကိန်း(မြိတ်)

ဆိုင်ကယ်နှင့် ဘီအမ်ယာဉ်တိုက် သုံးဦးသေဆုံး

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ ဖေဖော်ဝါရီ ၁၃ ရက် ည ၈ နာရီက ဆိုင်ကယ်နှင့် ဘီအမ်ယာဉ်တိုက်မှုဖြစ်ပွားရာ သုံးဦးသေဆုံးကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် (၆၁) ရပ်ကွက် ရတနာလမ်းမပေါ်တွင် မြောက်မှတောင်သို့ ယာဉ်မောင်း (စုံစမ်းဆဲ) မောင်းနှင်လာသော ယာဉ်အမှတ် ည/--- B.M အမျိုးအစား အထည်ချုပ်စက်ရုံဝန်ထမ်းကြို/ပို့ ယာဉ်နှင့် ရတနာလမ်းအတိုင်း တောင်မှ မြောက်သို့ လူနှစ်ဦးတင်ဆောင်မောင်းနှင်လာသော Kenbo အမျိုးအစား 125 အနက်ရောင် ဆိုင်ကယ်တို့ ရတနာလမ်းနှင့် ရွှေလီလမ်းဆုံအရောက်တွင် တိုက်မိခဲ့ရာ ဆိုင်ကယ်မှာ လမ်းယာဘက် မြောင်းထဲသို့ အရှိန်ဖြင့်းစွာ တိမ်းမှောက်သွားသဖြင့် ဆိုင်ကယ်ပေါ်ပါ အမျိုးသား (၃၀)နှစ်ခန့်တွင် ယာမျက်ခုံး စုတ်ပြဲ၊ နှာခေါင်း သွေးထွက်(စုံစမ်းဆဲ)၊ အမျိုးသား (၂၀)နှစ်ခန့်တွင် ဝဲပါးဖူးရောင်၊ နှာခေါင်းသွေးတွက်၊ ယာတံတောင်ပွန်း၊ ယာဒူးပွန်း၊ ရောင်၊ စုတ်ပြဲကာ သေဆုံးပြီး (စုံစမ်းဆဲ)၊ အမျိုးသား ဝဲနားထင် ပိန်ချိုင့်၊ ယာတံတောင် စုတ်ပြဲ၊ ဝဲခြေသလုံး စုတ်ပြဲ အတွင်းလူနာ(စိုးရိမ်ရ) ဒဏ်ရာများရရှိပြီး အထည်ချုပ်စက်ရုံ ဝန်ထမ်းကြို/ပို့ ဘီအမ်ယာဉ်ပေါ်တွင် စီးနင်းလိုက်ပါလာသော ဝန်ထမ်း မနီနီဝင်း (၂၁)နှစ်မှာ အခင်းဖြစ်နေရာတွင်ပင် အတွင်းကြေဒဏ်ရာဖြင့် သေဆုံးပြီး ကျန်ဝန်ထမ်းများမှာ ဒဏ်ရာများ(မစိုးရိမ်ရ)အသီးသီးရရှိခဲ့ကြသည်။

ဒဏ်ရာရရှိသော လူနာများကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ဝိုင်းဝန်းကူညီပို့ဆောင်ပေးခဲ့ပြီး ယာဉ်တိုက်မှုကို ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် မြို့နယ်ရဲတပ်ဖွဲ့စခန်းက ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၅၁၂)**

ဒလ၌ ဖဲဝိုင်းဖမ်းဆီးရမိ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ဒလမြို့မရဲစခန်းမှ ဒုရဲအုပ်ကျော်ဌေးနှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၁၁ ရက် ည ၈ နာရီ ၄၅ မိနစ်ခန့်တွင် ခနောင်အတက်ကျေးရွာနေ စန်းသွင် နေအိမ်၌ ဖဲလောင်းကစားပြုလုပ်နေကြောင်း သတင်းအရ သွားရောက်စစ်ဆေးခဲ့သည်။ အဆိုပါ နေအိမ်တွင် စန်းသွင်(၃၁)နှစ်၊ အာကာဦး(၁၉)နှစ်၊ နန်းထိုက်(၃၀)နှစ်၊ လေးမြင့်(၃၃)နှစ်၊ ငမိုးကြီး (၂၈)နှစ်နှင့် ကျော်ဇောဦး (၂၀) နှစ်တို့ကို ဖဲချပ် ၁၁၄ ချပ်၊ လောင်းကြေးငွေ ၁၈၀၅၀ ကျပ်တို့နှင့်အတူ ဖဲလောင်းကစားပြုလုပ်နေစဉ် ဖမ်းဆီးရမိခဲ့သဖြင့် အရေးယူပေးရန်တိုင်ကြားခဲ့ကြောင်း သိရသည်။ **(၃၁)**








မင်္ဂလာဆွေခံပွဲကျေးဇူးတင်လွှာ

ဦးတင်ညွှန့်(လူမှုထူးချွန်) (အလုပ်အမှုဆောင်-မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း)
(နာယက-မွန်ပြည်နယ် ရွှေလုပ်ငန်းရှင်များအသင်း)-ဒေါ်လှကြင်(ရတနာကုန်သည်)“ရတနာပုံ”
အာမခံရတနာ ရွှေဆိုင်တို့၏ မြေး၊ မော်လမြိုင်မြို့၊ ရွှေတောင်ရပ်၊ အောက်လမ်းမကြီး၊ အမှတ်(၂၀၈)နေ
ဒေါက်တာခင်မောင်ဝင်း(အလုပ်အမှုဆောင်၊ မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း) (ဥက္ကဋ္ဌ- မွန်ပြည်နယ်
ရွှေလုပ်ငန်းရှင်များအသင်း)-ဒေါ်စီစီညွှန့်(“ရတနာဆင့်”အာမခံရတနာရွှေဆိုင်)တို့၏သားငယ်၊
အမှတ်(1/B)၊ ဗဟိုလမ်း၊ ရွှေတောင်ရပ်၊ ယက္ကန်းဝင်းတိုက်နေ

ဒေါက်တာအောင်ကိုကိုဝင်း M.B.,B.S (Mgy)

(ဇီဝကဆေးကုခန်း)

နှင့်

မော်လမြိုင်မြို့၊ အတက်လမ်းမကြီး၊ စစ်ကဲကုန်းရပ်၊ အမှတ်(၅၃/C)နေ
ဦးမြင့်ရွှေ(ခ)ဦးလှိုင်မင်း(အတက်တန်းရှေ့နေ)-ဒေါ်ခင်မြင့်ရီ(“လှိုင်မင်း”အာမခံရတနာရွှေဆိုင်)တို့၏သမီးကြီး

မသရဖီလှိုင် B.Sc (Physics), (Q)

တို့၏ ၂၀၁၄ခုနှစ်၊ ဖေဖော်ဝါရီလ ၉ရက်တွင် Mawlamyine Strand Hotelတွင် ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာဧည့်ခံပွဲ၌ မင်္ဂလာပန်းကုံးဆင်မြန်းပေးပါသော ဦးကျင်ဖေ(မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ)နှင့် ဇနီး ဒေါ်တားမြင့်၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ဦးတင်ညွှန့်(လူမှုထူးချွန်) (အလုပ်အမှုဆောင်-မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း) (နာယက၊ မွန်ပြည်နယ်ရွှေလုပ်ငန်းရှင်များအသင်း)- ဇနီး ဒေါ်လှကြင်(ရတနာကုန်သည်) “ရတနာပုံ” အာမခံရတနာရွှေဆိုင်တို့အားလည်းကောင်း၊ မင်္ဂလာဆောင်အခမ်းအနားကို ပန်းအလှပြင်ဆင်ပေးသော ကိုသာချိုရွှေကြီး(ရွှေဝတီ)မိသားစု၊ မိတ်ကပ်ပြင်ဆင်ခြယ်သပေးပါသော မိတ်ကပ် ကိုတင်မောင်ဝင်း(လှအုပ်စိုး)၊ မိတ်ကပ် ကိုကျော်စိုးနှင့် လှအုပ်စိုးအဖွဲ့၊ မင်္ဂလာပန်းကြပေးသော မလှဖြိုးဝေဝင်း၊ မင်္ဂလာပန်းကုံးဗန်း ကိုင်ဆောင်ပေးသော မသဥ္ဇာလှိုင်၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော မနှင်းအိပြီးဖြူ၊ မေတ္တာဖြင့် ဗီဒီယို မှတ်တမ်းတင်ပေးသော မောင်ဝေယံမင်းသူ(ရွှေနှင်းဆီ)၊ ဗီဒီယိုမှတ်တမ်းတင်ပေးသော ဦးစိုးသိန်း(သန့်သန့်လေး)၊ ဓာတ်ပုံရိုက်ကူးပေးသော ကိုစိုးမိုးနှင့်ကိုအောင်ဇော်ဦး၊ မင်္ဂလာဆောင်အခမ်းအနားကို ပြင်ဆင်ပေးပါသော Mawlamyine Strand Hotel မှ Events Manager မခိုင်သဉ္ဇာသိန်းနှင့်ဝန်ထမ်းများ၊ ကြွရောက်ချီးမြှင့်ကူညီသော နှစ်ဖက်မိဘဆွေမျိုး များ၊ မိတ်ဆွေသင်္ဂဟများနှင့်မင်္ဂလာပွဲလာ ဧည့်ပရိသတ်များအား မင်္ဂလာသတို့သား၊မင်္ဂလာသတို့သမီးနှင့် နှစ်ဖက်သောမိဘများမှ အထူးကျေးဇူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့် ဒေါက်တာအောင်ကိုကိုဝင်း-မသရဖီလှိုင်

စနေနေ့တိုင်း တစ်ပတ်တစ်ခါ ကျင်းပလေ့ရှိသော တိုက်ကြီးမြို့နယ် ဥက္ကံနွားပွဲဈေး၌ နွားများကို တွေ့ရစဉ်။

ဥက္ကံနွားပွဲဈေးတွင် ဝယ်ရောင်းဈေးနှုန်း ပိုမိုမြင့်တက်လာ

ဥက္ကံ၊ ဖေဖော်ဝါရီ ၁၄

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၊ ဥက္ကံနွားပွဲဈေးသည် တစ်ပတ်တစ်ခါ စနေနေ့တွင် ကျင်းပလေ့ရှိရာ တရားမဝင် မှောင်ခိုဈေးကွက်များကြောင့် နွား ဝယ်ရောင်းဈေး ယခင်နှစ်တက် မြင့်လာကြောင်း သိရသည်။

"ကျွန်တော်က ခိုင်းနွားအရောင်းအဝယ်လုပ်တာ အသက် ၆၅ ကျော်ပြီဗျာ၊ ဒီနှစ်လောက် နွားဈေးကောင်းတာ မတွေ့ဖူးဘူး။ ယခင်နှစ်ကဆိုရင် ခိုင်းနွားတစ်ကောင်ဝယ်ရတဲ့ဈေးနဲ့ဆို နှစ်သိန်းလောက် ကွာနေတယ်။ ယခုဆို တစ်ကောင် ခြောက်သိန်း၊ ခုနစ်သိန်းလောက်ပေးမှ ခိုင်းဖြစ်ပဲရှိသေးတယ်။ နွားပွဲဈေးက တရားမဝင် မှောင်ခိုဝယ်တဲ့ လိုင်းလည်းရှိတယ်ဆိုတော့ နွားဈေးတက်မြဲပေါ့ဗျာ။ အခုဆို အမဲသား တစ်ပိဿာ ၈၀၀၀၊ ၉၀၀၀ ရောင်းတယ်ဗျာ။ ဒါတောင်နေ့တိုင်း မရောင်းနိုင်ဘူး။ အမဲသားလည်း ပြတ်တော့မှာပါ။ ဒီအတိုင်းဖြစ်သွားလို့ကတော့ ခိုင်းနွားတွေရှားသွားလို့ ကျွန်တော်တို့တောင်သူတွေ နွားတစ်ဖက်၊ လူတစ်ဖက်တွဲပြီး လယ်ထွန်ရမလိုဖြစ်တော့မှာပဲဗျာ" ဟု တောင်သူကြီးတစ်ဦးမှ ပြောပြ၍ သိရသည်။

နွားဝယ်ရာတွင် ရန်ကုန်မြို့တော်စည်ပင်သာယာ သားသတ်လိုင်စင်ရသူထံမှ အရင်ဈေး တစ်ကောင်လျှင် ၅၅၀၀၀၀၊ ၆၀၀၀၀၀ ဈေး အရောင်းအဝယ်လိုင်စင်ဖြတ်ကာ ကားတစ်စီးလျှင် ၂၄၊ ၂၅ ကောင်တင်၍ ရွာသာကြီးသို့ ပို့ပါသည်။ တရားမဝင် ရောင်းဝယ်သူများမှလည်း နွားတစ်ကောင် ၆၅၀၀၀၀ မှ ၇၅၀၀၀၀ ကျပ်အတိပေးပြီး တရားမဝင်လမ်းကြောင်းမှ ခွင့်ပြုမိန့်ပြေစာ အထောက်အထားမပါဘဲ ခိုးယူသယ်ယူခြင်းကို ရံဖန်ရံခါ တစ်ပတ်လျှင် ၃၀၀ ခန့် တွက်သည်ဟု နွားပွဲစားတစ်ဦးမှ ပြောပါသည်။ ဥက္ကံစနေနွားပွဲဈေးတွင်သာမက မှော်ဘီ-မြောင်းတကာ တနင်္လာဈေးနေ့ ရှိသေးကြောင်း သိရသည်။ လိုင်စင်စီများအနေဖြင့် ပဲခူးတိုင်းအနောက်ခြမ်း နွားပွဲဈေးများမှလည်း ဝယ်ယူကြောင်း သိရသည်။

စနေနွားပွဲဈေးသို့ လာရောက်၍ အများဆုံးဝယ်ယူသူများမှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ရွာသာကြီး သားသတ်လိုင်စင်ရရှိထားသူ ၄၅ ဦးနှင့် တန်းတပင်၊ လိုင်သာယာ၊ လှည်းကူးမှ ၄ ဦးရှိပြီး တစ်ဦးလျှင်တစ်ရက် ၅ ကောင်နှုန်း သတ်ရန်ခွင့်ပြုထားသည်။

နိုင်ထွန်းလှ

သတင်းတိုများ

သာသနာပြုကျောင်းလမ်း ကတ္တရာလမ်းသစ်ဖွင့်လှစ်

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့၊ ဉာဏသိပ္ပံရပ်ကွက်၊ မြို့ဦးစေတီမှ သာသနာပြုကျောင်းလမ်း ကတ္တရာလမ်းသစ်ကို ဖေဖော်ဝါရီ ၁၂ ရက်က ဖွင့်လှစ်ခဲ့သည်။ အဆိုပါလမ်းသည် အရှည် ၆၆၀ ပေ၊ အကျယ် ၁၂ ပေရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ခွင့်ပြုငွေဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ် စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိတို့က လမ်းကို ဖွင့်လှစ်ပေးခဲ့သည်။

စိုင်းဇော်ခမ်း (ပြန်/ဆက်)

စစ်မှုထမ်းဟောင်း ၁၃ ဦးကို ထောက်ပံ့ကြေးပေး

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့ မြို့နယ်စစ်မှုထမ်းဟောင်းရုံးတွင် ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၉ နာရီက မြို့နယ်စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီ အစီအစဉ်ဖြင့် စစ်မှုထမ်းဟောင်း သက်ကြီးရွယ်အိုများ နာမကျန်းဖြစ်နေသူများ မျက်စိကွယ်၊ လေဖြတ်သူများအား ထောက်ပံ့ချီးမြှင့်ငွေပေးအပ်ခဲ့သည်။ အခမ်းအနားတွင် ကန့်ဘလူမြို့မှ ခုနစ်ဦး၊ ကျေးရွာမှ ခြောက်ဦး စုစုပေါင်း ၁၃ ဦးအား တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ စီ ချီးမြှင့်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ရုံးထံမှ သိရသည်။

အောင်ဝင်းငြိမ်း

ကလေးဝတွင် အရန်မီးသတ်မွမ်းမံသင်တန်းဖွင့်

မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးနှင့် ရုတ်တရက်မီးလောင်မှုဖြစ်ပွားလျှင် စနစ်တကျမီးငြိမ်းသတ်နိုင်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့တွင် အရန်မီးသတ်မွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၁၄) ကို ဖေဖော်ဝါရီ ၁၀ ရက်က ဖွင့်လှစ်ခဲ့သည်။ အဆိုပါအရန်မီးသတ်မွမ်းမံသင်တန်းကို မြို့ပေါ်ရပ်ကွက်သုံးရပ်ကွက်မှသင်တန်းသား ၄၅ ဦးအား ၁၀ ရက်ကြာ စာတွေ့လက်တွေ့ ပို့ချသွားမည်ဖြစ်ကြောင်း သင်တန်းမှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ချင်းတွင်းသား (ပြန်/ဆက်)

ကရင်ပြည်နယ် ဘားအံမြို့ပေါ်၌ စိတ်ကြွရူးသွပ်ဆေး ၃၁၅ ပြား ရှာဖွေရမိ၊ သုံးဦးဖမ်းဆီးထား

ဘားအံ၊ ဖေဖော်ဝါရီ ၁၄

ကရင်ပြည်နယ်၊ ဘားအံမြို့ပေါ် အမှတ် ၇ ရပ်ကွက် ဦးယဉ်ဦး၏ နေအိမ်တွင် စိတ်ကြွရူးသွပ်ဆေး ၃၁၅ ပြား ဖမ်းဆီးရမိခဲ့သည်။

ဘားအံခရိုင်ရဲတပ်ဖွဲ့မှူးရုံး အထူးမှုခင်းနှိမ်နင်းရေးအဖွဲ့နှင့် တာဝန်ရှိသူများက မူးယစ်ဆေးဝါးသတင်းအရ ဘားအံမြို့ အမှတ် ၇ ရပ်ကွက် ဦးကျင်ဥလမ်းနှင့် ရင်စောပုလမ်းတောင့်ရှိ ဦးယဉ်ဦး၏ နေအိမ်သို့ မူးယစ်ဆေးဝါး ဖမ်းဝရမ်းဖြင့် ဝင်ရောက်ရှာဖွေခဲ့ရာ ဦးယဉ်ဦးနှင့် နေတိုးတို့ထံမှ စိတ်ကြွရူးသွပ်ဆေး စုစုပေါင်း ၃၁၅ ပြား၊ အလေးချိန် ၃၁ ဒသမ ၅ ဂရမ် ရှာဖွေတွေ့ရှိခဲ့သည်။ ၎င်း၏ တွက်ဆိုချက်အရ အဆင့်ဆင့်ရောင်းချရာတွင် ပါဝင်ခဲ့သူ အသက် ၄၁ နှစ်ရှိ အီစမန်ကို ဖမ်းဆီးခဲ့ပြီး ဆက်စပ်ပါဝင်သူများကိုလည်း အမြန်ဆုံးဖမ်းဆီးရမိရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထွန်းထွန်းထွေး(ဘားအံ)

သန်းခေါင်စာရင်းကောက်ယူရန်ရခိုင်တွင်ဟောပြောပွဲ ၉၀၀ နီးပါးပြုလုပ်ခဲ့

ရန်ကုန်၊ ဖေဖော်ဝါရီ ၁၄

၂၀၁၄ ခုနှစ်၊ မတ်လတွင်း ကောက်ယူမည် ပြည်လုံးကျွတ် သန်းခေါင်စာရင်းအတွက် အထောက်အကူဖြစ်စေရန် ရခိုင်ပြည်နယ်အတွင်းရှိ ဒေသအသီးသီးတွင် ၂၀၁၃ ခုနှစ် စက်တင်ဘာမှ ယခုလအထိ ဟောပြောပွဲ ၈၇၉ ကြိမ်ပြုလုပ်ခဲ့ကြောင်း ရခိုင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ သိရသည်။

"သန်းခေါင်စာရင်းကောက်ရင် အဆင်သင့်ဖြစ်နေတဲ့အနေအထား ရှိနေပါပြီ။ အိမ်တောင်စုပေါင်း တစ်သိန်းကျော်မှာ တစ်ပြည်နယ်လုံးနဲ့ ဒုက္ခသည်စခန်းတွေပါ ပါတာဖြစ်ပါတယ်။ ရခိုင်လူမျိုးတွေရော ဒေသခံတွေရော အကန့်ဟောပြောဆွေးနွေးခဲ့တာပါ" ဟုရခိုင်ပြည်နယ် စစ်တွေမြို့မှ ဖြည်နယ်အဆင့် လဝကအရာရှိတစ်ဦးက ပြောသည်။

ပြည်လုံးကျွတ်အမျိုးသား သန်းခေါင်စာရင်းကောက်ရာတွင် ရခိုင်ပြည်နယ်အတွင်းရှိသော ဘာသာစကားအခက်အခဲရှိသော ဒေသများအတွင်း အခက်အခဲမရှိစေရန် ထိုဘာသာစကား တတ်ကျွမ်းသူများပါဝင်သော အထောက်အကူအဖွဲ့များနှင့် ရပ်ကွက်ကျေးရွာ သန်းခေါင်စာရင်းကော်မတီ၏ တာဝန်ရှိသူများ၊ လုံခြုံမှုရှိစေရန် ရဲတပ်ဖွဲ့ဝင်များနှင့် လိုအပ်ပါက တပ်မတော်မှ တပ်ဖွဲ့ဝင်များပါ ပါဝင်ဆောင်ရွက်ပေးမည်ဖြစ်သောကြောင့် စိုးရိမ်စရာမရှိကြောင်းနှင့် လက်ရှိသန်းခေါင်စာရင်းကောက်ယူရာတွင် နောက်ဆုံးအဆင့်အနေဖြင့် စာရင်းကောက်မည့် ဝန်ထမ်းများအား သင်တန်းပို့ချရန် ကျန်ရှိတော့ကြောင်း သိရသည်။

လက်ရှိ ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူမည်ဆိုပါက ရခိုင်ပြည်နယ်တစ်ပြည်နယ်လုံးတွင်ကောက်ကွက်မြေပုံပေါင်း ၄၅၄၃ ကွက်ရှိပြီး ထိုကောက်ကွက်မြေပုံများအနက် ဒေသခံလူမျိုးများနေထိုင်သည်ကောက် ကွက်ပေါင်းမှာ ၁၃၀၀ ကျော်ရှိကြောင်း ရခိုင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ မှတ်တမ်းများအရ သိရသည်။

စိုးအောင်ဖေ

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမ (G-40) Deformed Bar (Ø25mm)(3000 Tons)အား ဂိုဒေါင်ရောက်ထန့်ဖိုး D.D.P(Paung Laung)ဖြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

၂။ ဝစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal)အား ၁၉-၂-၂၀၁၄ရက် ၁၂နာရီတွင် နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ နည်းပညာစံချိန်စံညွှန်းကိုက်ညီသောကုမ္ပဏီများအား ပြန်လည်အကြောင်းကြားပေးမည်ဖြစ်ပြီး၊ ဈေးနှုန်းအဆိုပြုလွှာ (Price Proposal)အား ၂၀၁၄ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ရက် မွန်းတည့် ၁၂နာရီတွင် နောက်ဆုံးထားတင်သွင်းရန်နှင့် ၁၃း၀၀နာရီတွင် အများရှေ့မှောက်၌ ဖွင့်ဖောက် ကြေညာရွေးချယ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့် နေ့မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
ရုံးအမှတ်(၃၈)၊ နေပြည်တော်၊ ဖုန်း ၀၆၇-၄၁၁၄၁၅၊ ဖက်စ် ၄၁၁၀၈၁



ဆီဘောက်ဆာကားရောင်းရန်ရှိသည်

၉က/---Nissan Resona (1987)ရှစ်ဘီး၊
ဂါလန် (၂၈၀၀)၊ စာရွက်စာတမ်းအပြည့်အစုံ
ဖုန်း-၀၉-၅၁၇၇၂၂၄၊ ၀၉-၅၀၁၆၈၇၀

ကိုတ္တိမသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊မန်/တောင်ရပ်ကွက်နေ ဒေါ်စောညွန့်၏ ကိုတ္တိမသမီးဖြစ်သ မိးမိး(ခ)မစောမြတ်မိုးအေး၊၀၀/စတန(နိုင်)၀၈၈၀၈၄၊သည် မိခင်ပိုင် ငွေကြေးနှင့်ရွှေထည် ဝစ္စည်းများကို အကြိမ်ကြိမ်ယူဆောင်အလွဲသုံးစားပြုလုပ်သဖြင့် ကိုတ္တိမသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စကိုမျှ (လုံး၀)တာဝန်မယူပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

လွဲအပ်ညွှန်ကြားချက်အရ-
ဦးထွန်းထွန်းသာ(စဉ်-၉၉၀၅)၊ ရှေ့နေနှင့် စာချုပ်စာတမ်းဥပဒေအကြံပေး
ဖုန်း ၀၉-၇၃၀၂၄၀၇၄၊ ၀၁-၅၂၆၀၈၄

Total Skin Repair

ဝက်ခြံ၊ တင်းတိပ်၊ မဲ့ခြောက်၊ အမာရွတ်၊ ချိုင့်ခွက်၊
အသားရေတင်းရင်း၊ အရေးကြောင်းများ
ပြုပြင်ထိန်းသိမ်းရေး **Center**

ဆိုင်(၁) ဘုရင့်နောင်တာဝါ၊ 2(A)၊ ၃-လွှာ၊
(၃၀၂)ဘုရင့်နောင်လမ်းနှင့် လှည်းတန်းလမ်းထောင့်၊
ဖုန်း ၀၁-၅၃၂၁၈၃၊ ၀၉-၂၀၅၃၁၈၆

ဆိုင်(၂) ရွှေအုန်းပင်အိမ်ရာ(၂)၊ တိုက်(၂၆)၊အခန်း(၂၁)၊
ရန်ကင်းမြို့နယ်၊ ဖုန်း ၀၉-၂၀၀၀၉၂၆

ဆိုင်(၃) မြန်မာ့ဂုဏ်ရည်အိမ်ရာ၊ ဝါဝါဝင်းကွန်ဒို၊
အခန်း(၁၃၀၄)၊ ၁၃-လွှာ၊ အောင်ဆန်းကွင်းအနီး၊
မောင်ဝိတ်ကွန်ဒိုနှင့်ကပ်လျက်
ဖုန်း ၀၁-၃၉၃၀၉၇၊ ၀၉-၉၁၀၁၉၂၆၄

ပုဂ္ဂလိကကုမ္ပဏီများမှ ဆင်းကတ်များ နှစ်လအတွင်း ရောင်းချဖွယ်ရှိနိုင်

ရန်ကုန်၊ ဖေဖော်ဝါရီ ၁၄

ဆက်သွယ်ရေးလုပ်ငန်းလိုင်စင်များ ချထားပေးပြီးဖြစ်သည့်အတွက် ကြောင့် ပုဂ္ဂလိကကုမ္ပဏီများမှ မိုဘိုင်းဖုန်းများကို ဈေးနှုန်း ကျပ် ၁၅၀၀ ထက်နည်းသော နှုန်းထားများဖြင့် နှစ်လအတွင်း ရောင်းချနိုင်ဖွယ်လည်း ရှိနိုင်သည်ဟု သိရသည်။

"မိုဘိုင်းဖုန်းတွေကို ရှစ်လအတွင်း ရောင်းချမယ်လို့ပြောတာ တစ်လနဲ့ နှစ်လအတွင်းလည်း ဖြစ်နိုင်သလို ငါးလလည်း ကြာချင်ကြာသွားနိုင်ပါတယ်။ ဘယ်အချိန်စပြီး ရောင်းမလဲဆိုတာအတိအကျ ပြောလို့မရသေးပါဘူး။ ရောင်းချဖို့အတွက် အားလုံး အဆင်သင့်ဖြစ်နေပါပြီ"ဟု တယ်လီနောကုမ္ပဏီ သတင်းထုတ်ပြန်ရေး အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဆက်သွယ်ရေး လိုင်စင်ချထားပေးပြီးဖြစ်သည့်အတွက် စည်းကမ်းချက်ရ ရှစ်လအတွင်း အများပြည်သူကို ရောင်းချပေးရမည်ဖြစ်ကာ တန်ဖိုးမှာ ကျပ် ၁၅၀၀ ထက်နည်းသော ဈေးနှုန်းဖြင့် ရောင်းချပေးရမည်ဖြစ်ကြောင်း စည်းကမ်းချက်တွင်ပါရှိပြီး ဖြစ်သည်။

ပြင်ပဈေးကွက်တွင် ပုဂ္ဂလိကကုမ္ပဏီများမှ ဆင်းကတ်များကို ကျပ် ၅၀၀ ပြင့် ရောင်းချမည်ဟုလည်းကောင်း၊ ကျပ် ၃၀ပ၀ ပြင့် ရောင်းချမည်ဟုလည်းကောင်း သတင်းမျိုးစုံထွက်လျက်ရှိသည်။

ယင်းနှင့်ပတ်သက်ပြီး "ရောင်းချမယ့် ဈေးနှုန်းအတိကျ မပြောသေးတာ ပြည်သူတွေ အံ့ဩစေချင်လို့ပါ။ ဆက်သွယ်ရေးလုပ်ငန်း လိုင်စင်မှာပါတဲ့ စည်းကမ်းချက်အရ မိုဘိုင်းဖုန်းတွေကို ကျပ် ၁၅၀၀ ထက်နည်းသော ဈေးနှုန်းနဲ့ ရောင်းချပေးရမယ်လို့ ပါပါတယ်။ ကျွန်မတို့က ဖုန်းခေါ်ဆိုခကိုလည်း ၂၅ ကျပ် သတ်မှတ်ထားပြီးသားပါ။ ပန်ဆောင်မှုအနေနဲ့ အင်တာနက် အခမဲ့ပါပြီးသား" ဟု ၎င်းက ပြောကြားသည်။

ပြည်သူများအနေဖြင့် မိုဘိုင်းဖုန်းဆင်းကတ်များကို အလွယ်တကူလိုသလောက် ဝယ်ယူနိုင်မည်ဆိုပါက ကျပ် ၅၁၀၀ ထိပေးပြီး ပယ်ယူနိုင်ကြောင်း ပြောကြားသည်။

"ဆင်းကတ်တွေအနေနဲ့ ဈေးဘယ်လောက်ပဲ ပေးရပေးရ ပယ်မှာပါ။ အလွယ်တကူ ဝယ်လို့ရတယ်ဆိုရင် ကျွန်မတို့က ကျေနပ်နေဝါပြီ။ အခု မိုဘိုင်းဖုန်းတွေက ကျပ် ၁၅၀၀ သာ ပြောတာ မဲနှိုက်ရသေးတယ်" ဟု မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ် အန်းချောကျေးရွာမှ တန်ဖိုးနည်းဖုန်းမပေါက်ခဲ့သော အမျိုးသမီးတစ်ဦးက ဆိုသည်။

ယခုအချိန်တွင် မြန်မာနိုင်ငံမှ မိုဘိုင်းဖုန်းသုံးစွဲသူ ခန့်မှန်းခြေ ၁၀ ရာခိုင်နှုန်းရှိရာ တယ်လီနောမှ စတင်ရောင်းချမည့်အချိန်တွင် မိုဘိုင်းဖုန်းဆင်းကတ် သန်း ၃ပ ကို ရောင်းချပေးသွားမည် ဖြစ်သည်။ အော်ရီဒူးကုမ္ပဏီ အနေဖြင့် မိုဘိုင်းဆင်းကတ်မည်မျှကို ရောင်းချသွားမည်ကို ထုတ်ပြန်ခြင်း မရှိသေးပေ။

မိုဘိုင်းဖုန်းဆင်းကတ်များ ဈေးနှုန်းချိုသာလာပါက လက်ရှိဟန်းဆက်ဈေးနှုန်းများ မြင့်တက်သွားနိုင်ဖွယ်ရှိကြောင်း ဟန်းဆက်ဈေးကွက် ကျွမ်းကျင်သူများက ခန့်မှန်းသုံးသပ်လျက်ရှိသည်။

မန်းသာလေး

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့၊ မဟာရွှေစည်ကြီးဘုရားဖွဲ့တော်တွင် အေးမြိုးဖောင်ဒေးရှင်းက အခမဲ့မျက်စိကုသပေးလျက်ရှိရာ ဖေဖော်ဝါရီ ၁၁ ရက်က ယခင်ရောက်ရှိပြီးသော မျက်စိအထူးကု ဆရာဝန်ကြီးများနှင့်အတူ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တပ်မတော်စစ်ဆေးရုံ အမှတ် ၄ (ခုတင် ၃၀၀) မှ ဗိုလ်ကြီးဒေါက်တာရန်နိုင်အောင်၊ ဗိုလ်ကြီး ဒေါက်တာခင်းကြည်မွန်နှင့် အထက်တန်းသူနာပြု သနီးလွင်ဦးတို့က အမှတ် ၃ ရမ်ကွက်၊ ညောက်အိုက် အ-လ-က ကျောင်း ဒေါက်တာညာထာဝရနိုးမတွင် မျက်စိဝေဒနာရှင်များအား စမ်းသပ်စစ်ဆေးပေးလျက်ရှိသည်။ အဆိုပါ အခမဲ့မျက်စိခွဲစိတ်ကုသပေးခွဲသို့ တစ်ရက်လျှင် ဝေဒနာရှင်လေးငါးရာခန့်လာရောက်ပြသလျက်ရှိရာ ယင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၄ ရက်နေ့အထိ ပူးပေါင်းဝါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ သတင်းနှင့် ဓာတ်ပုံ - အောင်ဝင်းငြိမ်း

သတင်းတို

ဒီပဲယင်းမြို့နယ်ရှိ ကျေးရွာ ၃၆ ရွာ၌ ၂၄ နာရီ လျှပ်စစ်မီးရရှိစေရန်အတွက် ဆောင်ရွက်လျက်ရှိ

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ်ရှိ ကျေးရွာ ၃၆ ရွာ၌ မြရိပ်ဆရာတော် အရှင်ခေမာစာရာဘိပံသ ဦးဆောင်မှုဖြင့် မြို့နယ်တာဝန်ရှိသူများညှိနှိုင်းကာ ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် သဖန်းဆိပ်ဆည် ရေအားလျှပ်စစ်စက်ရုံ ငပျောဒိုင်းဓာတ်အားခွဲရုံမှ ၂၄ နာရီ လျှပ်စစ်မီး ရရှိအောင် ဆောင်ရွက်နေကြောင်းသိရသည်။ ယခုအခါ မီးတိုင်ထူ၊ မီးကြိုးသွယ်တန်းသည့်အဆင့်သို့ ရောက်ရှိနေပြီး လျှပ်စစ်မီးတိုင်များ စိုက်ထူခြင်း၊ လျှပ်စစ်မီးကြိုးများသွယ်တန်းခြင်းလုပ်ငန်း စနစ်ကျမှုရှိအောင် မြို့နယ်လျှပ်စစ်မှူး ဦးမြင့်နိုင်ဦးနှင့် တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။ မြို့ရွာများ အမြန်ဖွံ့ဖြိုးတိုးတက်ရမည်ဟူသော ဆောင်ပုဒ်နှင့်အညီ မြို့ပြနှင့် ကျေးလက်ဒေသ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်ကို နည်းသထက်နည်းအောင် ဆောင်ရွက်လျက်ရှိသည်။ **ကေကေ(ဒီပဲယင်း)**

ဒေသဖွံ့ဖြိုးရေးအသုံးပြုပြီးငွေများ နိုင်ငံတော်စာရင်းစစ်မှ ပြန်စစ်မည်

နေပြည်တော်၊ ဖေဖော်ဝါရီ ၁၄

ပြည်ထောင်စုလွှတ်တော်မှ ဒေသဖွံ့ဖြိုးရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များအား မြို့နယ်အလိုက်ချထားပေးသည့် ကျပ်သိန်းတစ်ထောင် ဖွံ့ဖြိုးရေးဆောင်ရွက်မှုလုပ်ငန်းများမှာ ပြည်သူ့ဘဏ္ဍာငွေကြေးများဖြစ်သည့်အတွက် ဖွံ့ဖြိုးရေးအတွက် အသုံးပြုပြီးသောငွေစာရင်းများကို နိုင်ငံတော်စာရင်းစစ်မှ စစ်ဆေးမည်ဖြစ်ကြောင်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင်က ပြောကြားသည်။

"ဥပဒေတစ်ခုမှာက ပြည်သူ့ဘဏ္ဍာငွေကို လွှတ်တော်ကိုယ်စားလှယ်တွေက အသုံးပြုခွင့်ရှိဘူး။ အစိုးရနဲ့ အစိုးရအဖွဲ့ဝန်ထမ်းတွေကပဲ အသုံးပြုခွင့်ရှိတာ။ လွှတ်တော်ကိုယ်စားလှယ်တွေ အသုံးပြုဖို့ကို ပထမတုန်းက ပြည်ထောင်စုလွှတ်တော်ရုံးညွှန်ကြားရေးမှူးချုပ်က တာဝန်ယူထုတ်ရတာ။ နောက်ပိုင်းသမ္မတက အစိုးရရဲ့ ဝန်ထမ်းဖြစ်တဲ့ မြို့နယ်အုပ်ချုပ်ရေးမှူးရယ်၊ မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးနှစ်ဦးကို မြို့နယ်အထောက်အကူပြုကော်မတီထဲ ထည့်လိုက်တယ်။ အဲဒီနောက်ပိုင်း သူတို့တွေကပဲတာဝန်ခံပြီး ငွေထုတ်ရတာ။ ပထမတုန်းက လွှတ်တော်ကိုယ်စားလှယ်တွေထုတ်ထားတဲ့ ငွေတွေလည်းရှိတယ်။ အဲဒီငွေစာရင်းတွေကိုတော့ တာဝန်ခံပြီး ထုတ်ပေးတဲ့ ညွှန်ကြားရေးမှူးချုပ်ဆီပဲ တင်ပြရတာ" ဟု ၎င်းက ပြောသည်။

ယခုလို ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် ရပ်ကွက်အထောက်အကူပြုကော်မတီ၊ မြို့နယ်အထောက်အကူပြုကော်မတီများမှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် တင်ပြလာမှုများကို ပြည်ထောင်စု ဗဟိုငွေစာရင်းကော်မတီသို့ တင်ပြဆောင်ရွက်ရကြောင်း သိရသည်။

အဆိုပါရရှိလာသည် ဒေသဖွံ့ဖြိုးရေးငွေကြေးများပြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ငန်းများတွင် ဆိုင်းဘုတ်များထောင်၍ ပြုလုပ်စေပြင်း၊ သက်ဆိုင်ရာ ရပ်ကွက်များအတွင်း အသိပေးရှင်းလင်းတင်ပြပြီးမှ ဆောင်ရွက်လျက်ရှိသည်။

ယခုအချိန်တွင် ဒေသဖွံ့ဖြိုးရေးအတွက် ရရှိလာသည့် ငွေကြေးများကို သောက်သုံးရေရရှိရေး၊ မီးရရှိရေး၊ ဆေးရုံ၊ ကျောင်း၊ လမ်း အစရှိသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးပြုလျက်ရှိ ကြောင်း သိရသည်။

တင်မောင်ဦး

ကားဝယ်လိုသူ နှင့် ရောင်းချလိုသူများအားလုံး စောင့်မျှော်နေကြသော မြန်မာနိုင်ငံ၏ အကြီးဆုံးကားပြပွဲကြီး
မိုင်ဒါကွင်းကားပြပွဲကြီး (ရန်ကုန်မြို့)
နံနက်(၉)နာရီမှ ည(၇)နာရီ
SMART BUSINESS GROUP

ဟင်းအင်းကို ကျော်ဖြတ်ခြင်း(ခက်ခဲသူများနှင့် ညှိနှိုင်းခြင်း)

Applied Prosperity Studies & Diplomatic Skills Course
APS စီးပွားရေးသင်တန်းကျောင်း

၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ကြီးကြပ်ရေးမှူးများနှင့် စာဖြေဆိုသူများ လိုက်နာရန် စည်းကမ်းချက်များ ထပ်ဆင့်ရှင်းလင်း

တန့်တလူ ဖေဖော်ဝါရီ ၁၄

ပညာရေးဝန်ကြီးဌာန ၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ကြီးကြပ်ရေးမှူး၊ တွဲဖက်ကြီးကြပ်ရေးမှူး၊ လ/တကြီးကြပ်ရေးမှူးများနှင့် စာဖြေဆိုသူများ လိုက်နာရန်စည်းကမ်းချက်များ တပ်ဆင့်ရှင်းလင်းဆွေးနွေးပွဲကို စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့တွင် ဖေဖော်ဝါရီ ၉ ရက် နံနက်ပိုင်းက အမှတ်(၁) အခြေခံပညာအတက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ရှေဦးစွာ မြို့နယ်ပညာရေးမှူးကိုယ်စား အတက (၁) ကျောင်းအုပ်ဆရာမကြီး ဒေါ်မြသိန်းက စာမေးပွဲလုပ်ငန်းများနှင့် စည်းကမ်းချက်များကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။ ထို့နောက် တက်ရောက်လာသူ ဆရာ ဆရာမများက မရှင်းလင်းသည့်အချက်များကို မေးမြန်းရာ ဆရာမကြီးက မြန်လည်ရှင်းလင်းဖြေကြားသည်။ အဆိုပါတပ်ဆင့်ရှင်းလင်းပွဲသို့ ကန့်ဘလူ၊ တန်းကုန်း၊ ပင့်သာနှင့် ဘတ္တောတိုက်နယ်များမှ အထက၊ အလက၊ အမက ကျောင်းအုပ်ဆရာ ဆရာမကြီးများ၊ အတက်တန်းပြနှင့် အလယ်တန်းပြ ဆရာ ဆရာမများ တက်ရောက်ကြသည်။ **အောင်ဝင်းမြိမ်း**

သတင်းတိုများ

မိတ္ထီလာတွင် ခေတ်မီဒစ်ဂျစ်တယ်မီးပွိုင့်များ တပ်ဆင်မည်

မိတ္ထီလာ ဖေဖော်ဝါရီ ၁၄

မိတ္ထီလာတွင် ယာဉ်အန္တရာယ်ရှင်းလင်းရေး၊ ယာဉ်စည်းကမ်း၊လမ်းစည်းလမ်း လိုက်နာရေးအတွက် ယခင်ရှိပြီး မီးပွိုင့်နှစ်ခုအပြင် ထပ်မံ၍ ခေတ်မီဒစ်ဂျစ်တယ် မီးပွိုင့်များကို လူ၊ ယာဉ်များအသွားအလာများသည် အတက(၁) ကျောင်းရှေ့၊ ပညာရေးကောလိပ်၊ မကျီးကုန်းလမ်းဆုံ၊ သီရိမင်္ဂလာရပ်ကွက် ကားကြီးဝင်းရှေ့နှင့် ဇွဲရုံရေစင်ကြီးရှေ့တို့တွင် တပ်ဆင်သွားမည်ဖြစ်သည်။ ထို့အပြင် မိတ္ထီလာခရိုင်အတွင်းရှိ ဝမ်းတွင်း၊ မလှိုင်နှင့် သာစည်မြို့နယ်တို့တွင်လည်း ခေတ်မီဒစ်ဂျစ်တယ် မီးပွိုင့်များ တပ်ဆင်သွားမည်ဖြစ်သည်။ **တင်လှိုင်-မိတ္ထီလာ**

ထီးလင်းတွင် မိုဘိုင်းဆင်းကတ် လျှောက်လွှာခေါ်ယူ

ထီးလင်း ဖေဖော်ဝါရီ ၁၄

ထီးလင်းမြို့နယ်တွင် ဌာနဆိုင်ရာအသီးသီးမှ သက်ပြည့်အငြိမ်းစား လစာခံစားနေသူ ၇၀၀ ကျော်ရှိနေကြောင်းနှင့် အဆိုပါ သက်ပြည်အငြိမ်းစား လစာခံစားနေသူများအား တန်ဖိုးနည်းမိုဘိုင်းဖုန်းဆင်းကတ်များ လျှောက်ထားကြရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ လျှောက်လွှာခေါ်ယူထားရာ ဖေဖော်ဝါရီ ၅ ရက်တိ လျှောက်လွှာ အစောင် ၁၃၀ ရှိကြောင်း သိရသည်။ **(၄၆၅)**

နွေအဝင် နွားစာ စုတ်သိမ်းနေရ

မြင်းခြံ ဖေဖော်ဝါရီ ၁၄

မြင်းခြံမြို့နယ်တွင် နွားစာခက်ခဲ၍နွားများရောင်းချမှုများရှိနေရကြောင်းနှင့် နွားစာအတွက်ဝေးလံသော တောတောင်များအထိ ရာဖွေနေကြရကြောင်း သိရသည်။ မြင်းခြံနယ်တွင် နွေရာသီရောက်တိုင်း နွားစာခက်ခဲမှုကြုံတွေ့နေရ၍ ယခုအခါ နွားစာအတွက် ပြောင်း၊ လူစားပြောင်း၊ နှံစားပြောင်းများကို စိုက်ပျိုး၍ ခုတ်သိမ်းကြသည်။ နွားစာပြောင်းရိုးစင်း တစ်တောင်းကျပ် ၄၀၀၊ ၅၀၀မှ ကားတစ်စီးကျပ် ၄၅၀၀၀၊ ၅၀၀၀၀၊ ၆၅၀၀၀ ပေးနေရ၍ နွားစာတစ်နှစ်စာအတွက် နှစ်စဉ်ဈေးကြီး နေသည်။ မြစ်သား၊ ကျောက်ဆည်နယ် အတ်သွား၍ ကား၊ တော်လာဂျီများနှင့် သယ်ယူနေရသည်။ နွားစာရရှိမှုခက်ခဲသောကြောင့် နွားစာကို ကျီများ၊ နွားစာတဲများဖြင့် ကြိုတင်သိုလှောင်နေကြရသည်။ **ခင်ဇော်မွန်မြင့်(ဥဝဓ)**

ဟားခါးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းအကောင်အထည်ဖော်တော့မည်

ဟားခါး ဖေဖော်ဝါရီ ၁၄

နိုင်ငံတော်အစိုးရက ချမှတ်ပေးထားသည့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း ချင်းပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် မြို့နယ်တစ်မြို့နယ်လျှင် ဘတ်ဂျက်ငွေကျပ်သိန်းတစ်တောင်စီ ချမှတ်ပေးသည့်အနက် မြို့တော် ဟားခါးမြို့နယ်အတွက် ဇန်နဝါရီ ၂၈ ရက်က ချထားပေးခဲ့ကြောင်း သိရသည်။

အဆိုပါဘတ်ဂျက်ငွေအား ဟားခါးမြို့ပေါ်ရပ်ကွက်နှင့် ကျေးလက်ဒေသရှိ လမ်း၊ ရေသန့်သွယ်ယူရေးနှင့် လျှပ်စစ်မီးရရှိရေးတို့အတွက် အသုံးပြုမည်ဖြစ်ပြီး အသုံးပြုရန်ငွေထုတ်ယူရာတွင် သက်ဆိုင်ရာ လုပ်ငန်းများအလိုက် အရစ်ကျထုတ်ပေးမည်ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းများကို မြို့နယ်အလိုက် လုပ်ငန်းဆောင်ရွက်ရေး လွှတ်တော်ကော်မတီများက ဆက်လက်အကောင်အတည်ဖော် ဆောင်ရွက်မည်အပြင် မြို့နယ်အလိုက် လုပ်ငန်းကော်မတီများနှင့်အည် သက်ဆိုင်ရာအင်ဂျင်နီယာများက ရေးဆွဲပေးသည် လုပ်ငန်းစဉ်အတိုင်း အကောင်အတည်ဖော်ရန်ဖြစ်ကြောင်း၊ ထို့ပြင်လုပ်ငန်းကို မတ်လမတိုင်မီ စတင်ဆောင်ရွက်မည်ဖြစ်ရာ လုပ်ငန်းဆောင်ရွက်မှု စနစ်ကျမှု ရှိမရှိ လုပ်ငန်းဆောင်ရွက်ရာတွင် လုပ်ငန်း ပိုမိုကောင်းမွန်နိုင်ရေးအတွက် သက်ဆိုင်ရာမှ ကြီးကြပ်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်းလည်းသိရသည်။

ယင်းလုပ်ငန်းဆောင်ရွက်ရာတွင် ရေသွယ်ယူရေးလုပ်ငန်းကို ဟားခါးမြို့အတွင်းရှိ လေးရပ်ကွက်အတွက်ငွေကျပ်သိန်း ၂၅၀နှင့်ကျေးရွာရေရရှိရေး စီမံကိန်း ရစ်နေရာအတွက်ငွေကျပ် ၂၅၅ သိန်း၊ ကျေးရွာချင်းဆက် ဆိုင်ကယ်လမ်း၊ ကားလမ်း ဖောက်လုပ်ရေးနှင့် လမ်းပြုပြင်ရန် ၁၇ နေရာအတွက်ငွေကျပ် ၄၀၅ သိန်း၊ ကျေးလက်မီးလင်းရေး အသေးစားလျှပ်စစ်ဓာတ်အား ဆောက်လုပ်ရန် ကျေးရွာသုံးရွာအတွက် ငွေကျပ် ၇၅ သိန်းဖြင့် ဟားခါးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအကောင်အတည်ဖော်ရန်အတွက် အသီးသီးလျာထားကြောင်း သိရသည်။

ရိုဟေဆာ(ချင်းတောင်ခြေ)

ဆိုင်ကယ်လိုင်စင်ချပေးသည့် ကာလအတွင်း နယ်စပ်မှမုံရွာမြို့သွားကယ်ရီများ အလုပ်ဖြစ်နေ

မုံရွာ ဖေဖော်ဝါရီ ၁၄

ဖေဖော်ဝါရီလလယ်ပိုင်းတွင် မော်တော်ဆိုင်ကယ် လိုင်စင်များချပေးမည်ဆိုသောကြောင့် ရွှေလီ -မူဆယ် တရုတ်နယ်စပ်မှတစ်ဆင့် မန္တလေးလမ်းအတိုင်း ခရီးသည်ပို့ဆောင်သော ဆိုင်ကယ်ကယ်ရီများ အနေဖြင့် ယခုရက်ပိုင်းအတွင်း သယ်ယူမှုလုပ်ငန်းများ အလုပ်ဖြစ် နေကြောင်းသိရသည်။

အဆိုပါ သယ်ယူမှုလုပ်ငန်းများမှာ လိုင်စင်ချပေးမည်ကာလနှင့် လိုင်စင်လုပ်ပေးဆဲရက် ၉၀ အတ် သွားရောက်သယ်ယူရောင်းချမှု မြင့်တက်နေမည်ဖြစ်ကြောင်း ဆိုင်ကယ်ဝယ်ရောင်း လုပ်ကိုင်သူများက ပြောသည်။ တရုတ်နိုင်ငံနယ်စပ်မှ သယ်ယူကြသော ကယ်ရီသမားများအနေဖြင့် ယခင်က ဆိုင်ကယ်တစ်စီးလျှင် ဆိုင်ကယ်အတုပ်တစ်စီးစာနှင့် တရုတ်နိုင်ငံလုပ် ပစ္စည်းအနည်းငယ်သာ သယ်ယူ နိုင်ခဲ့ရာမှ ယခုနောက်ပိုင်း ရွှေလီ-မူဆယ် လမ်းပွင့် သွားချိန်မှစ၍ ဆိုင်ကယ်တစ်စီးလျှင် ဆိုင်ကယ်နှစ်စီးအတိ သယ်ယူနိုင်ကြောင်း သိရသည်။

'ဆိုင်ကယ် နှစ်ထုပ်သယ်တဲ့အခါမှာ အရင်က ဆိုင်ကယ်တစ်စီးနဲ့ အတူသယ်တဲ့ တရုတ်နိုင်ငံက လုပ်တဲ့ တိုလီမိုလီပစ္စည်းတွေကို မသယ်တော့ဘဲ ဆိုင်ကယ်ချည်းသက်သက် နှစ်စီးအပြင် ဆိုင်ကယ် အပိုပစ္စည်းနည်းနည်းတည်သယ်ပေးတဲ့ အလုပ်တွေ လုပ်နေရပါတယ်။ ဒီလို အချိန်အခါလေးပဲ လုပ်ရတာဆိုတော့ ဆိုင်ကယ်ချည်းသက်သက်ပဲ သယ်ပေးရတဲ့ အခါမှာလည်း ခေါက်ရေများများရအောင် အချိန်လုပြီး သယ်တဲ့အပြင် အခြားပစ္စည်းတွေတက် ဆိုင်ကယ်ကိုသာ လုသယ်နေကြတယ်'ဟု ပစ္စည်းသယ်ယူရေးလုပ်နေသူ တစ်ဦးကပြောသည်။

ယခင်က ဆိုင်ကယ်များအား မုံရွာမြို့အရောက် သယ်ယူရာတွင် တရုတ်နယ်စပ်မှတစ်ဆင့် သယ်ယူရာတွင် လမ်းပန်းဆက်သွယ်ရေးကြောင့် ခက်ခဲခဲ့ပြီး ယခုအခါ မန္တလေးသို့ သယ်ယူရာတွင် လမ်းကောင်းမွန်ခြင်းကြောင့် အချိန်မကုန်တော့ဘဲ သယ်ယူရလွယ်ကူလာကြောင်း ၎င်းတို့ကပြောသည်။ ထိုသို့သယ်ယူရာတွင် သုံးဦး၊ လေးဦးပါဝင်သော အုပ်စုအဖွဲ့များနှင့် လမ်းတွင် ဆိုင်ကယ်စက်ချွတ်ယွင်းပါက ပြန်လည်ဖြင်ဆင်ရန်အတွက် စက်ပြင်များပါ ခေါ်ဆောင်သွားရလေ့ရှိကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

edexcel Approved Centre

ငွေကျပ် ၂ သိန်းတန်

SUMMER SCHOOL ပညာသင်ဆု

Apply Now!

MAY INTERNATIONAL SCHOOL

MICO

T-SHIRT= 650Ks

ရန်ကုန်–မန္တလေးကားလမ်းမအနီး ကန်ရိုးလက်ရန်းနှင့်လူသွားစင်္ကြံလမ်း ပြိုကျပျက်စီးမှု ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးတော့မည်

မိတ္ထီလာ ဖေဖော်ဝါရီ ၁၄

မိတ္ထီလာမြို့ ရန်ကုန်-မန္တလေး ကားလမ်းမအနီး ကန်ရိုးလက်ရန်းနှင့် လူသွားစင်္ကြံလမ်းသည် နှစ်ကာလကြာမြင့်လာ၍ ၂၀၁၃ ခုနှစ် အောက်တိုဘာ ၇ ရက် ည ၈ နာရီခန့်က ပြိုကျပျက်စီးမှု ဖြစ်ပေါ်ခဲ့ပြီး ယခုနှစ်ဇန်နဝါရီ နှောင်းပိုင်းက စတင်ပြီး ပြန်လည်ပြုပြင်လျက်ရှိရာ မကြာမီ ပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကန်ရိုးလက်ရန်းနှင့် လူသွားစင်္ကြံလမ်း ပျက်စီးပြိုကျပြီး နောက်ပိုင်းတွင် အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရန်သက်ဆိုင်ရာတာဝန်ရှိသူများ ဝိုင်းဝန်းလုပ်ဆောင်မှုဖြင့် သုံးလခန့်ကြာပြီးနောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူပြန်လည်ပြုပြင်တည်ဆောက်ခြင်းဖြစ်သည်။ အလျား ၈၁ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ၁၆ ပေ၊ ကြမ်းပြင်ဒု လေးလက်မသံကူကွန်ကရစ်ဖြင့် ပြိုကျပျက်စီးခဲ့သည့်နေရာအား အမြန်ဆုံးပြုပြင်ပြီးစီးနိုင်ရန် မြို့စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာမှူး ဦးအောင်နိုင်ဦးနှင့် ဝန်တမ်းများ၊ ကျွမ်းကျင်လုပ်သားများက ကြိုးစားဆောင်ရွက်လျက်ရှိရာ မကြာမီပြီးစီး တော့မည်ဖြစ်သည်။

ကန်ရိုးလက်ရန်းနှင့် လူသွားစင်္ကြံလမ်း ဖြန်လည်ပြုဖြင်ပြီးစီးသွားပါက ရန်ကုန်-မန္တလေး-နေပြည်တော် - တောင်ကြီးမြို့ကြီးများသို့ မိတ္ထီလာမှ ဖြတ်သန်းမောင်းနှင်ကြသည့်ခရီးသည်တင် အဝေးပြေးယာဉ်များ၊ ကုန်တင်ယာဉ်ကြီးများ ခရီးလမ်းပိုမိုချောမွေ့ အဆင်ပြေစွာ သွားလာမောင်းနှင်နိုင်မည်ဖြစ်သည်အပြင် ညောင်ကုင်း၊ ရွာသစ်၊ တောမ၊ တမုန်ကန်၊ ကန်တောင်၊ ရွှေပန်းတိုင်၊ ခင်တဲစသည့်ကျေးရွာများမှ ဒေသခံများ မြို့သို့ကျေးရွာလယ်ယာထွက်ကုန်များတင်ပို့ရောင်းချ ဝယ်ယူရေးလုပ်ငန်းနှင့်လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေးလုပ်ငန်းများအတွက် ဆက်သွယ်သွားလာရာတွင် ပိုမိုအဆင်ပြေချောမွေ့လာမည်ဖြစ်ကြောင်း သိရသည်။

မှန်းသာ(မိတ္ထီလာ)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပြည်နထိရုံး၌ (အောင်ပန်း)မှ ဦးစီးမှူး ဒေါ်သန္တာ၊ ဦးဇော်ကိုကိုဖေ(စစ်ဆေးရေးမှူး) ပြည်နယ်ရုံး(တောင်ကြီး)၊ ဦးစိုင်းကြည်တင့်(စစ်ဆေးရေးမှူး-၂)ပြည်နယ်ရုံးခွဲ(အောင်ပန်း)နှင့်ဒုရဲအုပ်ဝင်းမင်းထွေး(ယာဉ်ထိန်းတာဝန်ခံ)တို့သည် ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ်ထိန်ပင်အုပ်စု မိုးကုန်းကျေးရွာ ဗိုကုန်းဘုန်းတော်ကြီးကျောင်းဝင်း၌ ဖေဖော်ဝါရီ ၇ ရက် နံနက်၁၁ နာရီတွင် တိုင်းရင်းသား ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအား ယာဉ်အန္တရာယ် ကင်းရင်းရေးနှင့် လမ်းအသုံးပြုသူများလိုက်နာရမည့် စည်းကမ်းများ၊ လမ်းအမှတ်အသားများ၊ ယာဉ်တိုက်မှုဖြစ်ဒဏ်များအား Projector ဖြင့် ရှင်းလင်းပြောကြားခဲ့သည်။

သတင်းနှင့်ဓာတ်ပုံ- (ကြေးမုံ)

ရေမွှေးပန်းစိုက်ပျိုးခြင်းဖြင့် မိသားစုဝင်ငွေတိုး

သာစည် ဖေဖော်ဝါရီ ၁၄

သာစည်မြို့နယ် သနပ်ကန်ကျေးရွာအုပ်စု သနပ်ကန်ကျေးရွာတွင် ရေမွှေးပန်းကို စီးပွားဖြစ် စိုက်ပျိုးကြခြင်းဖြင့် မိသားစုဝင်ငွေကောင်းကြောင်း သိရသည်။

မိုးဦးကျချိန်တွင် အများဆုံးစိုက်ပျိုးကြပြီး နှစ်လအကြာတွင် တွက်ရှိသည် ရေမွှေးပန်းကို လယ်မြေ၊ ယာမြေများတွင် စိုက်ပျိုးနိုင်ပြီး စနယ်မြေတွင် စိုက်ပျိုးပါက ပိုမိုကောင်းမွန်ကြောင်း သိရသည်။

"ကျွန်တော်တို့ ရွာမှာက စပါး၊ ကုလားပဲ၊ နှမ်းနဲ့ ဝါတို့ကို စိုက်ပျိုးကြသလို ရေမွှေးပန်းကိုလည်း အိမ်တိုင်းလိုလို စိုက်ကြတယ်။ ရေမွှေးပန်းက တစ်ခါစိုက်ထားရင် နှစ်နှစ်လောက်အတွင်း နွေ၊ မိုး၊ ဆောင်း သုံးရာသီလုံး ဝင်ငွေရှိတယ်။ အပင်ကိုတော့ ရာသီအလိုက် ပြုပြင်ပေးရတယ်။ အခုအချိန်မှာ သုံးပင်စည်း တစ်စည်းကို ၂၀ ကျပ်လောက် ရောင်းရတယ်။ နွေရာသီဆိုရင် ဈေးပို ကောင်းတယ်။ ငါးရက်တစ်ကြိမ် ချိုးပြီး ရောင်းတဲ့အခါမှာ တစ်ဧကကို အပင် ၁၅၀၀လောက် ချိုးရတယ်။ သုံးပင် တစ်စည်းနဲ့ဆို အစည်း ၅၀၀ လောက်ရတယ်။ တစ်စည်း ၂၀ကျပ်နဲ့ အစည်း ၅၀၀ဆို ၁၀၀၀၀ ကျပ်လောက်ရတယ်။ စိုက်တဲ့ဧကများရင်များသလို ဝင်ငွေ ကောင်းတော့ အခြားသီးနှံတွေလိုပဲ ရေမွှေးပန်းကို အားထားစိုက်ကြတယ်"ဟု သနပ်ကန်ကျေးရွာမှ တောင်သူကိုဇော်ဝင်းက ပြောပြသည်။

သနပ်ကန်ကျေးရွာမှ တွက်ရှိသော ရေမွှေးပန်းများကို ပျော်ဘွယ်၊ တောင်ကြီး၊ မလိုင်နှင့် မြင်းခြံမြို့များအတိ တင်ပို့ရောင်းချကြရကြောင်း သိရသည်။

ထွန်းထွန်း (သာစည်)

သတင်းတို

နိုင်ငံခြားဝင်ငွေရရှိသောရော်ဘာလုံးများ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကမ်းနယ်မြေများဖြစ်သော ဝါးတန်းအမှတ်(၆)နှင့် ကိုင်းတန်း(၁)ဆိပ်ခံဗောတံတားထိပ်ထွင် ဖေဖော်ဝါရီ ၁၁ ရက်နံနက် ၁၁နာရီခန့်က မြိတ်-ရန်ကုန်ပြေးဆွဲနေသော m.s ရွှေငွေလင်းအောင်၊ m.v ရတနာတိုးအောင်နှင့် m.vရတနာမင်း သင်္ဘောများပေါ်တွင် တနင်္သာရီတိုင်းဒေသကြီးမြို့နယ်များ ဖြစ်သော ပုလော၊ မြိတ်နှင့် တားဝယ်ဒေသထွက်ကုန်ပစ္စည်း တစ်မျိုးဖြစ်သော ရော်ဘာ(၈၆)တန်အား ဆိပ်ကမ်းနယ်မြေ တာဝန်ကျ(Mobile Team)အဖွဲ့က စစ်ဆေးခဲ့သည်။ ယင်းရော်ဘာများအား ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်ရုံများမှ အိမ်းတွင်းသုံးနှင့်အခြားလုပ်ငန်းသုံးပစ္စည်းများအဖြစ် ထုတ်လုပ်ရောင်းချပြီး ကျန်ရော်ဘာများအား ပင်လယ်ရေကြောင်းခရီးဖြင့် နိုင်ငံခြားသို့ တင်ပို့ရောင်းချကြောင်းသိရသည်။ ယင်းရော်ဘာများအား ရှင်းနီစတားနှင့် ထာဝရအောင်နိုင်သူကုမ္ပဏီတို့မှ တာဝန်ယူတင်သွင်းလာကြောင်း သိရသည်။

ကျော်မြင့်အေး(ပြန်/ဆက်)

တော်ဝင်ထွန်း+တော်ဝင်ထိပ်ထား
မြန်မာပြည်အနှံ့ဘုရားဖူးနှင့် အပန်းဖြေခရီးသွားပို့ဆောင်ရေး

အထူးနှန်း/အထူးအစီအစဉ် ကြိုတင်လက်မှတ်များဝယ်ယူနိုင်ပါပြီ။
-တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကုလ့်၊ တမိစမ်းဂူ၊ မွေတော်ကက္ကူ(လမ်းဘုရားစုံ)
(စား၊ တည်း ငွေမှိမ်း- ၅၅၀၀၀/-) (၂၀-၂-၂၀၁၄)ရက်ထွက်မည်။
-ရခိုင်ဘုရားစုံ (စား၊ တည်း ငွေမှိမ်း- ၈၀၀၀၀/-) (၂၀-၃-၂၀၁၄)ရက်ထွက်မည်။
အမ်းမြို့၊ မင်းပြားမြို့၊ ကျိန်းတောင်ဇီဝါဓာတ်တော်ဘုရား၊ မြောက်ဦးမြို့ရှိ ဒုကန့်သိမ်၊ရှစ်သောင်းပထိုးတော်များနှင့် မာန်ဝါးပါးဘုရား၊ ပန္ဒုလကျောင်း၊ ကျောက်တော်မြို့ရှိ စန္ဒာသရိယမင်း သွန်းလောင်းတော်မူသော ဆတောင်းပြည်မဟာမြတ်မုနိဘုရား၊ ပုဏ္ဏားကျွန်းမြို့ရှိ စောမဲကျီတည်သော ဦးရှိပ်တောင်ဘုရား၊ တဝဂုဘုရား၊ စစ်တွေမြို့ရှိလောကနန္ဒာစေတ်တော်မြတ်၊ ရဲကျော်သူဘုရားကြီးနှင့်ပိုင်ပင်လယ်ကမ်းခြေသို့ ရခိုင်အစားအစာများ၊ ပင်လယ်စာများဖြင့် စားသောက်ပြီးဘုရားဖူးမြော်ရင်းဒေသန္တရလေ့လာရေးခရီးသွားကြပါစို့။ မှတ်ချက်။ ။လမ်းခရီးတွင် မည့်သည့်ကောက်ခံမှုမျိုးမှ မကောက်ခံပါ။
ကားမျိုးစုံစီးလုံးငှားခရီးစဉ်များကို ဈေးနှန်းချိုသာစွာဆောင်ရွက်ပေးပါမည်။
အမှတ်(၂၀)၊ယမုံနာလမ်းမကြီး၊ ဝါဆိုမှတ်တိုင်၊ဒေါပုံမြို့နယ်။
ဖုန်း-၀၉-၅၁၀၈၇၄၄၊ ၀၉-၂၅၀၃၅၃၄၆၁၊ ၀၉-၂၅၀၁၃၈၁၉

ဇလုပ်(၄) ဂျုံမျိုးကောင်း မျိုးသန့် အောင်မြင်ဖြစ်ထွန်း တောင်သူများအားပြသ

စစ်ကိုင်း ဖေဖော်ဝါရီ ၁၄

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးမှူးပြုလုပ်သော ဂျုံမျိုးသစ် ဇလုပ်(၄) ဂျုံမျိုးကောင်း မျိုးသန့် ဧက ၅၀ စံပြစိုက်ခင်း အောင်မြင်ဖြစ်ထွန်းနေမှုကို တောင်သူကြီးများအား ဖိတ်ခေါ်ပြသပွဲကို ဖေဖော်ဝါရီ ၈ ရက်က စစ်ကိုင်းမြို့နယ် သာဇင်ကျေးရွာတောင်သူ ဦးဘုန်းကြွယ်၏ ကွင်းအမှတ် (၅၄၈)၊ စံပြဂျုံဧက ၅၀ စိုက်ကွင်း၌ ပြုလုပ်ခဲ့သည်။

ဂျုံဧက ၅၀ စံပြစိုက်ခင်း အောင်မြင်ဖြစ်ထွန်းနေမှုကို ခရိုင်ဦးစီးဌာနမှူး ဦးအောင်ခြင့်ထွန်း၊ မြို့နယ်ဦးစီးဌာနမှူး ဦးစိုးမြတ်နှင့် ပန်တမ်းများက တောင်သူများ ဂျုံမျိုးကောင်းမျိုးသန့် စိုက်ပျိုးနိုင်ရေးအတွက် မျိုးကောင်းမျိုးသန့်ဖြစ်သော ဇလုပ်(၄) ဂျုံမှာ သာမန်ဂျုံများထက် အထွက်ကောင်းပြီး နန္ဒင်းရောဂါဒဏ်ခံနိုင်သည့် ဂျုံမျိုးဖြစ်ကြောင်း တောင်သူကြီးများအား ရှင်းလင်းပြောကြားပြီး စနစ်တကျ ရွက်ဖျန်းမြေဩဇာပက်ဖျန်းမှုကို ပြသခဲ့သည်။

ဇလုပ်(၄) ဂျုံမျိုးသန့်ကို စစ်ကိုင်းမြို့နယ် ကျေးရွာအုပ်စု ၅၂ အုပ်စုတွင် ၃၄၈၁၉ ဧက စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။ သာမန်ဂျုံဖြူမျိုးသည် ရေသွင်းများလျှင် နန္ဒင်းရောဂါနှင့် ဂျုံနံ့စမတ်ရောဂါများ ကျတတ်ပြီး လက်ရှိမျိုးပွား၍ စိုက်ပျိုးတားသော ဇလုပ်(၄) ဂျုံမျိုးသည် ဂျုံဖြူမျိုး တစ်မျိုးဖြစ်ပြီး ဇလုပ်သုတေသနခြံမ မျိုးကောင်းမျိုးသန့်ပွားများယူတားသော မျိုးဖြစ်သည်။

ယမန်နှစ်က နောက်မိုးနည်းခဲ့၍ စစ်ကိုင်းတစ်မြို့နယ်လုံး ဂျုံ ၃၃၃၀၇ ဧက စိုက်ပျိုးခဲ့ပြီး ယခုနှစ်နောက်မိုးကောင်းခြင်းကြောင့် ဂျုံဧက ပိုမိုစိုက်ပျိုးနိုင်ခဲ့၍ ဆောင်းရာသီဥတုကောင်းမွန်မှုကြောင့် ဂျုံများ အထွက်ကောင်းမည်ဟု ဂျုံစိုက်တောင်သူလယ်သမားကြီးများထံမှ သိရသည်။ ယနှစ်တွင် ဂျုံတင်းပေါင်း ၆၀၀၁၉၀ ထွက်ရှိမည်ဟု ခန့်မှန်းတားပြီး ဂျုံဈေးမှာလည်း ယမန်နှစ်ထက် ဈေးပိုမိုရပြီး တစ်တင်းလျှင် ငွေကျပ် ၄၂၀၀၀ ဈေးဖြင့် ကုန်သည်များက ဝယ်ယူလျက်ရှိ၍ ဂျုံစိုက်တောင်သူကြီးများ ဝင်ငွေကောင်း၍ မိသားစုစားဝတ်နေရေး အဆင်ပြေလျက်ရှိကြောင်းသိရသည်။

ထွေးမြင့်နိုင်(စစ်ကိုင်း)

ဝန့်ဝေါ-ကလေးရထားလမ်းပိုင်းမှာ လွန်ခဲ့သည့်နှစ် ၂၀ ကျော်ကာလက ဆောက်လုပ်ခဲ့ခြင်းဖြစ်၍ အဆိုပါရထားလမ်းအား ဝန့်ဝေါမြို့နယ်အပိုင်းတွင် အဆင့်မြှင့်ပြုပြင်လျက်ရှိရာ သစ်သားဇလီဖားတုံး ခြောက်တုံးလျှင် ကွန်ကရစ်ဇလီဖားတုံး တစ်တုံးနှုန်းဖြင့် တပ်ဆင်လဲလှယ်ပေးလျက်ရှိရာ ကွန်ကရစ်ဇလီဖားတုံး ၃၀၀၀ခန့် လဲလှယ်ပေးခဲ့ပြီး နောက်ထပ်လည်း ကွန်ကရစ်ဇလီဖားတုံး ၅၀၀၀ကိုလည်း လဲလှယ်ပေးသွားမည်ဖြစ်သည်။ ထို့ပြင် အဆိုပါ လမ်းပိုင်း မောက်ချောင်းအတက်၊ ဗောဓိကုန်းအတက်၊ မင်းဝံကုန်းအတက်နေရာများ၌ ဆင်ခြေလျှောဖြေလျှော့မှုများနှင့် ရေရှင်မကုန်တွင် TUNNEL SHAPE လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။ လုပ်ငန်းများ ပြီးစီးသွားပါက ဝန့်ဝေါ-ကလေးရထားလမ်းပိုင်းတွင် ရထားဖြင့် ဆက်သွယ်သွားလာမှု ချောမွေ့သွားမည်ဖြစ်သည်။ သတင်းနှင့်ဓာတ်ပုံ- ကျော်သန်းဆွေ

(၆၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မုံရွာ၌ မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပြိုင်ပွဲကျင်းပ

မုံရွာ ဖေဖော်ဝါရီ ၁၄

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ တိုင်းဒေသကြီးအားကစားကွင်းရှိ မြန်မာ့ရိုးရာ ခြင်းလုံးအားကစားရုံ၌ (၆၇)နှစ်မြောက် ပြည်တောင်စုနေ့ အထိမ်းအမှတ် မြန်မာ့ရိုးရာခြင်းလုံး ခတ်ပြိုင်ပွဲကို ဖေဖော်ဝါရီလ ၁၀ ရက် နံနက် ၁ပနာရီက ကျင်းပရာ မုံရွာမြို့နယ်အတွင်းမှ အသင်း ငါးသင်း တိုပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

အဆိုပါ မြန်မာ့ရိုးရာခြင်းလုံးခတ် ပြိုင်ပွဲကျင်းပရခြင်းနှင့်ပတ်သက်ပြီး ပြီးခဲ့သောနှစ်များက ခြင်းလုံးအလှပြ ခတ်ခြင်းကို ဖျော်ဖြေရေးအစ်အစဉ် အဖြစ်ကျင်းပခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲကို ယခုနှစ်မှ စတင် ကျင်းပခြင်းဖြစ်ကြောင်း၊ ရိုးရာလေးလုံးပေါက် တန်းပြိုင်ပွဲနှင့် ဆီးဂိမ်း(အခြေခံအထိ(၆) ချက်)ပြိုင်ပွဲ့ စသည်ဖြင့် နှစ်မျိုးခွဲကျင်းပမည်ဖြစ်ကြောင်း၊ မြန်မာ့ရိုးရာခြင်းလုံး အားကစားဆပ်ကော်မတီ အတွင်းရေးမှူး ဦးမြင့်ဇော်က ပြောကြားသည်။

ပြိုင်ပွဲကျင်းပပုံနှင့် ပတ်သက်ပြီး ရိုးရာလေးလုံးပေါက်ပြိုင်ပွဲတွင် မန္တလာ (ဘယ်/ညာ) ငါးမိနစ်၊ ခေတ်ဆန်းခြင်းမျိုးတူ ငါးမိနစ်၊ ခြင်းကြီးဘယ်ညာစုံ ငါးမိနစ်၊ ခြင်းကြီးမျိုးတူ ငါးမိနစ်၊ ခြင်းကြီးမျိုးကွဲ ငါးမိနစ်၊ ခြင်းကြီးအတွဲ ငါးမိနစ်ဟူ၍ စုစုပေါင်း မိနစ် ၃၀ ဖြင့်လည်းကောင်း၊ ဆီးဂိမ်း (အခြေခံအထိ ၆ ချက်)ပြိုင်ပွဲတွင် ဆီးဂိမ်းအခြေခံ အထိ ၆ ချက်အတွဲ ၁ပမိနစ်၊ ဆီးဂိမ်းအခြေခံအထိ(၆)ချက်မျိုးတူ (၁၀)မိနစ် (Event Two) ဆီးဂိမ်းအခြေခံ အတ်(၆)ချက်မျိုးကွဲ (၁၀)မိနစ် စုစုပေါင်း မိနစ် ၃ပတို့ကို ပြိုင်ပွဲပင် အသင်းတိုင်း ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း၊ အဆိုပါပြိုင်ပွဲများကို ဖေဖော်ပါရီလ၁ပ ရက်မှ ၁၂ ရက်အထိ နေစဉ်နံနက် ၁၀ နာရီမှ ညနေ ၄နာရီထိ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ညပိုင်းထွင်လည်း ခြင်းလုံးအလှခတ် ဖျော်ဖြေပွဲများအဖြစ် မန္တလေးမြို့မှ ကိုဇော်ထွန်းအောင်၊ ကိုနေအောင်သူ၊ မပင်းပင်းမော်၊ ကိုပြည့်ဖြိုးကျော်၊ မကေကေလှိုင်နှင့် မမိုးခြင့်ကြီယ် ခြင်းလုံးအဖွဲ့များနှင့် မုံရွာမြို့ပေါ်ရှိ ကလပ် ၁၉ သင်းတို့ပူးပေါင်းပြီး ဖျော်ဖြေပေးသွားမည်ဖြစ်ကြောင်း ဖြစ်သည်။

ဖိုးချမ်း-မုံရွာ

သတင်းတို

ကျေးလက်လမ်းခင်း လုပ်ငန်းဆောင်ရွက်

အင်ဂုပ္ပ ဖေဖော်ဝါရီ ၁၄

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးပန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၁၃- ၂၀၁၄ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် ဧရာဝတီတိုင်းဒေသကြီး အင်ဂုပ္ပမြို့နယ် အင်ဂုပ္ပ - ဘဲပြာလမ်း ကျောက်ချောခင်းခြင်း လုပ်ငန်း ခွင်သို့ ခရိုင်ဦးစီးမှူးဦးအောင်သက်ရည်နှင့် မြို့နယ်ဦးစီးမှူး ဦးဇင်လင်းထွန်းနှင့်အဖွဲ့က ဖေဖော်ပါရီ ၁၂ ရက်က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ခဲ့ပြီး လမ်းအရှည် ခြောက်မိုင် လေးဖာလုံ ကျောက်ချောခင်းခြင်းလုပ်ငန်းကို ခွင့်ပြုငွေကျပ် ၄၃၆ ဒသမ ၆၂၅ သန်းဖြင့် ဇာတိသား ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်သည်။

ဝင်းမိုလ်(ပြန်/ဆက်)

အဘိဓမ္မာသင်တန်း ဆင်းပွဲ ကျင်းပ

မိတ္ထီလာ ဖေဖော်ဝါရီ ၁၄

မိတ္ထီလာမြို့ ဓမ္မရိပ်သာအဘိဓမ္မာ သင်တန်းကျောင်းဆင်းပွဲကို ဖေဖော်ပါရီ ၉ ရက်က မြို့မ (၄) ရပ်ကွက် သာသနာ့ဗိမာန်၌ ကျင်းပရာ ဥက္ကဋ္ဌ ဦးစိုးမြင့်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် သင်တန်းထွင် ဂုဏ်ထူးအောင်နှစ်ဦး၊ ဝိသုဒ္ဓိမင်္ဂလာလေးဦး၊ ရိုးရိုးအောင် ၂၄ ဦးတို့အား ဂုဏ်ပြုလက်မှတ်များ ချီးမြင့်ခဲ့သည်။ အဘိဓမ္မာသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၃၀ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကို တစ်ပတ်တစ်ခါ အခမဲ့ဖွင့်လှစ်ခဲ့ခြင်း ဖြစ်သည်။ အဘိဓမ္မာသင် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အေးက အလှူငွေကျပ် ၅၀၀၀၀ လှူဒါန်းခဲ့သည်။ သင်တန်းဆင်းပွဲတွင် ဆုရကျောင်းသား နှစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

(၁၁၁)

(၆၆)နှစ်မြောက် ချင်းအမျိုးသားနေ့ တက်ရောက်ပေးပါရန် ဖိတ်ကြားခြင်း

၂၀-၂-၂၀၁၄ရက်တွင် ကျရောက်မည့် (၆၆)နှစ်မြောက်ချင်းအမျိုးသားနေ့ကို နေပြည်တော် ရှိ ချင်းအမျိုးသားနေ့ ကျင်းပရေးကော်မတီမှကြီးမှူး၍ အောက်ပါအတိုင်း ကျင်းပပြုလုပ်သွားမည် ဖြစ်ပါသဖြင့် ကြွရောက်ချီးမြှင့်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက် - ၂၀-၂-၂၀၁၄ရက်

ကျင်းပမည့်အချိန် - ၁၈း၀၀နာရီမှ ၂၃း၀၀နာရီထိ

ကျင်းပမည့်နေရာ - မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(MICC)၊ နေပြည်တော်

ပွဲကျင်းပရေးအတွက် အလှူငွေထည့်ဝင်လိုသူများ အောက်ပါလိပ်စာများသို့ ထည့်ဝင်နိုင်ပါသည်။

ဦးစိုးထက်(၀၉-၈၆၂၀၈၅၀) ဦးလိုင်ဒိန်း(၀၉-၄၄၈၅၃၅၀၉၀)

ဦးဝင်းစိုးဦး(၀၉-၄၄၈၅၄၈၇၅၈) ဦးပါဆီး(၀၉-၄၄၈၅၃၄၁၇၄)

ဦးမောင်ထွန်း(၀၉-၄၃၀၇၈၈၃၀) ချင်းအမျိုးသားနေ့ကျင်းပရေးကော်မတီ၊ နေပြည်တော်

ရောင်းမည်

